# လယ်မြွင်ကျောင်းတိုက်သမိုင်း
# သုံးချက်ညီရတုပိုဒ်စုံ

·၃
၀

၁ ၅ ၅ ၈ ၂

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာထွား(ဧလင်း)၏ ရတုပိုဒ်စုံ | |
| ၂။ | အညွန်းနိဒါန်းစကား | |
| ၃။ | ဗုဒ္ဓဂုဏ်တော်ဖွင့် ဘုရားရှိခိုး | |
| ၄။ | ဓမ္မဂုဏ်တော်ဖွင့် တရားရှိခိုး | |
| ၅။ | သံဃာဂုဏ်တော်ဖွင့် သံဃာရှိခိုး | |
| ၆။ | တရားပျိုး လက်ပကန်ရွာ ခြသေ့်ဦးရွာ | ၂၃ |
| ၇။ | အောင်အရဟံဂုဏ်တော် | ၂၇ |
| ၈။ | မဟာစည်ထေရ်ရဂုဏာထောမနာဝန္ဒနာ | ၂၈ |
| ၉။ | အမြတ်ဆုံးမင်္ဂလာ | ၃၁ |
| ၁၀။ | ဒါနခြံရံသော သမထ ဝိပဿနာ | ၃၄ |
| ၁၁။ | သုတ်,ဝိနည်း, အဘိဓမ္မာ ‘ဒါနပစ္စည်း’အဖြာဖြာ | ၃၅ |
| ၁၂။ | သာသနာသုံးမျိုးရှင်းလင်းချက် | ၄၀ |
| ၁၃။ | လူ့ပြည်မှာလို နတ်ပြည်မှာပေကပ်နေလို့မရဘူး | ၄၇ |
| ၁၄။ | ညောင်စေ့လောက်လူညောင်ပင်ကြီးမျှအကျိုးရ | ၄၈ |
| ၁၅။ | ကံကိုမယုံ ဘုရားသူဇာဖြစ်အင်တွေးဆင်ခြင် | ၅၂ |
| ၁၆။ | အိမ်ဖြူတော် အိမ်နီတော် | ၅၈ |
| ၁၇။ | ကာလဒါန | ၆၄ |
| ၈။ | မကွေးမြို့ မြသလွန်ဘုရားဖူးထဦး | ၆၅ |
| ၉။ | ရန်သူမျိုးငါးပါးကင်းအောင်လှူနည်း | ၆၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၀။ ဒါနအကျိုးများကို ကိုယ်တိုင်သိနေသော သီဟဗိုလ်ချုပ်ကြီး ၃၃
၂၁။ ပြည်မြို့ ပဋ္ဌမသာသနာ့ဒီပါဂုံဆရာတော် ၃၈
ဘုရားကြီးနှင့် ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီး ဩဝါဒ ၃၉
၂၂။ အလှူရှင်မသေခင်ရနိုင်သော ဒါနအကျိုးများ ၃၉
၂၃။ သေပြီး နောက်ဘဝများမှာရနိုင်သော ဒါနအကျိုးများ ၈၂
၂၄။ ပထဝီဓာတ်ချည်းပါပဲ မာနမကြီးပါနှင့် ၈၆
၂၅။ စာမေးပွဲအောင်တယ်မြေးတို့ရဲ့ ၈၇
၂၆။ ဒါနက အလှူရှင်လိုရာကိုပေးနိုင်တယ် ၉၁
၂၇။ ရဟန္တာဖြစ်တော့အတူတူ ၉၄
၂၈။ အရိယာသန်းငါးဆယ်တို့ရဲ့ နေ့စဉ်အလုပ်က အလှူလုပ် တရားတော်နာယူ အားထုတ် နှစ်မျိုးသာ ၉၆
၂၉။ ဝိသုဒ္ဓိနှင့် ဥာဏ်စဉ်တက်ပုံ အားထုတ်ပုံ ၁၀၆
၃၀။ သာသနာတရားတော်နိဂုံး ၁၀၇
၃၁။ ရေစက်ချ အခန်းအနားသိမ်း ၁၀၈

# လယ်ပြင် ကျောင်းတိုက် သမိုင်း

## သုံး ချက် ညီ ရတု ပိုဒ် စုံ

✤✤✤✤

၁၃၄၂-ခု တပေါင်းလပြည့်ကျော် (၃) ရက် တနင်္လာနေ့လည် (၁) နာရီ (၁၀) မိနစ် အချိန် စလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက် အုတ်တိုက်ကျောင်း ရေစက်ချလှူဒါန်း ပူဇော်ပွဲ အတွက် ဆရာထွား ရေးသား ဖတ်ကြား ပူဇော်သော မင်္ဂလာ သြဘာစာ။

## သုံး ချက် ညီ ရတု ပိုဒ် စုံ

(၁) ဇေယျာ ရွှေမြေ ပေါ်ထွန်းပေသား မှော်ဝေသန့်ရှင်း မြို့ရွှေလင်းတွင် ပေါင်ပင်ဇင်းမည် ရပ်ထူးလည်ဝယ် ဂုဏ်ရည်ပြည့်လျှောင်း မြတ်သူကောင်းဟု ဆင့်လောင်းသဒ္ဓါ ပက်သန်ပါသော ရတနာထိန်ငြိမ်း ဦးလူကြီးနှင့် ဇနီးနှဲ့နှောင်း ဒေါ်ဒေါ်ကောင်းတို့ ဆုတောင်းနိဗ္ဗာန် ရည်စိတ်သန်လျက် မိဋ္ဌာန်ပြုပြီး လယ်ကွင်းကြီးကို အံ့ချီးဘွယ်ရာ ညီညွတ်စွာဖြင့် သေနာသန ဝိဟာရမှာ သုံးရာခြောက်ဆယ် နှလုံးကယ်သား မြေဝယ်စိုက်လေ တိုင်ပေါင်းရေနှင့် ထွေထွေရံပတ် ကျောင်း

# လယ်ပြင်ကျောင်းတိုက်သမိုင်း

တော်မြတ်ကို ပညတ်ဝေါဟာ ရောက်ကောဇာသည် တစ်ထောင်နှစ်ရာဖြစ် သုံးဆဲ့နှစ်၌ ငွေစစ်ချင်တွယ် တင်းနှစ်ဆယ်ဖြင့် ဝင်ကြယ်လှစွာ ကုန်ကျပါ၍ ဒက္ခိဏာရာမ အမည်ရလျက် တဝထွန်းပေါင် တောင်ဘက်ဆောင်ကို တည်ထောင်ဆက်လက်ကြွပ်းဖြင်ယှက်လျက် ဦးချက်ဒေါ်ညှံ့ တူမောင်နှံ့တို့ မွန်းမံကြခြင်း ငွေငါးတင်းဖြင့် သန့်ရှင်းဒါန လှူဒါန်းကြ၍ သာသနဂုဏ်ပေါင်း လယ်ပြင်ကျောင်းသည် ထေရ်ကောင်း တေဇာတောက်ပေသော်....။

(၂) တေဇာယွေ့တွေ့ တောက်ထွန်းဝေသား ကြက်သရေခြောင်း မြတ်ရွှေကျောင်းကို ထေရ်ကောင်းမဟာ ဦးပညာသီဟာ ဘွဲ့မည်သလျက် တဝကျော်ခဲ့ စာတော်လွှဲဟု ဖွဲ့နွဲ့လင်္ကာတတ်ကျွမ်းစွာနှင့် ကျမ်းစာစုံဘိ မြတ်ကဝိအား အာဒိပဌမလှူပြီးမှလျှင် ဒုတိယမှာ ဦးမေဓာက သာသနလူလူ တန်ခွန်ထူခဲ့ ဝှန်ဆူဖြိုးမောက် သုံးဆက်မြောက်မှာ ထွန်းပေါက်ပေါ်လှာ ဘုန်းသမ္ဘာနှင့် ပညာပဏ္ဍိ သိက္ခာရှိသည့် ဦးတိလောကနတ်ယံကြွသော် ဦးကုသလ ဦးကောဏ္ဍည တူတကွဖြင့် မျှတစံရာ မြင့်ရှည်ကြာလျှင် ထောင်သုံးရာဖြိုး နှစ်ဆဲ့ကိုးတွင် ကံဆိုးစုပေါင်း တဖြောင်းဖြောင်းနှင့် ထောင်းထောင်းထိန်ငြီးလောင်သည့်မီးကြောင့် အပြီးဆက်ခါ ကူးစက်လာ၍ ကြေကာပျက်ရှောင်း ပြာသို့ပြောင်းသည် ဤကျောင်း မြေမှာပျောက်လေသော်....။

(၃) ဝေဆာပေစေ ရည်ညွှန်းလေ၍ အခြေနောက်ဆက်ပေါက်ပေါက်အောင် ထိန်လက် သာသနာ တည်စေ ငှာဟု

# လယ်ပြင်ကျောင်းတိုက်သမိုင်း

ဦးသာခိန မထေရ်လှသည် ကြည်ဆွဖြူစင် သဒ္ဒါ ရှင်လျက်
ခေါ်တွင်မြန်မာ ရောက်ကောဇာမှာ ထောင်သုံးရာမြောက်
သုံးဆယ်ခြောက်၌ မိုးရောက်တိမ်ညို ဒုဝါဆို၏ စိမ်းစိုဆန်းတက်
ဆဲ့သုံးရက်မှာ စွယ်စုံဆင်မှူး ဗုဒ္ဓဟူးတွင် ပြန့်ဖြူးရောင်လက်
နေမင်းတက်သား စက်ရှစ်နာရီ ချိန်ခါညီသည် သာပြီတမိနစ်
မြူမည်ရ်ခဲ့ ဖြူသစ်ဖွေးဖွေး တွက်ချက်ရွေး၍ ၂၄·စက္ကန့် ဂုဏ်
သင်းပြန့်တွင် ခါသန့်ကြုံကြိုက် ပန္နက်ရိုက်လျက် နှစ်ခြိုက်မနော
ပီတိဇောဖြင့် မြှိုရောနယ်ပါ ယုံကြည်စွာဖြင့် ဒါယကာ ဒါယိ
ကာမ လှူဒါန်းကြသည့် များလှပေါင်းစု ဤကောင်းမှုဖြင့်
ကြီးထုကျယ်စွာ တည်ထောင်လာ၍ ထောင်သုံးရာဖြစ် လေး
ဆယ့်နှစ်ဝယ် အသစ်ထပ်လောင်း လတပေါင်း၏ ပြည့်ကောင်း
ပေါ်တက် ကျော်သုံးရက်တွင် ရွှေဗျဿနေ့ ရန်မတွေ့ပဲ ပျော်
မွေ့စုံစိ တနာရီမှ သာပြီသုံးဆယ် မိနစ်ကယ်မှာ အံ့ဘွယ်ဖြာဖြာ
အောင်သြဘာဖြင့် မင်္ဂလာအောင်မောင်း အုတ်တိုက်ကျောင်း
ကို သောင်းသောင်းဖျဖျ ရေစက်ချ၍ အမျှရစေ များဝေနေ
တို့ မသွေထပ်လောင်း အောင်ဆုတောင်းသည် ရှည်ညောင်း
ဇေယျာမြောက်စေသော်....။

# ပေးလှူတတ်သျှင် နိဗ္ဗာန်ဝင်

## အညွန်း နိဒါန်းစကား

“နိဒါနံ နာမ ကာလညွ နဂရညွ ဒေသော စ ဘဂဝါ စ” (ဝဇီရဗုဒ္ဓိဋီကာ ၅၅၁)နှင့် အညီ နိဒါန်း ဟူသည် တစုံတရာ ဖြစ်ပေါ် လာရာဝယ် ယင်း၏အချိန်ကာလ အရပ်ဒေသ ကမ္မကာရက အမှုဆောင်ပုဂ္ဂိုလ် စသည်များကို ‘နိဒါန်း’ဟု ခေါ်ဆိုရလေ၏။

**သာဓက**

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ကုံရှုသု ဝိဟရတိ (လ) ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါ စ။

(မြန်မာ) အရှင်မဟာ ကဿပဘုရား၊ ဤ မဟာ သတိပဋ္ဌာန် သုတ်တော်ကို ဘုရားတပည့်တော် အာနန္ဒာသည် မြတ်စွာဘုရား၏ ထံတော်မှောက်မှ ဤဆိုလတံ့သော အခြင်းအရာအားဖြင့် ကောင်းစွာနာကြား မှတ်သားခဲ့ရပါသည် အရှင်ဘုရား။

# အညွှန်းနိဒါန်းစကား

အခါတပါး မြတ်ဘုရား ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးရွာကြီး၌ သီတင်းသုံးနေတော်မူခိုက် ဤမဟာသတိပဋ္ဌာန် သုတ်တော်ကို ဟောကြားတော်မူလိုသော ဘုရားမြတ်စွာက 'ချစ်သားရဟန်း များတို့'ဟု အာရုံစိုက်ရေး သတိပေးနှိုးဆော် မိန့်ခေါ်တော် မူလိုက်လျှင် ရဟန်းတော်များက 'အရှင်ဘုရား'ဟု ခွန်းတုံ့ပြန် ကြား လျှောက်ထားကြလေ၏။

ဤ သည်မှာ မဟာ သတိပဋ္ဌာန်သုတ် တရား တော် ကြီး ၏ နိဒါန်းစကားဖြစ်၏၊ ဤ 'ပေးလှူတတ်လျှင်- နိဗ္ဗာန်ဝင်'တရား တော်၏ နိဒါန်းစကားကိုလည်း မဟာ သတိပဋ္ဌာန်သုတ် တရား တော် နိဒါန်းကဲ့သို့ 'ဧဝံ မေ သုတံ'ဖြင့်ပင် နိဒါန်းချီဦးအံ့။

## ဤတရားတော် နိဒါန်း

ဧဝံ မေ သုတံ၊ ဧကံ သမယံ အာယသ္မာ စန္ဒဝရော ဂန္တကာ ရကော ဝေရိက္ခယေသု ဝိဟရတိ လှိုင်နဂရနာမ မနုဿာနံ ပုရ။ တတြခေါ အာယသ္မာစန္ဒဝရော သာဓု အာမန္တေသိ သာဓဝေါ တိ ဘဒန္တေတိ တေ သာဓု အာယသ္မတော စန္ဒဝရဿ ပစ္စဿော သုံ။ အာယသ္မာ စန္ဒဝရော ဧတဒဝေါ စ။

(မြန်မာ) အို- သူတော်ကောင်းတို့ ဤ 'ပေးလှူ တတ်လျှင် - နိဗ္ဗာန်ဝင် တရားတော်ကြီး' ဖြစ်ပေါ်လာခြင်း အကြောင်း စကား နိဒါန်းရေးသားရသော (လှိုင်မဟာစည် သာသနာ့ ရိပ် သာကြီး၏ ဒုတိယ နာယက နိုင်ငံတော် အစိုးရ၏ ခရီးသွား လက်မှတ်ရ သီရိပဝရဓမ္မာစရိယ မေမြို့ သရက် အောင်မင်္ဂလာ

# အညွှန်းနိဒါန်းစကား

အရှင်ဝါယာမာဝုဓ) အကျွန်ုပ်သည် ဤကျမ်းစာပါ အခြင်းအရာဖြင့် ကျမ်းပြုဆရာတော်၏ထံမှ ကောင်းစွာနာကြား မှတ်သားခဲ့ရပါသည်။

အခါတပါးဝယ် ဤကျမ်းပြုဆရာတော် (လှိုင်မဟာစည်သာသနာ့ရိပ်သာ ပဌမနာယကအရှင်စန္ဒဝရ)သည် ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၁-ရပ်ကွက် ယောဂီကျောင်းလမ်း (ယခင်-သာသနမာရ်အောင် ကမ္မဋ္ဌာန်းဌာန) လှိုင်မဟာစည် သာသနာ့ ရိပ်သာ၌ သီတင်းသုံးနေတော်မူပါသည်၊ ထိုအခါ ဤ 'ပေးလှူတတ်လျှင် - နိဗ္ဗာန်ဝင် တရားတော်ကြီး'ကို ဟောကြားတော်မူလိုသဖြင့် 'အို- သူတော်ကောင်းတို့'ဟု သတိလှုံ့ဆော်ခေါ်တော်မူလိုက်လျှင် သူတော်ကောင်းများက 'အရှင်ဘုရား'ဟု ခွန့်တုံ့ပြန်ကြား လျှောက်ထားကြပါသည်။

ဆရာတော်သည် ဒါနကထာစသည် အစဉ်ဖြင့် ဤတရားတော်ကြီးကို ဟောကြားတော်မူလျက် ခြောက်ဒွါရမှ ဖြစ်ပေါ်ခိုက် ရုပ်နာမ်သင်္ခါရတို့ကို နိဗ္ဗာန်ဝင်သည် တိုင်အောင် ရှုမှတ်ကျင့်သုံး အားထုတ်နည်း ပေးတော်မူပြီး တရားနိဂုံး အုပ်ဖုံးတော်မူပါသည်။

## ကရုဏာ - မေတ္တာ

'ပေးလှူတတ်လျှင်- နိဗ္ဗာန်ဝင်'ဟူသော တရားတော်အမည်ကို တွေ့လိုက်လျှင် မပေးလှူတတ်လျှင်- နိဗ္ဗာန်ကိုမဝင်နိုင် မရနိုင်ဘူးဆိုတာ အလွယ်ဆုံး သိကြပါမည်၊ နိဗ္ဗာန်သည် ဆင်းရဲ

# အညွှန်းနိဒါန်းစကား

အားလုံးကို ဆိတ်သုဉ်းငြိမ်းအေးနိုင်စွမ်း၍ ရယူသင့် ရယူထိုက်သော တရားထူး တရားမြတ်ကြီးတည်း။ ချွေးသွေး ရင်းနှီး အသက်စတေးပြီး ရှာထားရသော မိမိပိုင်ပစ္စည်းများကို နိဗ္ဗာန်ပေါက်ပေး လှူတတ်အောင် စာမျက်နှာ မကျော်ပဲ ဖတ်ရှုလေ့လာဘ်ကိုရော ကရုဏာ၊ မေတ္တာ ပြည့်ဝစွာဖြင့် နိဒါန်း ဖော်ညွှန်းတိုက်တွန်းလိုက်ပါသည်။ ကျမ်းညွှန်းအလာ ကောင်းစွာကျင့်သုံး ရှင်ငြိမ်းကျန်းမာ ချမ်းသာကြပါစေကုန် သတည်း။


**အရှင်ဝါယာမာဝုဓ**

(မေမြို့- သရက်- အောင်မင်္ဂလာ)

ဒုတိယ – နာယက

လှိုင် မဟာစည် သာသနာ့ရိပ်သာ၊

ယောဂီ ကျောင်းလမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်။

သမိုင်း ကောလိပ်စာတိုက် (၁၁၀၅၂)

ရန်ကုန်မြို့ (ဖုံး–၃၃၃၁၉)


(၃၀-၆-၀၁)။

# မုန္တဂုဏ်တော်ပွင့် ဘုရားရှိခိုး

※※※※※

ဣတိပိ သော ဘဂဝါ

= အရဟံ

= သမ္မာသမ္ဗုဒ္ဓေါ

= ဝိဇ္ဇာစရဏ သမ္ပန္နော

= သုဂတော

= လောကဝိဒူ

= အနုတ္တရော ပုရိသ ဒမ္မသာရထိ

= သတ္ထာ ဒေဝ မနုဿာနံ

= ဗုဒ္ဓေါ

= ဘဂဝါ-တိ။

၁။ (က) အရဟံ— နတ်လူပြဟ္မာကောင်းစွာဦးတိုက်ပူဇော် ထိုက်သော ဘုရား သခင်ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ ဘုရား။

(ခ) အရ-ဟံ— ကိလေသာ-ရန် တော် လှန် ချေမှုန်း တော် မူနိုင် စွမ်းသော ဘုရား သခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

# ဗုဒ္ဓဂုဏ်တော်ဖွင့် ဘုရားရှိခိုး

(ဂ) အ-ရဟံ— သူတပါးမသိအောင်မှ ကောင်းမှုပြုလုပ်ဖို့ လုံခြုံဆိတ်ကွယ်ရာ ရှိတော် မမူသော ဘုရား သခင်ကို ကြည်ညို မြတ်နိုး ရှိခိုး ပါ၏ဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ— ဉေယျဓမ် တရားတို့ကို ဖောက်ပြန်မှား ယွင်းခြင်းမရှိ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော ဘုရား သခင်ကို ကြည်ညို မြတ်နိုး ရှိခိုး ပါ၏ ဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော— ဝိဇ္ဇာအသိဉာဏ် အခြေခံအကျင့်မှန် စရဏ တရား တို့နှင့် ပြည့်စုံတော်မူသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ သုဂတော— နိဗ္ဗာန်သို့ကြွသွား (အကျိုးများမည့်စကားကိုသာ မိန့်ကြား ပြောဆို တော်မူ)တတ်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုး ပါ၏ဘုရား။

၅။ လောကဝိဒူ— လောကအကြောင်း ကောင်းစွာ သိတော်မူသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ— တုပြိုင်ဘက် ကင်းကွာ ယဉ် ကျေး အောင် ဆုံးမ တော်မူတတ်သော ဘုရား

## ဗုဒ္ဓဂုဏ်တော်ဖွင့် ဘုရားရှိခိုး

သခင်ကို ကြည်ညို မြတ်နိုး
ရှိခိုးပါ၏ဘုရား။

၇။ သတ္ထာ ဒေဝမနုဿာနံ— နတ်လူတို့၏ ဆရာအရှင် ဘုရား သခင်ကို ကြည်ညိုမြတ်နိုး ရှိခိုး ပါ၏ဘုရား။

၈။ ဗုဒ္ဓေါ— သစ္စာအမှန်ကို ကိုယ်တော်တိုင် သိတော်မူပြီးမှ သတ္တဝါအများ ချမ်းသာ ပွားအောင် ဟော ကြားသိစေတော် မူတတ်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

## ဣဿရိယ - ဘုန်းတော်ရှစ်ပါး

က— မိမိ၏ ပကတိကိုယ်တော်ကို အနုမြူ သဘွယ် လွန်သေး ငယ်၍ မမြင်တွေ့အောင် ဖန်ဆင်းတော် မူနိုင်သော 'အဏိမာ' ဘုန်းတော်။

ခ— စိတ်မြန်သည့်နှယ် ကောင်းကင်လယ် အာကာယံ၌ ဈာန် ပျံကြွသွားတော်မူနိုင်သော 'လဃိမာ' ဘုန်းတော်။

ဂ— တိုင်းတာမရ အဆများစွာမိမိ၏ ပကတိကိုယ်တော်ထက် ကြီးမားအောင် ဖန်ဆင်းတော် မူနိုင်သော 'မဟိမာ' ဘုန်းတော်။

ဃ— ထိုထိုအရပ်ဒေသသို့ အဆီးအတားမရှိ တခဏချင်း ကြွ တော်မူနိုင်သော 'ပတ္တိ' ဘုန်းတော်။

# ဗုဒ္ဓဂုဏ်တော်ဖွင့် ဘုရားရှိခိုး

၄— မျိုးတူမျိုးခြား အစားစား ပုံသဏ္ဍာန်ကို အလျင်အမြန် စီမံဖန်ဆင်းတော်မူနိုင်သော 'ပါကမ္မ'ဘုန်းတော်။

၅— လှူပြည်နတ်ရွာ မင်းတကာနှင့် ကိုယ်တော်၏ စိတ်ကိုပါ ပိုင်နိုင်အုပ်စိုး လွှမ်းမိုးနိုင်သော 'ဣသိတာ'ဘုန်းတော်။

၆— အလိုရှိတိုင်း မဆိုင်းမြန်စွာ အဘိဉာဏ် ဈာန်ချမ်းသာကို ဝင်စံခံစားတော် မူနိုင်သော 'ဝသိတာ'ဘုန်းတော်။

၇— ကိစ္စအမှု ပြုလုပ်ဆဲတွင် ပြီးစီးချင်က မြန်စွာမသွေ ပြီးစီးစေနိုင်သော 'ယတ္ထကာမာဝသာယိတာ' ဘုန်းတော်။

၉။ ဘဂဝါ— ဤဘုန်းရှစ်ဖော် ဖြစ်ပေါ်လာအောင် စိတ်တော်ကို အစိုးရသော 'ဣဿရိယ'ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

ဘဂဝါ— မဂ်ဖိုလ်နိဗ္ဗာန် အဘိုးတန်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံတော် မူသော 'ဓမ္မ' ဘုန်းတော်ရှင် ဘုရား သခင်ကို ကြည်ညို မြတ်နိုး ရှိခိုး ပါ၏ ဘုရား။

ဘဂဝါ— ဟုတ်မှန်တိုင်းသာ ကောင်းစွာ ကျော်ကြား ပရိသတ် အခြွေအရံ ပေါများသော 'ယသ' ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ဘုရား။

ဘဂဝါ— ဖူးမြှော်မဝ အလှဂုဏ်အင် ပြည့်စုံလင်သော 'သိရီ'ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ဘုရား။

## ဓမ္မဂုဏ်တော်ဖွင့် တရားရှိခိုး

ဘဂဝါ— သုတကာနှင့်မတူ ကြီးတူလုံ့လ ဝီရိယဂုဏ် ပြည့်စုံလင်သော 'ပယတ္တ' ဘုန်းတော်ရှင် ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

# ဓမ္မဂုဏ်တော်ဖွင့် တရားရှိခိုး

= သွာက္ခာတော
(ဘဂဝတာ ဓမ္မော)
= သန္ဒိဋ္ဌိကော
= အကာလိကော
= ဧဟိ ပဿိကော
= ဩပနေယျိကော
= ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-တိ။

၁။ သွာက္ခာတော— ကျင့်ကြံသူများ ချမ်းသာပွားအောင် ဘုရားဘဂဝါ ကောင်းစွာဟောကြား 'မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ပရိယတ်' တရားတော်မြတ်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

၂။ သန္ဒိဋ္ဌိကော— ကိုယ်တိုင်ကျင့်သုံး ကိုယ်တွေ့နှုန်းဖြင့် ရှင်ပြုံးနှစ်ခြိုက် ကိုယ်တိုင်ပင် သိထိုက်ပါသော 'မဂ်ဖိုလ်နိဗ္ဗာန်' တရားမှန်ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ အကာလိကော— တစက္ကန့်မျှ မငံ့ရပဲ တဆက်ထဲမှာ ဖိုလ်ချမ်းသာကို မြန်စွာ ပေးတတ် ပါသော 'မဂ်ဉာဏ်' လေးပါး တရားတော်မြတ်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ ဧဟိပဿိကော— အမှန်ထင်ရှား ရှိသည် များကြောင့် လာကြစမ်းပါ အားထုတ် ကြည့်ပါ ရှုကြည့်ပါနော် ဖိတ်ခေါ် စည်းရုံးထိုက်ပါသော 'မဂ်ဖိုလ်နိဗ္ဗာန်' တရားမှန်ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ဘုရား။

၅။ ဩပနေယျိကော— ဆင်းရဲသွယ်သွယ် ပျောက်ကွယ်စေတတ် စွမ်းရည် မြတ်ကြောင့် ကိုယ်ထဲစိတ်မှာ ကောင်းစွာ တည်အောင်ကျင့် ဆောင် သိမ်း ထား ထိုက်ပါသော 'မဂ်ဖိုလ်နိဗ္ဗာန်' တရားမှန်ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ ဘုရား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ— ပုထုဇဉ်မပါ အရိယာပုဂ္ဂိုလ်မြတ် တို့ သာ အသီး သီး ခံစား နိုင် ခွင့် ရှိ ပါ သော 'မဂ်ဖိုလ် နိဗ္ဗာန်' တရားမှန်ကို ကြည်ညို မြတ်နိုး ရှိခိုးပါ၏ ဘုရား။

# သံဃာဂုဏ်တော်အဖွင့် သံဃာ့ရှိခိုး

= သုပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော၊

= ဥဇုပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော၊

= ဉာယပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော၊

= သာမီစိပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ
ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော
သာဝကသံဃော၊

= အာဟုနေယျော
= ပါဟုနေယျော
= ဒက္ခိဏေယျော
= အဉ္ဇလိကရဏီယော
= အနုတ္တရံ ပုညခေတ္တံ လောကဿာ—တိ။

၁။ သုပ္ပဋိပန္နော—သီလ သမာဓိ ပညာ သိက္ခာသုံးဆင့် မြင့်
ထက်မြင့်အောင် ကောင်းစွာကျင့်တော်မူ

## သံဃဂုဏ်တော်ဖွင့် သံဃာ့ရှိခိုး

ပါသော ရဟန်းမြတ်အပေါင်း သံဃာ
တော်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ ဉဇုပ္ပဋိပန္နော—ဟန်ဆောင်လိမ်ညာခြင်း အလျင်း မရှိပဲ
ဖြောင့်မတ်စွာကျင့်တော်မူပါသော ရဟန်း
မြတ်အပေါင်း သံဃာတော်ကို ကြည်ညို
မြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ ဉာယပ္ပဋိပန္နော-နိဗ္ဗာန်ရအောင် ကျင့် တော် မူ ပါသော
ရဟန်းမြတ်အပေါင်း သံ ဃာ တော် ကို
ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ သာမိစိပ္ပဋိပန္နော—ခရီးဦးကြို အရိုအသေပေး အလေးပြု
ရန် ထိုက်တန်အောင် ကျင့်တော်မူပါ
သော ရဟန်းမြတ်အပေါင်း သံဃာ
တော်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏
ဘုရား။

၅။ အာဟုနေယျော—အဝေးခရီး အဝေးကြီးမှ ယူဆောင်
လာသော ပစ္စည်းများကို ပေးလှူပူဇော်
ထိုက် အလှူခံယူတော်မူထိုက်ပါသော
ရဟန်းမြတ်အပေါင်း သံဃာတော်ကို
ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၆။ ပါဟုနေယျော —မိတ်ကောင်း ဆွေကောင်း ဧည့် သည်
ကောင်းတို့အတွက် အထူးပြု စီမံ ထား
သော စားသောက်ဖွယ်ပစ္စည်းများကို
သော်လည်း ပေးလှူပူဇော်ထိုက် အလှူခံ

ယူတော်မူထိုက်ပါသော ရဟန်းမြတ်
အပေါင်း သံဃာတော်ကို ကြည်ညို
မြတ်နိုး ရှိခိုးပါ၏ဘုရား။

၇။ ဒက္ခိဏေယျော = တမလွန်နောင်ရေး ချမ်းသာအေးဘို့ မြော်တွေး ပေးလှူလာသော ပစ္စည်းများကိုလည်း အလှူခံယူတော်မူထိုက်ပါသော ရဟန်းမြတ်အပေါင်း သံဃာတော်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၈။ အဉ္ဇလိကရဏီယော – အန္တရာယ်ဆိုး နှိမ်ပယ်ချိုး၍ ချမ်းသာကောင်းကျိုး ပွားတိုးစေမည် ယုံကြည်မြော်ကိုးလျက် လက်အုပ်ချီမိုး ရှိခိုးထိုက်ပါသော ရဟန်းမြတ်အပေါင်း သံဃာတော်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ– ကုသိုလ်မျိုးကို စိုက်ပျိုးဘို့ရာ သဒ္ဒါပွားထူ နတ်လူအများ၏ အကောင်းဆုံးလယ်ယာမြေ ဖြစ်တော်မူပါသော ရဟန်းမြတ်အပေါင်း သံဃာတော်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

# အမှာ


ဤဗုဒ္ဓဂုဏ်တော်(၉)ပါး ဘုရားရှိခိုးကိုလည်းကောင်း၊ ဓမ္မဂုဏ်တော်(၆)ပါးတရားရှိခိုးကိုလည်းကောင်း၊ သံဃဂုဏ်တော်(၉)ပါး သံဃာရှိခိုးကိုလည်းကောင်း အရကျက်ကာ နှုတ်တက်အာဂုံဆောင်ထားရပါမည်၊ တည်ခြင်း (ထိုင်ခြင်း) ငါးပါးတို့ဖြင့် ရှိခိုးကန်တော့ရာ၌ အသုံးချရပါမည်၊ သီးခြားအချိန်ယူ၍လည်း ၅-မိနစ် ၁၀-မိနစ်စသည် ကြာရှည် စိတ်ဖြင့် ရွတ်ပွားရပါမည်။

ဗုဒ္ဓဂုဏ်တော်ကို ပွားစေခြင်းသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ ဓမ္မဂုဏ်တော်ကို ပွားစေခြင်းသည် ဓမ္မာနုဿတိကမ္မဋ္ဌာန်း၊ သံဃဂုဏ်တော်ကို ပွားစေခြင်းသည် သံဃာနုဿတိကမ္မဋ္ဌာန်းမည်၏၊ သမထကမ္မဋ္ဌာန်းတို့သာတည်း။ ယင်း သမထကမ္မဋ္ဌာန်းအလုပ်ကို ပွားများအားထုတ်ခြင်းကြောင့် သေပြီး

## အမှာ

နောက်၌ လူတို့ဘုံ နတ်တို့ဘုံသို့ ရောက်နိုင်မည်၊ အပ္ပနာစျာန် ရောက်အောင် မေတ္တာစသော အခြားကမ္မဋ္ဌာန်းသို့ ဆက်ကူး လျှင် ဗြဟ္မပြည်ရောက်မည်၊ သတိပဋ္ဌာန်ဝိပဿနာဘက်ဆက်လျှင် နိဗ္ဗာန်သို့တိုင် ရောက်နိုင်၏၊ မသေမီခင် ယခုလက်ငင်း ဘယ်လို ကောင်းကျိုးများကို ရနိုင်ပါသနည်း၊ ဤမေးခွန်း၏အဖြေမှန် ကို ကိုယ်တိုင်အားထုတ်ကြည့်ပါလျှင်ကောန်ပင်သိရပါလိမ့်မည်။

လှိုင်မဟာစည်ဆရာတော်



# ပေးလှူတတ်ချင် နိဗ္ဗာန်ဝင်
# တရားတော်ကြီး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

✲✲✲

## တရားပျိုး

မကွေးတိုင်း စလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ညီတော်အရှင်သာမိန ပင့်လျှောက်စီစဉ်ချက်အရ တပေါင်းလပြည့်နေ့ညနေ ၅-နာရီ အောရာအရှေ့မော်တော်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခဲ့ပါတယ်၊ လပြည့်ကျော်(၁)ရက် အရုဏ်ဆွမ်းကို မကွေးမြို့ ဈေးမြောက်ဘက်ကန်သာရပ် အိမ်အမှတ် (စီ-၃၇၃) ဦးဘစန်း-ဒေါ်မြနှစ်မိသားစုက ဆက်ကပ်တယ်၊

ဦးအေးချို-ဒေါ်တင်ရွှေတို့၏ ပရိက္ခရာတိုက်ကို ခံယူဝင်ပြီး သူကောင်းကြီးမောင်ဖုန်းစိုးအစီအစဉ်ဖြင့် ရောဝတီကိုကူးပြီး မင်းဘူးမြို့ကိုရောက်ပါတယ်၊ ဗိုလ်ချုပ်လမ်း (ဗလီအနီး) တိုက်အမှတ်(၃၅)ဦးရာမြင့်-ဒေါ်နီ၊ ကိုအောင်ဝင်း-မသွင်သွင်စန်းတို့၏ မုန့်ကော်ဖီစသော ဒါနပစ္စည်းများကိုဘုန်းပေးအနားယူပြီး ညီတော် အရှင်သာဓိနနှင့်အတူ ဦးညီညီမောင်းနှင်သော မော်တော်ယာဉ်ဖြင့် စလင်းမြို့ဘက်ကို ဦးတည်ထွက်ခဲ့ပါတယ်၊ မနက်ပိုင်းစလင်းမြို့ကို မရောက်သေးပါဘူး။

ဦးမောင်ကြီး-ဒေါ်လှကွန့်၊ သား ကိုတင်မောင်တို့၏ ရှင်ပြုမင်္ဂလာပွဲကျင်းပရာ လက်ပကန်ရွာကို ဝင်ပြီး နေ့လည်ဆွမ်းဘုန်းပေး အနုမောဒနာတရား ဟောကြားခဲ့ရပါသေးတယ်၊ ညနေမှ စလင်းမြို့ကိုရောက်ပါတယ်၊ ညဘက်မှာ ဒီ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီးအတွင်း ဒီ မင်္ဂလာမဏ္ဍပ်ပလ္လင်မြင့်မှာ ပထမညအဖြစ် "ဝိပဿနာရှုမှတ်ကာ ကောင်းစွာဆင်းရဲကုန်စေသင့်" တရားတော်ကြီးကို ဟောရပါတယ်။

တပေါင်းလပြည့်ကျော် (၂)ရက် နေ့လည်ဆွမ်းကိုခြံသေ့ဦးရွာ ဦးမှဲ့-ဒေါ်မြကြည်တို့၏သား ရှင်ပြုအလှူမင်္ဂလာပွဲမှာ ဘုဉ်းပေးပြီး အနုမောဒနာတရားလဲဟောရပါတယ်၊ ညကျတော့ ဒီ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီးအတွင်း ဒီ မင်္ဂလာမဏ္ဍပ်ပလ္လင်မြင့်မှာပဲ "မဟာစည် မဟာသတိပဋ္ဌာန် ဝိပဿနာသမိုင်းသရုပ်ဖော်" တရားတော်ကြီးကို ဟောပါတယ်။

## ပေးလှူတတ်လျှင် နိဗ္ဗာန်ဝင်

အင်း....ဒီနေ့ ၁၃၄၂-ခု၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ ခရစ် ၁၉၈၁-ခု၊ မတ်လ(၂၃)ရက်၊ တနင်္လာနေ့ပါ၊ သဒ္ဓါဖြူစင် ဥာဏ်အမြင်သန့်ရှင်းကြတဲ့ သူတော်ကောင်းတွေ စုပေါင်းပြီး ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီးအတွင်း မှာ တည်ဆောက်ထားတဲ့ မင်္ဂလာအုတ်ကျောင်းတော်ကြီးကို ရေစက်သွန်ချ လှူဒါန်းပွဲမှာ ဝမ်းမြောက်ဘွယ် အနုမောဒနာ တရားဟောရမယ်။

## သမိုင်းအကျဉ်းချုပ်

ဒီ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်တော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၃၂-ခုနှစ်မှာ စလင်းမြို့ သူကောင်းဦးလူကြီး သူကောင်းမမယ်ကောင်းမိသားစုတို့က ရုပ်စုံ ရုပ်လုံးရုပ်ကြွ တို့ဖြင့်ကြီးကျယ်ခန်းနား ဆန်းပြားစွာဆောက်လုပ်ပြီး မင်းကြီး ဆရာခေါ် ဆရာတော်ဦးလှ (ဦးပညာသီဟ)အား တင်လှူ ကိုးကွယ်ခဲ့ကြပါတယ်။

၁၃၂၉-ခု၊ တန်ခူးလဆန်း(၁၀)ရက်၊(၁၉-၄-၆၇) ဗုဒ္ဓဟူးနေ့၊ စလင်းမြို့ကြီးကို မီးလောင်ရာမှာ ပါသွားပါ တယ်။

၁၃၃၆-ခုနှစ်မှာ သာသနာတော်စည်ပင်ပြန့်ပွားရေးကို ကြံတွေးမြော်မြင် သဒ္ဓါဖြူစင်သူတော်စင်များ စုပေါင်းအား ဖြင့်ပြန်လည်တည်ဆောက်ကာ မင်္ဂလာအုတ်ကျောင်းတော်ကြီး

အောင်မြင် ပြီးစီးလို့ အခု ရေစက်သွန်ချ အမျှပေးဝေကြ ရတော့မယ်၊ ကျန်ရှိတဲ့သမိုင်းအကျယ်ကိုတော့ 'ဆရာထွား' ကိုယ်တိုင်ရေးပြီး ဖတ်ကြားတဲ့ မင်္ဂလာသြဘာစာရွက်ကြည့်ပြီး သိနိုင်ကြပါတယ်။

## တရားအမည်

၁၃၄၂-ခု၊ တပေါင်းလပြည့်ကျော် (၃)ရက်၊ (၂၃–၃-၈၁)တနင်းလာနေ့၊ နေ့လည် ၂-နာရီခွဲအချိန်၊ မကွေးတိုင်း စလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီးအတွင်း တည်ဆောက်ပြီးမြောက်ပြီးဖြစ်တဲ့ မင်္ဂလာအုတ်ကျောင်းတော် ကြီး ရေစက်သွန်ချ လှူဒါန်းပွဲကြီးမှာ...

မဟာရန်ကုန်မြို့တော် လှိုင်မြို့နယ် ၁၁-ရပ်ကွက် ယောဂီကျောင်းလမ်းမှာတည်ရှိတဲ့ လှိုင်မဟာစည် သာသနာ့ရိပ်သာ ကြီး၏ ဦးစီးဘုတ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ သရက် အောင်မင်္ဂလာ အရှင်စန္ဒဝရ ဆရာတော် ဟောကြားတော်မူ အပ်သော....

## "ပေးလှူတတ်လျှင် နိဗ္ဗာန်ဝင်တရားတော်ကြီး"

ရေစက်ချအောင်ပွဲအဖြစ် ညကျ တော့ပွဲသိမ်းအနေနဲ့ "မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်သည် လူ့ဘောင်သစ်တိုင်း ပြည်တည်ဆောက်ရာမှာ သော့ချက်ဖြစ်သည်" တရားတော်ကြီး ကိုဟောမယ်၊ စောစောတရားနာ လာခဲ့ကြပေတော့။

(မှန်လှပါဘုရား)။

ကဲ ပေးလှူတတ်လျှင် နိဗ္ဗာန်ဝင်တရားတော်ကြီးကို မဟောခင် အောင်အရဟံနဲ့ဖွင့်ကြစို့၊ လက်အုပ်ချီပြီး ညီညီ ညာညာလိုက်ဆိုကြ။

## အောင်အရဟံဂုဏ်တော်

၁။ အရဟံ= နတ်လူပြဟ္မာ ကောင်းစွာဦးတိုက် ပူဇော်ထိုက်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ အရဟံ= ကိလေသာရန် တော်လှန်ချေမှုန်းတော်မူနိုင်စွမ်းသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ အရဟံ= သူတပါးမသိအောင် မကောင်းမှုပြုလုပ်ဖို့ လုံခြုံဆိတ်ကွယ်ရာ ရှိတော်မမူသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ ဣတိ ပိ သော ဘဂဝါ အရဟံ၊
အရဟံ ဝတ သော ဘဂဝါ၊
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊
အရဟံ မေ သုခံ ဒေတု၊
အရဟံ မေ၊ သီသေ တိဋ္ဌတု ပါဘုရား။

# မဟာစည်ထေရ
# ဂုဏထောမနာ ဝန္ဒနာ

***

နာနာဂုဏေဟိ သမ္ပန္နံ၊ သာသနဿ ဓဇူပမံ။
မဟာစည်ထေရ အာစေရံ၊ ဝန္ဒာမဟံ သုဝဏ္ဏိတံ။

နာနာဂုဏေဟိ၊ ကန်ဘောင်ဆင့်တိုး ရေပြည့်ဖြိုးလျှက် ကြာမျိုးစုံတင့် ဖူးငုံပွင့်၍ ကန်မင့်ကြက်သရေ တင့်ဖြိုးဝေအောင် ရွှေ့ဆောင်ကြိုးကုတ် အားထုတ်ဆင့်ပွား ညွှန်ကြားဆောင့်ကြပ် စုပေါင်းလတ်၍ ကန်မြတ်မင်္ဂလာ သာယာဘင့်ကြွား တူးဖော်သည့်ပမာအလားကဲ့သို့ မြင့်မားလှစွာ သုံးဖြာပိဋကတ် ငါးရပ်နိကာယ် သွယ်သွယ်အဋ္ဌကထာ ဋီကာအနုမဓုယောဇနာ တဖြာဂဏ္ဌိ နှံ့သိစုံလင် ဂုဏ်အင်ပေါက်ပြအဂ္ဂမဟာပဏ္ဍိတ ဂန္ထကာရက စသည်ဆင့်ဆင့် ပရိယတ္တိတည်းဟူသော ကန်ဘောင်ကန်ရိုးကို မြှင့်တော်မူလျက် တိုးတင့်ကြက်သရေ ခိုင်မြဲလုံခြုံစေတော်မူပြီးမှ ယုံကြည်စိတ်ချ သောက်သုံးကြသူ ရဟန်းရှင်လူ သူတော်ကောင်ဟူသမျှတို့ကို အပူမခသန့်ရှင်း၍ စိုးရိမ်ပူဆွေး ငိုကြွေးလွတ်ကင်း မဂ်ဉာဏ်လင်းလျက် ဝဋ္ဋတွင်းထွက်မြောက် မျက်မှောက်ပြုရာ နိဗ္ဗာနဓာတ် အကျိုးမြတ်ကို ဆတ်ဆတ်ကေန် ရစေရန်နည်း တကြောင်းတည်းဖြင့် ခရီးမဖင့် မဟာသတိပဋ္ဌာန် ဝိပဿနာအကျင့်ဟုဆိုအပ်သော စိမ်းလဲ့သွင်သွင် သန့်စင်ညစ်ကြေး ကြည်အေးစွာဘိ ပဋိပတ္တိဟူသော ရေစင်ရေကောင်းတို့ကို ပြည့်စေတော်မူလျှက် မွှေးကြူထုံစွာ

အရုဏ်လာက ငုံအာဆင့်ဆင့် အပြိုင်ပွင့်၍ ကန်မင့်ကြက်သရေ တင့်ဖြိုးစေငှာ ပဒ္မိဝေဓတည်းဟူသော ပဒုံကြာမျိုးစေ့တို့ကို စိုက်ပျိုးကြဲချတော်မူခြင်း စသော အမျိုးမျိုးသောဂုဏ်တော် အပေါင်းတို့နှင့်။ သမ္ဗုဒ္ဓ သမ္ဗုဒ္ဓတ္တာ၊ အရှင့်ပါရမီ စုံညီဘုန်းဟုန် ပြည့်စုံတော်မူခြင်းကြောင့်။ သာသနဿ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ သုံးပါးသော သာသနာတော်မြတ်ကြီး၏။ ဓဇူ မံ၊ ရောင်ဝါလျှံ နန်းဘုံမြင့်ဆောင်ယံဝယ် ရောင်လျှံတော်အံသွယ် သွယ်တို့ဖြင့် အောင်လံသဘွယ် ဖြစ်တော်မူပေထသော။ သုဝဏ္ဏတံ၊ မြင့်မြတ်တင့်တယ် ခန့်ထယ်ဒြပ် သာကီယဇာတ် ဂုဏ်သကပ်နှင့် စုံသတ်ဖြာဖြာ. သာသနာစက် ငါးထောင်ဝက်တွင် ပေါ်ထွက်ထင်စွာ သင်္ဂါယနာဆဋ္ဌ ပုစ္ဆကဖြင့် လုံ့လကြီးစွာ မဟာကဿပ ထေရှင်လှသို့ ဓမ္မဘေရီ မဟာစည်ကြီး ရိုက်တီးသံစု အုံ့မကုန်ခဲ့ ကြယ်စုံရံခ သော်တာလသို့ ဓုရန္နစ်ဖြာ နန်းရိပ်သာဖြင့် ထေရဝါဒ သာသနိုင်ငံတွင် ခြံရံဝန်းလှည့် တပည့်အများတို့၏ အားထားမှီခို ကြည်ညိုဘွယ်ရာ သီလ, သမာဓိ, ပညာ သာသနဂုဏ်ရည် စုံညီပြည့်လျှမ်း အထူးသဖြင့် ကောင်းစွာချီးမွမ်းအပ်တော်မူပေထသော။ မဟာစည်ထေရအာစေရ၊ မဟာစည် မဟာစည်ဟု နာမည်ထင်ပေါ် ကမ္ဘာကျော်ကြား ငါတို့ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို။ အဟံ၊ မဟာသတိပဋ္ဌာန် ကျင့်ကြံပွားများ ဝိပဿနာမှတ်တရားတို့ကို ကြိုးစားအားထုတ် နာမ်ရုပ်မျှသာဖြစ်ပါသော (သရက်-အောင်မင်္ဂလာ စန္ဒဝရနာမတွင်ခေါ်) တပည့်ဘော်သည်။ ဝန္ဒာမိ၊ အရှင့်ဂုဏ်ရည် စုံညီဆင့်ဆင့် မြင့်ထက်မြင့်လျက် တင့်ကြက်သရေ အထွေထွေကို မနိုင်ခြွေ နှိမ်ချွေညွတ်ကျိုး ကာယဝစီ အလီလီဝပ်လျှိုး၍ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။

ဝန္ဒာမိ၊ အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ ဝဋ္ဋဒုက္ခမှ ကျွတ်ကြလွတ်ကြ ကျွတ်လွတ်ကြရန် ရည်သန်စိတ်ထား မဟာသတိပဋ္ဌာန် ဝိပဿနာအမှတ်တရားတို့ကို ဟောကြားညွှန်ပြ အနန္တဂုဏ်ရည် ယုံကြည်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ကန်တော့ပါရဲ့ ကမ္ဘာ့မြို့ရွာ အပြည်ပြည်ကြွချီကာ တရားဓမ္မပြပါတဲ့ ကျေးဇူးတော်ရှင် သာသနအာဇာနည် မဟာသည်ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား။

## သဒ္ဒါ ကုသိုလ်

ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် ပွဲတော်ကြီးမှာ အရှင်မဟာကဿပနည်းတူ ပုစ္ဆက မေးခွန်း တာဝန်ကြီးကို ယူတော်မူခဲ့ခြင်း၊ အဋ္ဌကထာ သင်္ဂါယနာ စိစစ်ခန်းကြီးကို စိစစ်တင်ပြတော်မူခဲ့ရခြင်း၊ မြန်မာနိုင်ငံ သာသနသမိုင်းမှာ ပေါ်လွင်ထင်ရှားစွာ မရှိသေးတဲ့ ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ ကျမ်းကြီးကိုလေးအုပ်နှင့် အပြီး ရေးသားပြုစုတော်မူခြင်း၊ ဓမ္မစကြာတရားတော် ဟေမဝတသုတ် တရားတော် အစရှိသဖြင့် အများအပြားသုတ်တရားတော်များကို မင်္ဂရောက်-ဖိုလ်ရောက် နိဗ္ဗာန်ပေါက်ဖွင့်ဆိုဟောကြား ရေးသားတော်မူခြင်း အကြောင်းများကြောင့် 'စာတတ်တယ်'ဆိုတဲ့ ဂုဏ်။

မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်ကြီးကို ကျင့်ကြံဘို့ရာ မြန်မာမဆံ့ ကမ္ဘာအနှံ့ ညွှန်ပြဆုံးမတော်မူသည်ကို ကမ္ဘာသူအားလုံး ကျင့်သုံးကြကာ လက်ငင်း ချမ်းသာကြီးကို ရရှိကြသဖြင့် 'အကျင့်ကောင်းတယ်'ဆိုတဲ့ ဂုဏ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ 'စာတတ် တယ်'ဆိုတဲ့ ပရိယတ္တိဂုဏ် 'အကျင့် ကောင်းတယ်'ဆိုတဲ့ ပဋိပတ္တိ ဂုဏ်တော်များဟာ ကမ္ဘာသို့တိုင် ပျံ့လှိုင် ကျော်ကြားတော်မူ ပါတယ်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ကမ္ဘာ ကျော် ကြား တော် မူ ခြင်း အကြောင်း ဂုဏ် တွေ ကို ထုတ် ဖော် ပူဇော်နေမယ်ဆိုလျှင် တရက် တလ တနှစ်နှင့်လဲ မကုန် နိုင်ပါဘူး၊ မကြား မသိရသေးတဲ့ သူတော်ကောင်းတွေ အခု လောက် အနည်းငယ်မျှကြားရသိရတဲ့အခါ ဒီနေ့သက်ရှယ်တော် ခုနစ်ဆဲ့ခြောက်နှစ် ရှစ်လတိတိ ပြည့်တော်မူတဲ့ ကျေးဇူးရှင်မဟာ စည် ဆရာတော် ဘုရားကြီး အပေါ်မှာ ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါကုသိုလ်တွေ ဖြစ်ပေါ် တိုးပွားလောက်ပါပြီ၊ 'ပေးလှူတတ် လျှင် နိဗ္ဗာန်ဝင်' တရားတော်ကြီးကို ဟောကြပါစို့။

## အမြွတ်ဆုံး မင်္ဂလာ

ဘော ဒေဝ ပုတ္တာ၊ အို-နတ်သား။ ဒါနဉ္စ၊ အလှူပေး ခြင်း သည်လည်း၊ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ မင်္ဂလာမည် ၏ဟူ၍။ တို့-သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

ဘုန်းတော်ကြီး ကျောင်းများမှာ မြန်မာသင်ပုန်းကြီး ကုန်ပြီး ရေးတတ်-ဖတ်တတ် သွားတဲ့ အခါ ကျောင်းသား ကျောင်းသူများကို မင်္ဂလသုတ် တရားတော်ကို သင်ပေးပါတယ်၊ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဌ ပါဠိတော်မှာ မြတ်စွာဘုရားဟောတဲ့ မင်္ဂလသုတ် တရားတော်မှာ ပါပါတယ်။

အခု မျက်မှောက်ခေတ်မှာတော့ မင်္ဂလာ ပြန့်ပွားရေး အသင်းတွေ ထူထောင်ပြီး မင်္ဂလာစာမေးပွဲတွေကို မြို့နယ်တိုင်းမှာလိုလို ကျင်းပဖြေဆိုနေကြတာဖြစ်လို့ ဒီမင်္ဂလသုတ်တရားတော်ကို ဘုန်းတော်ကြီးကျောင်းမှာ နေခွင့်မရှာကြသူများလဲ သိနားလည်ခွင့် ရနေကြပါတယ်။ မြတ်စွာဘုရား သခင်က မင်္ဂလသုတ် တရားတော်မှာ မင်္ဂလာတရား သုံးဆဲ့ရှစ်ပါး ဟောကြား ညွှန်ပြတော်မူပါတယ်၊ ဒီနေရာမှာ မင်္ဂလာအုတ်တိုက် ကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲဖြစ်လို့ ဒါနမင်္ဂလာကို ဖွင့်ဆို ဟောကြားရပါလိမ့်မယ်၊ ဒါကြောင့်—

> ဘော ဒေဝ ပုတ္တ၊ အို- နတ်သား။ ဒါနဉ္စ၊ အလှူပေးခြင်းသည်လည်း။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

လို့ 'ပေးလှူ တတ်လျှင်- နိဗ္ဗာန်ဝင်' တရားတော် ကြီးကို ဟောဘို့ရာ စတင်လိုက်ရပါတယ်။

## ပေးဒင် နတ်ဝင်ညွှန်ကြားတာ လေးစားကြတယ်

တခြားသူများ သုံးဘို့စွဲဘို့ မိမိပိုင် ပစ္စည်းကို ပေးနိုင်လှူနိုင်တဲ့စိတ်ဟာ ဒါနပဲ၊ အဲဒီ ပေးလှူနိုင်တဲ့ စိတ်ဒါနဟာ အမြတ်စား မင်္ဂလာပဲလို့ ဘုရားမြတ်စွာ မိန့်ကြားတော် မူပါတယ်။ မင်္ဂလာဆိုတာ မကောင်းတာတွေကို ပယ်ရှားနိုင်တယ်၊ လူတိုင်းပဲ ကောင်းတာတွေကို လိုလားကြတယ်၊ မကောင်းတာကို ဆံချည်တမျှင်လောက်တောင် မလိုချင်ကြဘူး။

ကောင်းတာတွေကိုချည်း ရချင်လိုချင်ကြပါလျှင် မြတ်စွာဘုရားညွှန်ကြားတော်မူတဲ့ အမြတ်စားဒါနမင်္ဂလာကို စွမ်းနိုင်သမျှပြုလုပ်ကြရမှာ၊ အများအားဖြင့် မြတ်ဘုရားညွှန်ကြားတော်မူတဲ့ အမြတ်စားဒါနမင်္ဂလာကို ပြုလုပ်ဖို့မေ့နေတတ်ကြတယ်၊ ဗေဒင် နတ်ဝင်အဟောထွက်မှ ဘုရားဝင်း ကျောင်းဝင်းအတွင်းမှာရှိတဲ့ သပြေရွက် ကန့်ကော်ရွက် အုံးရွက်စသည်တွေကိုတောင်းယူပြီး ညွှန်ကြားရာ တခြားဘုရားစေတီကိုသွားပြီး သူတို့ရဲ့ နေ့နံထောင့်အရပ်ကနေ လှူကြတယ်ဆိုပဲ၊ အဲဒီအပြုအမူဟာ မိမိရဲ့အရည်မမှီ ရာသီမပြည့်တဲ့ ဗုဒ္ဓဘာသာဘဝကို ဖော်ပြနေတာပဲ၊ အထူးသတိပြုဘို့ကောင်းလှပါတယ်၊ ရှေးတုန်းက တချို့ရှင်ဘုရင်တွေဟာ တိုင်းပြည်အုပ်ချုပ်ခ ရတဲ့ မိမိပိုင်ပစ္စည်းများကို ပေးလှူလျှင် ဒါနမင်္ဂလာအရှိန်အဝါညှို့မှာ စိုးလို့ လယ်ပိုင်ရှင်များထံမှာ ကောက်ရိတ်ငှားလိုက်ပြီး အဲဒီချွေးနည်းစာလုပ်အားခဖြင့် ဒါနမင်္ဂလာပြုလုပ်ကြတယ်ဆိုတယ်။

## ဒါနမင်္ဂလာပြုလုပ်သူချည်းပဲ

ဗုဒ္ဓဘာသာဝင်တွေလဲ ဒါနမင်္ဂလာကို ပြုလုပ်ကြတာပဲ၊ ခရဇ်ယာန်ဘာသာဝင်တွေလဲ ဒါနမင်္ဂလာကို ပြုလုပ်ကြတာပဲ၊ အစ္စလာန်ဘာသာဝင်တွေလဲ ဒါနမင်္ဂလာကို ပြုလုပ်ကြတာပဲ၊ ကျန်တဲ့ဘာသာဝင်တွေလဲ ဒါနမင်္ဂလာကို ပြုလုပ်ကြတာပဲ၊ ဒီနေ့ ဘယ်ဘာသာကိုမျှ မယုံကြည်ကြတဲ့ ဘာသာမဲ့တွေလဲ မိမိပိုင်ပစ္စည်းကို ဆက်စပ်ရာများအား ပေးကမ်းပြီးဒါနမင်္ဂလာကို ပြုလုပ်ကြတာပဲ၊ ဒီတော့ ကမ္ဘာပေါ်မှာ ဒါနမင်္ဂလာ ပြုလုပ်သူချည်းပဲဆိုတာ သဘောပေါက်ကြပါလိမ့်မယ်၊ ပြုလုပ်တိုင်းသော

ဒါနမင်္ဂလာသည် အမြတ်စာရင်းဝင်သလော၊ ဒီမေးခွန်းရဲ့ အဖြေကို ဆက်ပြီးနာယူကြပေတော့။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဒ္ဒါနဉ္စ၊ အလှူ
ပေးခြင်းသည်လည်း။ ဥတ္တမံ၊ မြတ်လှစွာသော။
မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင်နတ်သား
သည်။ ဂဏှာဟိ၊ မှတ်လေလော့။
(ခုဒ္ဒကပါဌပါဠိ-မင်္ဂလသုတ်-၃)

"ဝိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံ ဒေတိ"
(အံ၊ ၂၊ ဒါနမဟပ္ဖလသုတ်၊ ၄၄၃)

=စိတ္တာလင်္ကာရစိတ္တာပရိက္ခာရတ္ထံ၊ သမထစိတ်၊ ဝိပဿနာစိတ်၏ တန်ဆာ၊ သမထစိတ် ဝိပဿနာစိတ်၏ အခြံအရံအလို့ငှာ။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

ကဲ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရအောင်....

၁။ သမထ ဝိပဿနာ၊ စိတ်များမှာ၊ တန်ဆာ ခြံရံ ရဘို့ရည်။

၂။ ရှေးသူတော်မြတ်၊ သဒ္ဓါပြတ်၊ ပေးတတ်လှူတတ် သည်။

## ဒါနပစ္စည်းများ

သူတော်ကောင်းတွေဟာ သမထစိတ်မှာ အဆင်တန်ဆာရအောင် အခြံအရံအဖေါ်ရအောင် ဝိပဿနာစိတ်မှာ အဆင်တန်ဆာရအောင် အခြံအရံအဖေါ်ရအောင် ရည်ရွယ်ချက်နှစ်မျိုးနှင့် 'ဒါနမင်္ဂလာ' ကို ပြုလုပ်ကြပါတယ်၊ အဲဒါ အမြတ်စားရင်းဝင်တဲ့ ဒါနမင်္ဂလာပဲလို့ အကျဉ်းနားလည်ထားကြဦးပေါ့၊ အဲဒီဒါနမင်္ဂလာပြုရာမှာ ပစ္စည်းများကို ဒီလိုမှတ်သားကြရမယ်။

သုတ္တန်နည်းအရ -ဒါနပစ္စည်းများကို ဒီလိုပြထားပါတယ်၊ အဲဒါက....

''အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓဝိလေပနံ
သေယျာဝသထပဒီပေယျံ''

အန္နံ၊ ဆွမ်း ထမင်း။ ပါနံ၊ အဖျော်ရည်။ ဝတ္ထံ၊ အဝတ်အထည်။ ယာနံ၊ ယာဉ်။ မာလာ၊ ပန်း။ ဂန္ဓ၊ နံ့သာ။ ဝိလေပနံ၊ နံ့သာပျောင်း။ သေယျ၊ အိပ်ယာ။ အာဝသထ၊ နေရာကျောင်း။ ပဒီပေယျံ၊ ဆီမီး၊ ဒီဆယ်မျိုးပါပဲ၊ ဒီဆယ်မျိုးက သုတ္တန်ပိဋကတော်မှာလာတဲ့ ဒါနပစ္စည်း။

နောက်ပြီးတော့....

ပိဏ္ဍိယာလောပဘောဇနံ–စသည်၊ ပံသုကူလစီဝရံ–စသည်။

ရုက္ခမူလသေနာသနံ—စသည်၊ ပုတိမုတ္တဘေသဇ္ဇံ-စသည်၊ ဝိနယမဟာဝဂ္ဂပါဠိတော်မှာ ဟောထားတဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ရောဂါပျောက်အေးတဲ့ဆေး ဒီလေးမျိုးဟာ ဝိနည်းပိဋကတော်မှာလာတဲ့ ဒါနပစ္စည်း။

နောက်ပြီးတော့....

ရူပါရုံ၊ အဆင်း။ သဒ္ဒါရုံ၊ အသံ။ ဂန္ဓာရုံ၊ အနံ့။ ရသာရုံ၊ အရသာ။ ဖောဋ္ဌဗ္ဗာရုံ၊ အတွေ့။ ဓမ္မာရုံ၊ သဘောရယ်လို့ အဘိဓမ္မာပိဋက ဓမ္မသင်္ဂဏီပါဠိတော်မှာ အာရုံခြောက်ပါး ဒါနပစ္စည်းကို ဟောတော်မူထားသေးတယ်။

အဖြူ အနီ အညို အဝါစတဲ့ အသွေးအရောင်နှင့်ပြည့်စုံတဲ့ ပန်းစတဲ့ပစ္စည်းတမျိုးမျိုးကို ရလာတဲ့အခါ အရောင်အဆင်းကိုလှူမယ်လို့ နှလုံးသွင်းပြီးပေးလှူလျှင် ရူပါရုံအဆင်းခေါ်တဲ့ ဝဏ္ဏဒါနဖြစ်တယ်။

အသံလှူမယ်လို့ နှလုံးသွင်းပြီး စည်တော်၊ ကြေးစည်၊ ကြေးမောင်း၊ ခေါင်းလောင်း၊ တုံးမောင်း၊ အသံမြည်သောနာရီ၊ အသံချဲ့စက်၊ ဟွန်းနှင့်ယူနစ်၊ ဆောင်းပေါက်စသော ပစ္စည်းများကို လှူဒါန်းခြင်း၊ တရားဟောပုဂ္ဂိုလ် တို့ အားအသံထွက်ဆေးပေးလှူခြင်း၊ နားထောင်ကောင်းအောင် သာယာသောအသံဖြင့် တရားစာများကိုရွတ်ဆိုခြင်း၊ အနီး၌လာရောက်ထိုင်နေသူအား အလိမ္မာဉာဏ် ရင့်သန်ကြီးထွား ကုသိုလ်ပွားအောင် ဆုံးမပြောဟောခြင်း၊ ဆိုင်ရာဆိုင်ရာ ကုသိုလ်ကောင်းမှုတို့၏ အကျိုးအာနိသင်များကို ပြောဟောခြင်းများဟာ သဒ္ဒါရုံ၊ အသံအလှူဖြစ်တယ်။

အနံ့ကိုလှူမယ်လို့ နှလုံးသွင်းပြီး နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ သစ်မွှေး၊ အနံ့ကောင်းသော ပန်းအမျိုးမျိုး၊ မွှေးကြိုင်သောဆွမ်း၊ ဆွမ်းဟင်းစသည်တို့ကို ပေးလှူခြင်းဟာ ဂန္ဓဒါန၊ ဂန္ဓာရုံ၊ အနံ့ အလှူဖြစ်တယ်။

အရသာကို လှူမယ်လို့နှလုံးသွင်းပြီး အရသာ၏တည်ရာ နှစ်သက်မြတ်နိုးဘွယ်ကောင်းတဲ့ စားဘွယ်သောက်ဘွယ်တို့ကို ပေးလှူခြင်းဟာ ရသဒါန၊ ရသာရုံအရသာအလှူဖြစ်တယ်။

ဖောဋ္ဌဗ္ဗအတွေ့ကိုလှူမယ်လို့နှလုံးသွင်းပြီး ချောညက်နူးညံ့၍ နှစ် သက် မြတ် နိုး ဘွယ် ကောင်းသော ညောင်စောင်း၊ အင်းပျဉ်၊ ကုတင်၊ ကုလားထိုင်၊ စားပွဲ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်စသော ပစ္စည်းများကိုပေးလှူခြင်းဟာ ဖောဋ္ဌဗ္ဗဒါန၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့အလှူဖြစ်တယ်။

'သဘော' လို့ခေါ်တဲ့ ဓမ္မာရုံအလှူဒါနဟာ သဘောဓမ္မာရုံကို လှူမယ်လို့နှလုံးသွင်းပြီး ဩဇာဓာတ်လွန်ကဲတဲ့ ထောပတ်၊ ဆီဦး စသည်တွေကို ပေးလှူခြင်းကတမျိုး၊ အာပေါဓာတ်လွန်ကဲတဲ့ အဖျော်ရည် စသည်ကိုလှူဒါန်းခြင်းကတမျိုး၊ အသက်လို့ခေါ်တဲ့ ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေ ကြာရှည်တည်နေအောင် ဆွမ်းစသည်ပေးလှူခြင်း၊ ရောဂါသည်တို့အား ဆေးလှူခြင်း၊ ဆေးဆရာကိုပင့်ခေါ်၍ ကုသစေခြင်း၊ ပိုက်ကွန်ကို ဖျက်ဆီးခြင်း၊ ငါးထောင်မြှုံးကို ဖျက်ဆီးခြင်း၊ ငှက်ထောင်ချိုင့်ကိုဖျက်ဆီးခြင်း၊ အနှောင်အဖွဲ့မှလွှတ်ခြင်း၊ သားငါးတိရိစ္ဆာန်တို့ကို မသတ် ဘို့ရာ ကြော်ငြာဟန့်တားခြင်းနှင့် အသက်မသေအောင် အခြားနည်းများဖြင့် ပြုလုပ်ဆောင်ရွက်ခြင်း ကတမျိုး၊ ဒီသုံးမျိုးပါပဲ။

တိုး — ၃

## ပေါင်းရုံးသုံးသပ်ကြည့်လိုက်တော့

ဝိနည်းပိဋကတော်မှာညွှန်ပြတဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း ဒီသုံးမျိုးက သုတ္တန်ပိဋကတော်မှာ ညွှန်ပြတဲ့ အလှူပစ္စည်း (၁၀)မျိုးမှာလည်း ပါဝင်တယ်၊ ရောဂါငယ်ပျောက်အေးတဲ့ ဆေးပစ္စည်းကတော့မပါဘူး၊ သီးခြားပေါ့၊ အဲဒီသုတ္တန်ပိဋက နှင့် ဝိနည်းပိဋကတော်မှာ ညွှန်ပြတဲ့ဒါနပစ္စည်းများကို မူထား နည်းယူပြီး တခြားတခြားသောရဟန်းတော်သုံး ပစ္စည်းနှင့် လူ သုံးပစ္စည်းများကိုလည်း လှူဒါန်းနိုင်တယ်လို့ သဘောပေါက် ကြရမယ်။ အဲ တခြားအသုံးအဆောင်ပစ္စည်းတွေကို ထည့်လိုက် တော့ ရွှေ၊ ငွေ၊ မြေ၊ ဆင်မြင်း၊ ကျွဲနွား စသည်အားဖြင့်သက်ရှိ ပစ္စည်းသက်မဲ့ပစ္စည်းအမျိုးစုံကို အရာအားလျော်စွာ အခါအား လျော်စွာ လှူဒါန်းနိုင်ပါတယ်။

အဘိဓမ္မာပိဋကတော်မှာ ညွှန်ပြတဲ့ ဒါန(၆) မျိုးက တော့ ရုပ်သဘော၊ နာမ်သဘောတွေမို့ သုတ္တန်မှာ၊ဝိနည်းမှာ ညွှန်ပြတဲ့ ဒါနပစ္စည်းများကို လှူဒါန်းတဲ့အခါ အဆင်း၊ ရူပါ ရုံကိုလှူမယ်၊ အသံ၊ သဒ္ဒါရုံကိုလှူမယ်၊ အနံ့၊ ဂန္ဓာရုံကိုလှူ မယ်၊ အရသာ၊ ရသာရုံကိုလှူမယ်၊ အတွေ့အထိ၊ ဖော- ဋ္ဌဗ္ဗာရုံကိုလှူမယ်၊ သဘော၊ ဓမ္မာရုံကိုလှူမယ်လို့၊ အဲဒီလို နှလုံးသွင်းဆင်ခြင်လိုက်လျှင် ပြည့်စုံအောင်မြင်သွားတာပါဘဲ။

## ဗုဒ္ဓသာသနာခေတ်မှာမှ-

သူတော်ကောင်းတွေဟာ သမထစိတ်မှာ အဆင်တန် ဆာရအောင် အခြံအရံအဖေါ်ရအောင် ဝိပဿနာစိတ်မှာ အ ဆင်တန်ဆာရအောင် အခြံအရံအဖေါ်ရအောင် ဦးတည်ရည်

ရှယ်ပြီး အခုတင်ကပြောခဲ့တဲ့ ပစ္စည်းများကို လှူဒါန်းကာအမြတ်စာရင်းဝင် ဒါနမင်္ဂလာကြီးကိုရယူကြပါတယ်။

ဗုဒ္ဓသာသနာတော်ကြီး ကွယ်ပနေတဲ့ အခါသမယမှာတော့ သမထစိတ်မှာ အဆင်တန်ဆာရအောင် အခြံအရံအဖေါ်ရအောင်သာ ဒါနမင်္ဂလာကြီးကို ပြုလုပ်နိုင်ကြပါတယ်၊ သမထစိတ်၊ ဝိပဿနာစိတ်နှစ်မျိုးလုံးရဲ့ အဆင်တန်ဆာ ရအောင်အခြံအရံအဖေါ် ရအောင်ကတော့ အခုလို ဗုဒ္ဓသာသနာခေတ်မှာမှ ဒါနမင်္ဂလာကိုပြုလုပ်ခွင့်ရကြပါတယ်။

## စလင်းမြို့၊ ရှေးကံကောင်း

မကွေးတိုင်း စလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီး၏ အရှင်နာယကအကြီးအကဲဖြစ်တဲ့ ဘုန်းကြီးများရဲ့ ညီတော်အရှင်သာမိနနှင့် ဆက်စပ်ပြီးမင်္ဂလာအုတ်တိုက်ကျောင်းတော်ကြီး ဒါယကာ၊ ဒါယိကာမ ဖြစ်လာကြရတာဖြင့် အလှန်ကို ရှေးကုသိုလ်ကံကောင်းတယ်ဆိုရမှာပဲ၊ "ရှေးကကောင်းလို့ ခုကောင်းပါသည်၊ နောက်ကိုလဲအမြဲကောင်းဦးမည်" ဆိုတဲ့အတိုင်း အင်မတန်ဝမ်းသာစရာကြီးပေါ့၊ ဘာကြောင့်လဲဆိုတော့ သမထစိတ် ဝိပဿနာစိတ်များမှာ အဆင်တန်ဆာရအောင် အခြံအရံအဖေါ်ရအောင် အမြတ်စာရင်းဝင် ဒါနမင်္ဂလာကြီးကို ပြုလုပ်ခွင့်ရကြလို့ပါပဲ၊ ကဲ.... ထပ်ပြီးဆိုလိုက်ကြဦး....

၁။ သမထ၊ ဝိပဿနာ၊ စိတ်များမှာ၊ တန်ဆာခြံရံရဘို့ရည်။

၂။ ရှေးသူတော်မြတ်၊ သဒ္ဓါပြတ်၊ ပေးတတ်လှူတတ်သည်။

## ဝိပဿနာရဲ့ အခြံအရံက 'ဒါန'

ဗုဒ္ဓမြတ်စွာရဲ့ ဒီလမ်းညွှန်တော်မူချက်မှာ ဝိပဿနာစိတ်ရဲ့ အခြံအရံအလို့ငှာ ပေးလှူကြတယ်ဆိုတော့ 'ဒါနခြံရံတဲ့ ဝိပဿနာ'ဆိုတာ ရှင်းနေတာပဲ၊ ဒါကိုနားလည်ထားသူတိုင်း ဝိပဿနာခြံရံတဲ့ ဒါနမှမြတ်တယ်လို့ ဟောပြောတာဟာ ဘုရားမြတ်စွာရဲ့ ဟောညွှန်ချက်မဟုတ်ဘူးလို့ သဘောပေါက်နိုင်ကြပါလိမ့်မယ်။

## သာသနာသုံးမျိုး

### ပရိယတ္တိသာသနာ—

ဗုဒ္ဓမြတ်စွာဘုရား (၄၅) နှစ် ဟောတော်မူတဲ့တရားတော်တွေကို တဆင့်ချပို့ပေးတာ၊ သင်ယူလေ့လာတာ၊ ဟောပြောတာ၊ နာယူတာဟာ ပရိယတ္တိသာသနာပါပဲ။

### ပဋိပတ္တိသာသနာ—

သီလမြဲအောင်ကျင့်တာ၊ သမာဓိ တိုးပွားအောင်ကျင့်တာ၊ ဝိပဿနာဉာဏ် ရင့်သန်တိုးပွားပြီး မဂ်-ဖိုလ် ဉာဏ်များ ဖြစ်ပေါ်အောင် ကျင့်တာတွေဟာ ပဋိပတ္တိ သာသနာပါ။ ပဋိပတ္တိသာသနာသီလအကျင့်မှာ ဝါရိတ္တသီလ၊ စာရိတ္တသီလ ရယ်လို့ နှစ်မျိုး၊ ပဋိပတ္တိသာသနာ သမာဓိ တိုးပွားအောင်ကျင့်တာမှာ သမထလေးဆယ်၊ နည်းလမ်းအသွယ်သွယ်ကို တကယ်တမ်းကြိုးစားအားထုတ်လို့ စိတ်ဓာတ် ရင့်ကျက်ကာ အဆက်

မပြတ်တည်ငြိမ်လာတဲ့ ပဗန္ဓသမာဓိနှင့် မဟာသတိပဋ္ဌာန်ဝိပဿနာလမ်းညွှန်ချက်အတိုင်း ဒွါရခြောက်ပါးမှ ဖြစ်ပေါ်တိုင်းသော ရုပ်နာမ်တရားတို့ကို မှတ်တိုင်း-မှတ်တိုင်း မှတ်ရာအာရုံတိုင်းမှာ တည်တဲ့ ခဏိကသမာဓိရယ်လို့ နှစ်မျိုးပါပဲ။

ပဋိပတ္တိသာသနာ ဝိပဿနာဉာဏ်ရင့်သန် တိုးပွားပြီး မဂ်ဉာဏ်-ဖိုဉာဏ်များဖြစ်ပေါ်အောင် ကျင့်တာကတော့ မဟာသတိပဋ္ဌာနသုတ်တော်ကြီးမှာ ညွှန်ကြားတော်မူတဲ့ မဟာသတိပဋ္ဌာန်ဝိပဿနာမှတ်နည်းအတိုင်းပါ။

## ပဋိဝေဓသာသနာ—

မဟာသတိပဋ္ဌာန်ဝိပဿနာ လမ်းညွှန်ချက်အတိုင်း မပြတ်မှတ်နေတဲ့ ယောဂီမှာ နာမရူပ ပရိစ္ဆေဒဉာဏ်မှသည် ဝိပဿနာဉာဏ်အဆင့်ဆင့်ရင့်သန်ပြီး ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာပါတယ်၊ အဲဒီဉာဏ်တွေကို ပဋိဝေဓသာသနာခေါ်ပါတယ်။

## သာသနာတည်တံ့ပြန့်ပွားအောင်

တို့သူတော်ကောင်းတွေ တရားဟော တရားနာတာ ပရိယတ္တိသာသနာဆိုတာ သိထားပြီးပြီ၊ ဘုန်းကြီးတို့ လိုင်မဟာစည်ကို ရောက်လာတဲ့ယောဂီများကို သီလ၊ သမာဓိ၊ ဝိပဿနာဆိုင်ရာ လမ်းညွှန်ချက်တရားတွေကို ဟောရတယ်၊ ယောဂီများက နာယူကြရတယ်၊ တရားနာပြီးတဲ့ယောဂီများမှာ လမ်းညွှန်ချက်ကို မှတ်မိသလောက် ပရိယတ္တိသာသနာတည်ရှိသွားပါတယ်၊လမ်းညွှန်ချက်အတိုင်း ယောဂီကထိုင်ရင်းမှတ်ပြီးတော့လဲ

ကျင့်တယ်၊ လမ်းလျှောက်ရင်း မှတ်ပြီးတော့လဲ ကျင့်တယ်၊ ကျင့်တဲ့ယောဂီမှာ ပဋိပတ္တိသာသနာတည်ရှိသွားပါတယ်၊လမ်းညွှန်ချက်အတိုင်း အဟုတ်တမ်းကျင့်တဲ့ယောဂီမှာ စောစောက ပြောခဲ့တဲ့ ဉာဏ်တွေဟာ ရက်ပိုင်း လပိုင်းအတွင်းမှာ တချို့ဖြစ်စေ၊ အကုန်လုံးဖြစ်စေ ဖြစ်ပေါ်လာပါတယ်၊ အဲဒီဉာဏ်တွေဖြစ်ပေါ်သလောက် ယောဂီမှာ ပဋိဝေဓသာသနာတည်ပါတယ်၊ သာသနာသုံးမျိုးကိုယ့်မှာတည်ရှိအောင် ပရိယတ္တိသာသနာ၊ ကိုယ်တိုင်တရားနာ၊ ပဋိပတ္တိသာသနာ၊ ကိုယ်တိုင်ကျင့်ပါ အားထုတ်ပါ၊ အဲဒီအခါ အခုတွင်ကပြောတဲ့ ဉာဏ်တွေဖြစ်ပေါ်လာပြီး ပဋိဝေဓသာသနာကြီး တည်ရှိပါမယ်၊ ဒါကြောင့်- ကိုယ့်မှာသာသနာတည်ရှိအောင် ကိုယ်တိုင်ပဲကြိုးစားအားထုတ်ရပါတယ်၊ ကိုယ်တိုင်အားထုတ်တာ ကိုယ့်အတွက်သာသနာပြုတာပေါ့၊ ယောဂီများအတွက်လှူတာ၊ ယောဂီများကို တရားဟောတရားပြတာ၊ ယောဂီများအတွက် ဝေယျာဝစ္စဆောင်ရွက်ပေးတာ အဲဒါတွေကတော့ သူများအတွက် သာသနာပြုတာလို့ နားလည်ကြပါတယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ သာသနာ့ရိပ်သာ ပင်မဌာနကြီးကစပြီး ၁၃၀ ဒါခံ သာသနာ့ရိပ်သာတွေနှင့် ဘုန်းကြီးတို့ရဲ့ လှိုင်မဟာစည် သာသနာ့ရိပ်သာကမ္မဋ္ဌာန်းကျောင်းတိုက်တွေမှာ စုရုံးမိကြတဲ့ ရဟန်းရှင် လူအင်အားစုကြီးဟာ ကိုယ့်မှာရော အခြားသူများမှာရော ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ ဖြစ်ပေါ်တည်တံ့ပြန့်ပွားအောင် ကြိုးစား ဆောင်ရွက်နေကြတာ ဖြစ်တော့မဟာစည် ပဋိပတ်ကမ္မဋ္ဌာန်း အင်အား စုကြီးဟာ ပရိယတ်ကို

မပယ်ဘူးဆိုတာ ဉာဏ်အမြင် ကြည်လင်ကြပါလိမ့် မယ်နော်၊
(ကြည်လင်ကြပါတယ် ဘုရား)။

## အမြတ်စာရင်းဝင် 'ဒါန'

သမထစိတ် ဝိပဿနာစိတ်မှာ အဆင်တန်ဆာရအောင် အခြံအရံအဖော်ရအောင် ပြုလုပ်ကြတဲ့ 'ဒါနမင်္ဂလာ'ဟာ ....

၁။ ကိုယ့်အတွက် သာသနာ ပြုရာမှာလဲ အထောက် အပံ့အပိုး အကျိုးသက်ရောက်တယ်။

၂။ အခြားသူများ အတွက် သာသနာပြုရာမှာလဲ အထောက်အပင့် အပံ့ အပိုး အကျိုးသက်ရောက်တယ်။ ဒါကြောင့်အမြတ်စာရင်းဝင်တဲ့ 'ဒါနမင်္ဂလာ' ဖြစ်ပါတယ်။

## အက်ုရ နတ်သား၊ ဣန္ဒကနတ်သား

ဘော ဒေဝ ပုတ္တ၊ အို-နတ်သား။ ဒါနဉ္စ၊ အလှူပေးခြင်းသည်လည်း။ ဥတ္တမံ၊ မြတ်လှ စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

ကဲ အခြားသူများ အတွက် သာသနာပြုရာမှာ အထောက်အပင့် အပံ့ အပိုး အကျိုးသက်ရောက်လို့ ဒါနမင်္ဂလာ အမြတ်စာရင်းဝင်ပုံကို အလျင်ပြောပြ ဟောပြမယ်၊ အဲဒါကို ရှင်းပြလျှင် အက်ုရနတ်သား ဣန္ဒကနတ်သား ဇာတ်လမ်းကို ချန်ထားလို့မရဘူး။

## အကုံရ ဒါန မင်္ဂလာ

အခု ဘဒ္ဒကမ္ဘာမှာ လူတို့သက်တမ်း နှစ်ပေါင်း နှစ်သောင်းကြာရှည်တဲ့ အချိန်ကာလတုန်းက ကဿပမြတ်စွာ ပွင့်တော်မူခဲ့ပါတယ်၊ ကဿပမြတ်စွာရဲ့ သာသနာတော် ကွယ်ပတဲ့ခေတ်မှာ အသိတဥ္စနမြို့ဘုရား မင်းသား အကုံရ ဆိုတာ ရှိခဲ့တယ်၊ တိုင်းပြည်အုပ်ချုပ် မင်းစိုးရာဇာအလုပ်ကို ပယ်ရှားပြီး အရောင်းအဝယ် ကုန်သည်အလုပ်ဖြင့် အသက်မွေးတယ်၊ နောင်တော် မင်းများကလဲ အခွန်တော်လွတ်ငြိမ်းခွင့် ပေးကြတယ်။

## အကုံရ လှူသမျှ ပစ္စည်း

ထမင်း အဖျော်ရည် အဝတ်အထည် အိမ်ကျောင်း အဆောက်အဦ အိပ်ရာနေရာ ထီး ဘိနပ် နွားလှည်း မြင်းလှည်း အမွေးနံ့သာ ပန်းစတဲ့ လှူသုံးပစ္စည်း မျိုးစုံကို လာရောက် အလှူခံဘို့ရာ ကြေငြာပြီး နေ့ညဥ့်အချိန်မရွေး ပေးလှူပါတယ်၊ ရေတွင်း ရေကန်တူးတယ်၊ ရေအိုးစင်တည်ဆောက်တယ်၊ လမ်းပြင်တယ်၊ နေ့စဉ် ချက်ပြုတ်တဲ့ မျိုးသန့် အကောင်းစား သလေးဆန်က နွားလှည်း အစီးပေါင်း ခြောက်သောင်းတိုက် ရှိတယ်၊ အဲဒီ ထမင်းနှင့် လိုက်လျောအောင် ဟင်းတွေလဲ ချက်ရတယ်၊ ချက်ပြုတ်တဲ့ မီးဖိုတည်ရှိရာမြေက တဆဲ့နှစ်ယူဇနာ (၉၆)မိုင် ကျယ်ဝန်းတယ်၊ ချက်ပြုတ်ရေး တာဝန်ခံ အုပ်စုခေါင်းဆောင် ဦးရေက သုံးထောင်ရှိတယ်၊ တဦးတဦးရဲ့ နောက်လိုက်တွေက အများကြီး၊ ထင်းခွဲသမားက ခြောက်သောင်း၊ ကြက်သွန်လှီး ငြုပ်သီးထောင်း စသည် ဝေယျာဝစ္စ အမျိုး သမီး ပေါင်းက

တသောင်း ခြောက်ထောင်၊ ချက်ပြုတ် ကြော်လှော် ယောက်မ ကိုင် အမျိုးသမီးပေါင်းကလဲ မနည်းဘူး၊ တသောင်း ခြောက်ထောင်ပဲ။ အကုံရ ကုန်သည် မင်းသားက လိုရာကို ပေးလှူနေ တော့ အများအပြားဟာ အလုပ် မလုပ်ကြတော့ဘူး၊ တိုင်း ပြည်မှာ ဝင်ငွေခွန်မရဘဲ ဖြစ်သွားတယ်၊ နောင်တော် ဘုရင် များက ညီတော်ကို အကြောင်းကြားပြီး တောင်းပန် ယူရ တယ်တဲ့၊ အဲဒီလို ပေးလှူနေတာ နှစ်ပေါင်း တသောင်းကြာ တယ်။ ကွယ်လွန်တော့ အကုံရ မင်းသား ကုန်သည်ဟာ တာ ဝတိံသာ နတ်ပြည်မှာ စည်းစိမ်ရှင် ဖြစ်လာတယ်။ သူရဲ့ အလှူ ပစ္စည်းများကို တန်ဘိုး ဖြတ်ဘို့ရာ ခက်ပါတယ်၊ တန်ဘိုးကို ဖြတ်လို့မရအောင်ပါပဲ။

## ဣန္ဒကလုလင် ဒါနမင်္ဂလာ

အကုံရ မင်းသား ကုန်သည်တို့ ခေတ် လူတို့ သက်တမ်း နှစ်သောင်းမှ တဖြည်းဖြည်း ဆုတ်တာ ဆယ်နှစ်တမ်းရောက်၊ အဲဒီ ဆယ်နှစ်တမ်းမှ တဖြည်းဖြည်းပြန်ပြီး အသက် အသင်္ချေ တိုင်အောင် တိုးတက်ပြန်တယ်၊ အသင်္ချေယျတမ်းမှ တဖြည်း ဖြည်းပြန်ဆုတ်တာ လူတို့သက်တမ်း တစ်ရာခေတ်မှာ ဘုန်းကြီး တို့ရဲ့ ဗုဒ္ဓဂေါတမ မြတ်စွာဘုရား ပွင့်တော် မူလာ ပါတယ်။ ဘုရားဖြစ်ပြီးနောက် မိဂဒါဝုန်မှာ ပထမဝါကပ်တော်မူတယ်၊ ဝါကျွတ် ဆောင်းရာသီမှာ ရာဇဂြိုဟ်ပြည်ကို ပြာသိုလပြည့်နေ့ ရောက်ပါတယ်၊ တပေါင်းလပြည့်ကျော်တရက်နေ့ ရာဇဂြိုဟ် ပြည်မှ ထွက်ကြွတော်မူကာ မဟာသက္ကရာဇ် (၁၀၄) ခုနှစ် ကဆုန်လပြည့်ကျော်(၁)ရက်နေ့ ကပိလဝတ် နေပြည်တော်ကို ရဟန္တာပေါင်း နှစ်သောင်းနှင့် အတူ ဘုရား မြတ်စွာ ရောက်

တော်မူပါတယ်။ မဟာသက္ကရာဇ် (၁၀၃) ခုမှ (၁၀၄) ခုသို့ ကူးပြောင်းတဲ့ အတာသင်္ကြန်တော်ဟာ ရာဇဂြိုဟ်မှ ကပိလသို့ မြတ်ဘုရား ကြွချီတော်မူရင်း ကျတယ်။ ထိုကြောင့် သလောက် ကပိလပြည်မှာ သီတင်းသုံးပြီး ဒုတိယ ဝါကပ်ဆိုတော်မူဘို့ရာ ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွတော် မူပြန်ပါတယ်။ ခရီးအကြား ဖြစ်တဲ့ အနုပိယသရက် ဥယျာဉ်တောမှာ သီတင်းသုံးနေတော် မူခိုက်မှာ ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓမင်းသား၊ အနန္ဒမင်းသား ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသား၊ ဒီသာကီဝင် မင်းသား ဘုရားညီတော်များဟာ ဥပါလိဆတ္တာသည်နှင့်အတူ သင်္ကန်းဝတ်ဖို့ လိုက်သွားကြတယ်၊ အနုပိယသရက် ဥယျာဉ် တောမှာ မြတ်စွာဘုရားကို မီကြပါတယ်။

အနုရုဒ္ဓမင်းသား သင်္ကန်း ဝတ်ပြီး တရား အားထုတ် ရဟန္တာဖြစ်ပါတယ်၊ တနေ့မှာ အိမ်ရှေ့ဆွမ်းရပ်တော်မူတဲ့ အရှင် အနုရုဒ္ဓါမထေရ် မြတ်အား သဒ္ဓါ ကြည်ညို ယုံကြည် စွာဖြင့် ဆွမ်းတဇွန်း လောင်းလှူ လိုက်သူက ဣန္ဒက လုလင် ဖြစ်တယ်၊ ဣန္ဒကလုလင် ကွယ်လွန်တော့ တာဝတိံသာ နတ်ပြည်ကိုရောက် ပါတယ်။ စောစောက ပြောခဲ့တဲ့ မင်းသားကုန်သည် အင်္ကုရ နတ်သားနှင့် တွေ့ဆုံကြတာပေါ့။

## အင်္ကုရထက် (၁၀) မျိုးသာ

ဗုဒ္ဓမြတ်စွာဘုရား ခြောက်ဝါ ရပြီးနောက် ၇-ဝါ မြောက်မှာ အဘိဓမ္မာတရားဟောရင်း ဝါကပ်ဆိုဘို့ရာ တာ ဝတိံသာ နတ်ပြည်ကို ကြွတော်မူပါတယ်၊ ဣန္ဒက နတ်သားက မြတ်စွာဘုရားရဲ့ လက်ျာဖက် ဒူးနားမှာ အင်္ကုရ နတ်သားက

လက်ဝဲဖက်ဒူးနားမှာ တရားနာဘို့ရာ ရှေးဦးစွာ လာရောက်နေရာယူကြတယ်။ တရားပွဲ သတင်းကြားကြပြီး စကြဝဠာတသောင်းက နတ်ဗြဟ္မာ အများအပြား ရောက်လာ ကြတယ်၊ အင်္ကုရ နတ်သားဟာ မြတ်ဘုရားနှင့် ၁၂-ယူဇနာ (၉၆)မိုင်ဝေးအောင် နေရာဖယ်ပေးရရှာတယ်၊ ဣန္ဒကနတ်သားမှာတော့ ဖယ်မပေးရဲဘဲ မူလနေရာမှာ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ နေနိုင်တယ်။ လူတို့ပြည်မှာ ကိုယ်ထိုင်မိတဲ့နေရာ ဘယ်သူလာလာ ဖယ်မပေးပဲ ပေကပ်နေလို့ရတယ်၊ နတ်ပြည်မှာမရဘူး၊ဝါဂွမ်းစိုင် ဖက်ရွက်ခြောက် လေနောက်ကို ပါသွားသလို အရှိန် အဝါ တန်ခိုးကြီးမားတဲ့ နတ်ဗြဟ္မာတွေ ရောက်လာလျှင် အလိုလို ရွေ့သွားတယ်တဲ့၊ အဲဒါကြောင့် အင်္ကုရ နတ်သားဟာ မြတ်ဘုရားနှင့်(၉၆)မိုင် ဝေးသွားတာပေါ့။

နတ်သားနှစ်ဦးရဲ့ ထူးခြားချက်ကို နတ်ဗြဟ္မာအပေါင်း ကောင်းကောင်းကြီး သိသွားအောင် ဘုရားမြတ်စွာ မေးတော်မူတာကို အင်္ကုရ နတ်သားက အခုလို ဖြေဆို လျှောက်ထား ပါတယ်။

= ဒသဟိ ဌာနေဟိ အင်္ကုရံ၊ ဣန္ဒကော အတိရောစတိ။
ရူပေ သဒ္ဒေ ရသေ ဂန္ဓေ၊ ဖောဋ္ဌဗ္ဗေ စ မနောရမေ။

= အာယုနာ ယသသာ စေဝ၊ ဝဏ္ဏေန စ သုခေန စ။
အာဓိပစ္စေန အင်္ကုရံ၊ ဣန္ဒကော အတိရောစတိ။

ဘုန်းတော် ကြီးမြတ်တော် မူပါသော မြတ်စွာဘုရား၊ အလွန်နှစ်သက်မြတ်နိုးဘွယ်ကောင်းတဲ့ အဆင်း-ရူပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့-ဂန္ဓာရုံ၊ အရသာ-ရသာရုံ၊ နူးညံ့-ချောညက်တဲ့ အတွေ့အထိ- ဖောဋ္ဌဗ္ဗာရုံ၊ ဒီအကောင်းအာရုံ ငါးမျိုးရယ်၊ အသက်ရှည်ခြင်း အချေအရုံပေါမျှား နာမည်ကျော်ကြားခြင်း အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အစိုးရခြင်း ငါးမျိုးရယ်၊ နှစ်ရပ်ပေါင်း (၁၀)မျိုးသော အရာတို့ဖြင့် ဘုရားတပည့်တော်အကျိုးရအပေါ်မှာ ထိုဣန္ဒကဟာ လွှမ်းမိုးသာလွန် ပါတယ်ဘုရား။

ပရိယတ္တိ၊ ပဋိပတ္တိသာသနာအလုပ်ကို အားမထုတ်ကြသူ အလှူခံတို့အား အနှစ်တသောင်းကြာအောင် ပေးလှူကာ ဒါနမင်္ဂလာကိုပြုလုပ်ခဲ့ပါတယ်ဘုရား၊ ကိုဣန္ဒကမှာတော့ ပရိယတ္တိ၊ ပဋိပတ္တိသာသနာအလုပ်ကို အဟုတ်တမ်း အားထုတ်တော်မူတဲ့ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား ဆွမ်းတဇွန်းလောင်းလှူကာ ဒါနမင်္ဂလာကို ပြုလုပ်ခဲ့ရပါတယ်ဘုရား။

## ညောင်စေ့လောက်လှူ ညောင်ပင်ကြီးမျှ အကျိုးရ

သာသနာအလုပ် မလုပ်သူတွေအား ညောင်ပင်ကြီးတမျှ များပြားစွာ ပေးလှူခဲ့ရတဲ့ ဘုရားတပည့်တော်အကျိုးရဲ့ ဒါနမင်္ဂလာဟာ အမြတ်စာရင်း မဝင်တဲ့အတွက် ညောင်စေ့လောက်သာ အကျိုးရပြီး တန်ခိုးမှိန်သေး မြတ်ဘုရားနှင့်(၉၆) မိုင်ဝေးအောင် နေရာဖယ်ရှောင်ပေးရပါတယ်ဘုရား၊ သာသနာအလုပ် အဟုတ်တမ်းအားထုတ်တော်မူတဲ့ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား ညောင်စေ့တမျှ ပေးလှူရတဲ့ ကိုဣန္ဒကရဲ့

ဆွမ်းတဇွန်း ဒါနမင်္ဂလာဟာ အမြတ်စာရင်း ဝင်လေသော ကြောင့် နေရာဖယ်မပေးရတဲ့အပြင် အခုတွင်က လျှောက်ထား ခဲ့တဲ့ အရာ(၁၀)မျိုးဖြင့် ဘုရားတပည့်တော်ရဲ့ အပေါ်မှာ လွှမ်းမိုးသာလွန်အောင် ညောင်ပင်ကြီးလောက် အကျိုးရပြီး ကိုဋ္ဌန္ဒက တန်ခိုးထနေပါတယ်မြတ်စွာဘုရား။

## စိစစ်ကြည့်လျှင် သိနိုင်ပါတယ်

ဣန္ဒကလုလင် လောင်းလှူလိုက်တဲ့ဆွမ်းတဇွန်းကို ဘုဉ်း ပေးတော်မူလို့ ဖြစ်ပေါ်ရရှိလာတဲ့အင်အားကို အရှင်အနုရုဒ္ဓါ မထေရ်မြတ်က မိမိ ဖလသမာပတ်၊ နိရောဓသမာပတ်ဝင်စားဘို့ အတွက် ရှုမှတ်တဲ့ ပဋိပတ္တိသာသနာအလုပ်မှာ အသုံးပြုတော်မူ တယ်၊ အခြားသူများ ရှုမှတ်အားထုတ်တတ်အောင် တရား ဟော၊ တရားပြတဲ့ ပရိယတ္တိသာသနာအလုပ်မှာလဲ အသုံးပြု တော်မူပါတယ်၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်ရဲ့ တရားတော် ကိုနာယူပြီး အားထုတ်နည်းသိနားလည်ကာ ပရိယတ္တိသာသ နာတည်သွားသူတွေ၊ ပြသတာကို ခံယူပြီး ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတည်သွားသူတွေ၊ ၁၀-ဂဏန်းမှသည် ရာ ဂဏန်းဆီလဲရောက်နိုင်ပါတယ်၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်ရဲ့ နောက်တော်မှာ ပရိသတ်ငါးရာအမြဲရှိနေလို့ပါပဲ၊ ဣန္ဒကလုလင် ရဲ့ ဒါနမင်္ဂလာဟာ အခြားသူများအတွက် သာသနာပြုရာမှာ အထောက်အပင့် အပံ့အပိုး အကျိုးသက်ရောက်လို့ အမြတ်စာ ရင်းဝင်ပါတယ်၊ ဒါကြောင့် ညောင်စေ့လောက်လှူ ညောင် ပင်ကြီးလောက်အကျိုးရတယ်လို့ တင်စားပြောဆိုရပါတယ်။

အကုန်ရမင်းသားကုန်သည်ကြီးပေးလှူတဲ့ ပစ္စည်းများကို သုံးဆောင်ကြသူ အလှူခံများက ပရိယတ္တိ၊ ပဋိပတ္တိသာသနာအလုပ်ကို မလုပ်ပဲ၊ ကိလေသာတိုးပွားရေးအလုပ်ကိုသာ လုပ်ကိုင်ကြတော့ သာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် အထောက်အပင့် အပံ့အပိုး အကျိုးမသက်ရောက်ဖူး၊ ဒီတော့ အကုန်ရမင်းသားရဲ့ ဒါနမင်္ဂလာဟာ အမြတ်စာရင်းမှာ မပါဝင်လာဘူး၊ ဒါကြောင့် ညောင်ပင်ကြီးလောက်ပေးလှူရပြီး၊ ညောင်စေ့လောက်သာအကျိုးရ အစစတန်ခိုးငယ် မြတ်ဘုရားနှင့် ကိုးဆယ့်ခြောက်မိုင်ဝေးအောင် နေရာဖယ်ပေးရရှာတယ်ဆိုတာ စိစစ်ကြည့်လျှင် သိနိုင်ပါတယ်နော်၊

(မှန်လှပါဘုရား)။

## ဝမ်းသာကြရမယ်

အကုန်ရမင်းသားနှင့် ဣန္ဒကလုလင်တို့ရဲ့ ဇာတ်လမ်းမှာ အခြားသူများအတွက် သာသနာပြုရာမှာ အထောက်အပင့်—အပံ့အပိုး အကျိုးသက်ရောက်လို့ အမြတ်စာရင်းဝင်တဲ့ ဒါနမင်္ဂလာဖြစ်ပုံ၊ အကျိုးသက်ရောက်မှုမရှိလို့ ဒါနမင်္ဂလာအမြတ်စာရင်း မဝင်ပုံများကို ရှင်းပြပြီ၊ မကွေးတိုင်း၊ စလင်းမြို့၊ ညီတော်အရှင်သာဓိနရဲ့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီးနှင့် ဆက်စပ်ပတ်သက်နေကြတဲ့ ဒါယကာ·ဒါယိကာမများဟာ ငါတို့ရဲ့ဒါနမင်္ဂလာဖြင့် အမြတ်စာရင်းမှာပါဝင်ပြီလို့ သိနားလည်ကာ ဝမ်းသာကြရမယ်။

(မှန်လှပါဘုရား)။

ဘော ဒေဝ ပုတ္တာ၊ အို နတ်သား။ ဒါနဥ္စ၊ အလှူပေး
ခြင်းသည်လည်း။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊
မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊
မှတ်လေလော့။

ဒီ ဇေတဝန ကျောင်းတိုက်တော်ကြီး အတွင်းမှာရှိတဲ့ ကျောင်းဆောင်များကို နေထိုင်သုံးစွဲပြီး စာချ—စာသင်၊ တရားဟော၊ တရားပြ၊ ပရိယတ္တိသာသနာအလုပ်ကို လုပ်နိုင်ကြမယ်၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရား ရှုမှတ်ပွားများတဲ့ ပဋိပတ္တိသာသနာအလုပ်ကို လုပ်နိုင်ကြမယ်၊ ဒီတော့—အခြားသူများအတွက် သာသနာပြုရာမှာ အထောက်အပံ့ အပိုး အကျိုးသက်ရောက်လို့ ဝမ်းသာဘွယ် အမြတ်စာရင်းဝင် ဒါနမင်္ဂလာကြီးကို ပိုင်ကြပြီ။

(မှန်လှပါဘုရား)။

## ယုံကြည်ချက်ရှိရမယ်

အမြတ်စာရင်းဝင် ဒါနမင်္ဂလာကို ပြုလုပ်ရာမှာလဲ လုပ်ထုံး လုပ်နည်းတွေ ရှိပါသေးတယ်၊ အဲဒီနည်းတွေကို မြတ်စွာဘုရားသခင်က အင်္ဂုတ္တရနိကာယ်မှာ သပ္ပုရိသဒါနသုတ်တော်ဖြင့် ညွှန်ကြားတော်မူပါတယ်၊ အဲဒါတွေကိုဆက်ပြီး နာယူကြပေတော့၊ ကဲ—ဆိုကြရအောင်....

သဒ္ဓါယ ဒါနံ ဒေတိ၊
ကြောင်းကျိုးနှစ်ဖြာ ယုံကြည်စွာ ပေးကာ
လှူရမည်။

ကုသိုလ်ကံ အကုသိုလ်ကံကိုလဲ ယုံကြည်ရမယ်၊ အဲဒီ-ကံနှစ်မျိုးကြောင့် ဖြစ်ပေါ်လာတဲ့ ကောင်းကျိုးအမြတ်နှင့် ဆိုးကျိုးအရှုံးကိုလဲ ယုံကြည်ရမယ်၊ ချုပ်လိုက်တော့ ကံနှင့် ကံရဲ့အကျိုးကို လေးနက်သောယုံကြည်ချက်ဖြင့် မိမိပိုင်ပစ္စည်းကို ထိုက်သင့်သလိုပေးလှူကာ အမြတ်စာရင်းဝင်ဒါနမင်္ဂလာကို ပြုလုပ်ပါ။

(မှန်လှပါဘုရား)။

တချို့က ကုသိုလ်ကံ အကုသိုလ်ကံကိုလဲ မယုံကြည်ဘူး၊ အကောင်း၊အဆိုး၊ ရလဒ်အကျိုးကိုလဲမယုံကြည်ဘူး၊ မယုံကြည်နိုင်သူတွေ ယုံကြည်ဘို့ရာ မျက်မှောက်ခေတ်ဖြစ်ရပ်သာဓကတွေ အများအပြားရှိပါတယ်။

(မိန့်တော်မူပါဘုရား)။

## ကံချွန်သော်အဘွားသူဇာ

အထက်အညာမြေ ရွာကြီးတရွာမှာ အဘွား်သူဇာဆိုတာရှိတယ်၊ တူတော်မောင်ကို 'ငါ့တူက အဒေါ်ရဲ့မြေကိုသင့်လျော်ရာစိုက်ပျိုးပါ။၊ မြေကိုတဝက်ခွဲ၊ မြောက်ဖက်ခြမ်းကထွက်တဲ့သီးနှံကို ငါ့တူကယူ၊ တောင်ဖက်ခြမ်းကထွက်တဲ့သီးနှံကိုအဒေါ်ယူမယ်'၊အဲဒီလိုသဘောတူရဲ့လား'လို့အဒေါ်ကပြောတယ်၊ တူတော်မောင်က သဘောကျပြီး အဒေါ်ရဲ့မြေကွက်ကိုလုပ်ပါတယ်။

လုပ်သားတူ ယှုတဲ့ဘက်က သီးနှံအထွက်လျော့တယ်၊ ဒေါ်သူဇာယှုတဲ့ဘက်က အထွက်ပိုတယ်၊ နောက်နှစ်ကျတော့ လုပ်သားတူတော်မောင်ရဲ့ဆန္ဒအရ ဘက်လဲကြပြန်တယ်၊ အခု လို ဘက်လဲပြန်တော့ ဒေါ်သူဇာဘက် သီးနှံပိုထွက်ပြီး လုပ် သားတူဘက်မှာ အထွက်လျော့ပြန်တယ်၊ လုပ်သူကလဲတဦး တည်း၊ လုပ်သူယှုတဲ့ဘက်ကချည်း အထွက်လျော့တယ်၊ အဲဒါ ကံဖန်တီးချက်အင်မတန်ပေါ်လွင်တဲ့ သာဓကပဲနော်၊

(မှန်လှပါဘုရား)။

အေး ဒါကြောင့် ရှေးပညာရှိများက....

"ဥစ္စာကံပေး မရသေး နှောင့်နှေးဗျာပါမရှိရာ"
"ကံမရှိလျှင် ဥာဏ်ရှိတိုင်း မွဲတတ်တယ်"

ဒီလို ဆုံးမတော်မူခဲ့ကြတာပေါ့၊ ဒါလောက်ဖြင့် ကံ အ ကြောင်းကို သဘောမပိသေးပါလျှင် မိမိရဲ့ မျက်စေ့တမြင်၊ နားတကြားပတ်ဝန်းကျင်ကို သုံးသပ် ဆင်ခြင်ကြည့်ပါ၊ လူ ခြင်းအတူတူ အသက်တိုသူ၊ အသက်ရှည်သူ၊ ရောဂါထူသူ၊ ရောဂါကင်းသူ၊ ရုပ်အဆင်းလှသူ၊ မလှသူ၊ အခြံအရံများသူ၊ နည်းသူ၊ စည်းစိမ်ဥစ္စာများသူ၊ မများသူ၊ အမျိုးယုတ်ညံ့သူ၊ အမျိုးမြတ်သူ၊ ပညာတတ်သူ၊ ပညာမတတ်သူရယ်လို့ ကွဲပြား တာကို တွေ့ပါလိမ့်မယ်၊ အဲဒါဘာကြောင့်လဲ....

# စူဠကမ္မဝိဘင်္ဂသုတ်

## သတ်မှုကံ

အကြောင်းနာကင်းမဲ့ကာ အသက်သတ်မှု ငရဲသို့ရောက်ရတယ်၊ ငရဲမှလွတ်ပြီး လူ–စသည်ဖြစ်လာလျှင် အသက်တိုတယ်၊ အသက်မသတ်မှု နတ်ပြည်သို့ရောက်ရတယ်၊ လူဖြစ်မှု အသက်ရှည်တယ်။

## ညှဉ်းဆဲမှုကံ

အကြောင်းနာကင်းမဲ့ကာ ညှဉ်းဆဲနှိပ်စက်မှု ငရဲသို့ရောက်ရတယ်၊ လူဖြစ်လာလျှင် အနာရောဂါထူတယ်၊ မညှဉ်းဆဲမနှိပ်စက်မှု နတ်ပြည်သို့ရောက်တယ်၊ လူဖြစ်လာလျှင် အနာရောဂါကင်းတယ်။

## ဆန့်ကျင်ဖျက်ဆီးမှုကံ

ရန်ငြိုးဒေါသ အာဃာတကြီးလျက် ဆန့်ကျင်ဖျက်ဆီးမှု ငရဲသို့ရောက်ရတယ်၊ လူဖြစ်လာလျှင် အကြည့်တန်အရုပ်ဆိုးတယ်၊ စိတ်မဆိုးပဲ ခန္တီမေတ္တာစွဲမြဲလျက် မဆန့်ကျင် မဖျက်ဆီးမှု နတ်ပြည်သို့ရောက်ရတယ်၊ လူဖြစ်လာလျှင် ကြည့်ရှုမဝ အဆင်းလှတယ်။

## မနာလိုငြူစူမှုကံ

သူတပါးစီးပွားတက်တာ၊ ရိုသေမြတ်နိုး ရှိခိုး ပူဇော်ခံရတာကို မနာလို ငြူစူပြစ်မှားမှု ငရဲသို့ရောက်ရတယ်၊ လူဖြစ်လာလျှင် အခြံအရံနည်းတယ်၊ သူတပါးစီးပွားတက်တာ ရို

သေမြတ်နိုး ရှိခိုးပူဇော်ခံရတာကို မနာလိုငြူစူပြစ်မှားခြင်းမရှိပဲ နာလိုဝမ်းသာမှု နတ်ပြည်သို့ရောက်တယ်၊ လူဖြစ်လာလျှင် အခြံအရံများတယ်။

## မပေးလှူမှုကံ

ထမင်း၊ အဖျော်ရည်၊ အဝတ်အထည်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ယာ၊ နေရာကျောင်း၊ ဆီမီး စသော အသုံးအဆောင်တို့ကို မပေးလှူမှု ငရဲသို့ရောက်ရတယ်၊ လူဖြစ်လာလျှင် စည်းစိမ်ဥစ္စာနည်းတယ်၊ ပေးလှူမှု နတ်ပြည်သို့ ရောက်ရတယ်၊ လူဖြစ်လာလျှင် စည်းစိမ်ဥစ္စာပေါများတယ်။

## ဘဝင်မြင့်မှုကံ

ရှိခိုးထိုက်သူကို ရှိမခိုး၊ ကြိုဆိုထိုက်သူကို မကြိုဆို၊ နေရာပေးထိုက်သူကို မပေး၊ လမ်းခရီးပေးထိုက်သူကို လမ်းမပေး၊ အရိုအသေပြုထိုက်သူကို အရိုအသေမပြု၊ အလေးပြုထိုက်သူကို အလေးမပြု၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော် ထိုက်သူကို မပူဇော်၊ ထောင်လွှားတက်ကြွ မာနကြီး ဘဝင်ကိုင်မှု ငရဲသို့ ရောက်ရတယ်၊ လူဖြစ်လာလျှင် အမျိုး ယုတ်ညံ့တယ်။ ရှိခိုးထိုက်သူကို ရှိခိုး၊ခရီးဦးကြိုဆိုထိုက်သူကိုကြို၊ ရိုသေ ထိုက်သူကို ရိုသေ၊ အလေးပြုထိုက်သူကို အလေးပြု၊မြတ်နိုးထိုက်သူကို မြတ်နိုး၊ ပူဇော်ထိုက်သူကို ပူဇော်၊မခက်ထန် မထောင်လွှား မတက်ကြွ မာနမကြီး ဘဝင်မကိုင်မှု နတ်ပြည်သို့ ရောက်ရတယ်၊ လူဖြစ်လာလျှင် အမျိုးမြတ်တယ်။

## မမေးမြန်းမှုကံ

ကုသိုလ်တရား အကုသိုလ်တရား အပြစ်ရှိသော တရား အပြစ်မရှိသောတရား မှိုဲထိုက်သောတရားနှင့် မမှိုဲထိုက်သော တရား အဘယ်သို့ပြုလုပ်လျှင် ကာလမြင့်ရှည် ဆင်းရဲမည်ချမ်း သာမည်ကို မဆွေးနွေး မမေးမြန်းမှု ငရဲသို့ ရောက်ရတယ်၊ လူဖြစ် လာလျှင်လဲ ပညာမဲ့တယ်။ ဆွေးနွေး မေးမြန်းမှု နတ် ပြည်သို့ ရောက်ရတယ်၊ လူဖြစ်လာလျှင်လဲ ပညာရှိတယ်။

အဲဒီ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မ ဝိဘင်္ဂသုတ္တန်မှာ သုဘလုလင်အား မြတ်စွာ ဘုရား သခင် မိန့် ကြားဖြေဆိုတော်မူတဲ့ အတိုင်း သုံးသပ်ဆင်ခြင် ဉာဏ်အမြင် သန့်စင်ပါလျှင် ကံနှင့်ကံ၏အကျိုးကို ယုံကြည်လက်ခံနိုင်ဘွယ် ရှိပါတယ်။ ဒါကြောင့် ကံနှင့် ကံ၏အကျိုးကို လေးနက်သော ယုံကြည်ချက်ဖြင့် ဒါနမင်္ဂလာကို ပြုလုပ်ပါ။

ကဲ....ထပ်ပြီး ဆိုကြရအောင်—

— ကြောင်းကျိုးနှစ်ဖြာ၊ ယုံကြည်စွာ၊ ပေးကာလှူရ မည်။

— ပစ္စည်းဥစ္စာ၊ ပြည့်စုံကာ၊ ရုပ်မှာကျော့ရှင်း ချော လှသည်။

ချွေးနှင့်သွေးနှင့် ရင်းနှီး အသက်ပါစေတေးပြီး ရှာဖွေ စုဆောင်းထားတဲ့ ပစ္စည်းကို ယုံကြည်ချက် ပြည့်ပြည့် ဝဝနှင့် စွန့်လှူရမယ်၊ အမြတ်စာရင်းဝင် ဒါနမင်္ဂလာကို ပြုလုပ်ရမယ်။ ယုံကြည်ချက်ပြည့်ဝစွာဖြင့် ပြုလုပ်တဲ့ အမြတ်စာရင်းဝင်ဒါနမင်္ဂ လာကြောင့်—

အဇ္ဈော စ ဟောတိ၊ ကြွယ်ဝချမ်းသာတယ်။
မဟာဒ္ဓနော၊ ပစ္စည်းဥစ္စာ များတယ်။
မဟာဘောဂေါ၊အသုံးအဆောင် ပေါများတယ်။

အဲဒီ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ အသုံးအဆောင် ပေါများလှတဲ့ အပြင်—

အဘိရူပေါ စ ဟောတိ၊ အလှအဆင်းလှတယ်။
ဒဿနီယော၊ ရှုချင်ဘွယ် ရှိတယ်။
ပါသာဒိကော၊ စိတ်ကြည်လင်ဘွယ်ရှိတယ်။
ပရမာယ ဝဏ္ဏပေါက္ခရတာယ၊ သမန္နာဂတော၊ လှန်ကဲလှပသော အဆင်းသဏ္ဍာန် နှင့် ပြည့်စုံတယ်။

ကဲ- ဆောင်ပုဒ်ကို ပြန်ကျော့လိုက်ပါဦး—

— ကြောင်းကျိုးနှစ်ဖြာ၊ ယုံကြည်စွာ၊ ပေးကာ လှူရမည်။
— ပစ္စည်းဥစ္စာ၊ ပြည့်စုံကာ၊ ရုပ်မှာ ကျော့ရှင်း ချောလှသည်။

ဆက်ပြီးဆိုပါ—

— သက္ကစ္စံ ဒါနံ ဒေတိ—
— သန့်စင်လှပ၊ ပုံပြင်သ၊ စိတ်ကရိုသေလှူရမည်။

ရိုရိုသေသေ ပေးလှူရမယ်တဲ့၊ဆန်ကို ဆန်ကွဲဆန်ညှာ စပါးလုံးစပါးစေ့ မြက် သီး ကျောက်ခဲ စသည် အမှိုက်များ ကင်းရှင်းအောင် ရွေးချယ် စင်ကြယ်အောင် ရေ ဆေးချက်ပြုတ်ပါ၊

ဟင်းလျာများကိုလဲ သန့်ရှင်းစင်ကြယ် ကောင်းမွန်အောင် စီမံ ချက်ပြုတ် ကျွေးလှော် လက်သုတ်ပါ၊ စားစရာ မဟုတ်တဲ့ တခြား လှူဘွယ် ပစ္စည်း များကိုလဲ အသန့် ရှင်းဆုံး အလှဆုံး အကောင်းဆုံးဖြစ်အောင် ပြုလုပ်ပြင်ပါ။ အလှူခံများ ထိုင်ဘို့ အိပ်ဘို့နေရာများကိုလဲ အသန့်ဆုံး အကောင်းဆုံး ခင်းကျင်း ပြင်ဆင်ပါ။ အဲဒီလို ကောင်းမွန်စွာ ပြင်ဆင်ထားတဲ့ နေရာမှာ အလှူခံ ပုဂ္ဂိုလ်များကို နေစေပြီး အကောင်းဆုံး ပြုလုပ်ထားတဲ့ ပစ္စည်းများကို ပေးလှူတာဟာ ရိုရိုသေသေ ပေးလှူတာပါပဲ။ အဲဒီလို ပေးလှူလျှင် ရနိုင်တဲ့ အကျိုးက—

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတယ်၊ ဇနီးမယား သမီး သား ခြွေရံသင်းပင်း တွေဟာ အလှူရှင်အလိုကျ ပြောသမျှ စကားကို နားထောင်နာယူ လိုက်နာ ဆောင်ရွက် နေထိုင်ကြ တယ်။ ကဲ- ဆောင်ပုဒ်ကို ဆိုကြဦးစို့....

— သန့်စင်လှပ၊ ပြုပြင်သ၊ စိတ်ကရိုသေလှူရမည်။
— ပစ္စည်းပေါကာ၊ ကိုယ်ပြောရာ၊ ကောင်းစွာ လှူတိုင်း လိုက်နာသည်။

## အိမ်ဖြူတော် - အိမ်နီတော်

ပါဠိတော်မှာတော့....

— 'ယေပိဿ တေ ဟောန္တိ ပုတ္တာတိ ဝါ ဒါရာတိ ဝါ'

စသည်ဖြင့် အိမ်ရှင် အမျိုးသားက သားသမီး ဇနီးမှ ဆက်စပ်သမျှတို့ အပေါ်မှာ ဩဇာညောင်းပုံကို ဖော်ပြထား

ပါတယ်၊ အဲဒါ အတော်ရှေးကျတဲ့ အချိန်တုန်းက ဖြစ်ပါလိမ့်မယ်၊ အခုခေတ်မှာတော့ တမျိုးဖြစ်နေပုံ ရတယ်၊ ကြားဘူးတဲ့ ဇာတ်လမ်းလေးကို ပြောရအုံးမယ်။

ဘုရင်တဦးဟာ မိဖုရားကြီး အလိုကို အမြဲလိုက်လျော ရတယ်တဲ့၊ တိုင်းရေး ပြည်ရေးတွေကို ညီလာခံမှာ ဆွေးနွေးဆုံး ဖြတ်ပြီးသားဖြစ်ပေမဲ့ မိဖုရားအလိုကျ ပြန်လည် ပြင်ဆင်ရတာ တွေလဲ မနည်းဘူးတဲ့၊ ဒီတော့ အမတ်တွေက တိုင်ပင်ညှိတယ်၊ မိဖုရားကြီး အလိုအကြိုက်ချည်းပဲ လုပ်နေရတယ်၊ တိုင်းပြည်တိုး တက်ရေး တို့များရဲ့ အကြံဉာဏ်တွေဟာ အလကားဖြစ်ပေါင်း များပြီ၊ ဒီလိုပြောကြတာကို ဘုရင်ကြီးနား ပေါက်ကြား သွားတယ်။

ဒီတော့ ဘုရင်ကြီးက ရွှေနန်းတော်ရင်ပြင်မှာ မြောက်ဘက် ခြမ်းက အိမ်ဖြူတော်ဆောက်၊ တောင်ဘက်ခြမ်းက အိမ်နီတော် ဆောက်၊ အိမ်ထောင်ရှင် အမျိုးသားအားလုံး အိမ်ဖြူ အိမ်နီ နှစ်လုံး အလည်ဗဟိုကြားကွက်လပ်မှာ စုရုံးကြရမယ်လို့ အမိန့် တော်ထုတ်ပြန်လိုက်တယ်။

အားလုံးစုံညီတဲ့အခါ ဘုရင်ကြီးက ‘ကိုယ့်ဇနီး မိန်းမကို မကြောက်ရသူတွေက အိမ်နီတော်ကို ဝင်ကြစေ၊ ကြောက်ရသူ တွေက အိမ်ဖြူတော်ကို ဝင်ကြစေ’လို့ ထပ်ဆင့် အမိန့်ထုတ်ပြန် လိုက်ပါတယ်၊ဘုရင်ကြီးကစောင့်ပြီးအကဲကြည့်နေတာကိုး၊အိမ် ထောင်ရှင် အမျိုးသားအများစုကြီးဟာ အိမ်ဖြူတော်ကိုချည်းပဲ ဝင်ကြတယ်၊ အိမ်နီတော်ကို ဝင်သူမမြင်ရသေးဘူး၊ စုရပ်မှာ တယောက်ပဲ ကျန်တော့တယ်၊ အဲဒီ နောက်ဆုံးတယောက်သာ အိမ်နီတော်ကို ဝင်ပါတယ်တဲ့။

ဘုရင်ကြီးက ဝမ်းသာလွန်းလို့ အိမ်နီတော်ကို ဝင်တဲ့ အမျိုးသားကို အမြန်ရှေ့တော်သွင်းစေ၊ အမိန့်တော်အတိုင်း ရှေ့တော်မှောက် ရောက်လာတယ်၊ ကဲ-မောင်မင်း ဒီနေ့ကစပြီး ငါ့ကိုယ်တော်မြတ် မိဖုရားကြီးကို အနိုင်ယူရအောင် မောင်မင်းရဲ့ မယားနိုင်နည်းကောင်းတရားကို ငါ့အား သံတော်ဦး အမြန်တင်စမ်း မောင်မင်း။

ရွှေနားဆင်တော်မူပါ ထီးဘုရားထိပ်ခေါင်တင် ဘုရား၊ 'ကလေးတို့အဖေ အခု အိမ်ထောင်ရှင် အမျိုးသားတွေကိုချည်း ဆင့်ခေါ်တော်မူတာ၊ ထူးတယ် အမိန့်က၊ ရွှေနန်းတော်ကြီးကို ရောက်လျှင် အခြေအနေကို ကြည့်နော်၊ သူများလုပ်သလိုမလုပ်နှင့်သိလား'၊ အဲဒီလို အိမ်ရှင်မ ကလေးတို့ အမေက မှာကြားလိုက်ပါတယ်ဘုရား၊ ဒါကြောင့် ဘုရား ကျွန်တော် မျိုးဟာ နောက်ဆုံးချန်ပြီး အိမ်နီတော်ကြီးကို ဝင်ရကြောင်းပါ ထီးဘုရားရွှေနန်းရှင်ဘုရား။

အင်း မယားနိုင် နည်းကောင်း တရား မနာကြားရသော်လဲ မယားကြောက် အင်အားထုထည်ကြီးမား များပြားတာကို သိရလို့ ဝမ်းသာလှပါတယ် မောင်မင်း၊ အဲဒီလို မိန့်ကြားပြီး ဘုရင်ကြီးက အခန်း အနားကို ရုပ်သိမ်း လိုက်ပါတယ်တဲ့။

## အမျိုးသမီးတွေက တက်တက်ကြွကြွ

အလှူအတန်း အခန်းအနား ပြင်ဆင် တာတွေ မှာရော စားသောက်ဘွယ် ချက်ပြုတ်ပြင်ဆင်တာတွေမှာပါ သပ်သပ်ယပ်ယပ်လှလှပပ ဆောင်ရွက်ကြတဲ့ နေရာမှာ အမျိုးသမီးတွေက

တက်တက်ကြွကြွ ဆောင်ရွက်ကြတာ များတယ်၊ အဲဒီတော့ လှလှပပ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် ရိုရိုသေသေ ပေးလှူတဲ့ ကုသိုလ်က အကျိုးပေးလေတော့ အမျိုးသမီး များမှာ အမျိုးသားတို့ရဲ့ ချစ်ခင်ကြင်နာခြင်း အပြည့်အဝဖြင့် အလိုအကြိုက်ကို လိုက်လျောမှု ဆုလဒ်ကြီးကို ရနေကြတယ်လို့သာ ဘုန်းကြီးကတော့ ကောက်ချက်ချလိုက်ပါတယ်၊ အမျိုးသားကြီးတွေဟာ ကိုယ့်ဇနီးကို ကြောက်ရတယ်လို့ မယူဆလိုပါဘူး။

ကဲ....ဆောင်ပုဒ်ကို တကျော့ပြန်လိုက်ပါဦး—

— သန့်စင်လှပ၊ ပြုပြင်သ၊ စိတ်ကရိုသေ လှူရမည်။
— ပစ္စည်းပေါကာ၊ ကိုယ်ပြောရာ၊ ကောင်းစွာ လူတိုင်း လိုက်နာသည်။

ဆက်ပြီးဆိုပါ....

— ကာလေန ဒါနံ ဒေတိ—
— သင့်လျော်ကန်ရာ၊ အချိန်မှာ၊ ပေးကာလှူရမည်။

ပေးလှူဘို့ရာ အသင့်တော်ဆုံး အကောင်းဆုံး အချိန်ကာလမှာ ပေးလှူတာကို ကာလဒါနလို့ ခေါ်ပါတယ်၊ အဲဒီကာလဒါနဟာ ၅-မျိုးရှိပါတယ်၊ မြတ်စွာဘုရားက ပဉ္စကအင်္ဂုတ္တိုရ်မှာ ကာလဒါနသုတ္တန် အမည်တပ်ပြီး သီးခြား ဟောထားပါသေးတယ်၊ ကဲ....အဲဒီ မြန်မာဆောင်ပုဒ်ကို ဆိုကြည့်ရအောင်—

— ခရီးသွား, ဧည့်သည်, လူနာ များနှင့်၊ ငတ်မွတ်သူအား ပေးဝေလှူ။

အစဦးစွာ ကိုယ့်လုပ်အားမှ၊ ရဉစ္စာများ ပေးဝေလှူ။
ဖြစ်လေရာတွင် ငယ်စဉ်ကစ၊ ဥစ္စာကြွယ်ဝ သူမတူ။
လိုသောအခါ လိုရာရာ၊ ရောက်လာရသည်ဟူ၊
ကျမ်းဂန်လှ၊ အင်္ဂုတ္တရ ပဉ္စက၊ တိကျစွဲမှတ်ယူ။

— ဂမိကဿ ဒါနံ ဒေတိ–
ခရီးသွား ပုဂ္ဂိုလ်များအား စားသောက်ဘွယ် သုံးဆောင်ဘွယ်- ပစ္စည်း များကို ပေးကမ်း လှူဒါန်းတာ၊

— အာဂန္တုကဿ ဒါနံ ဒေတိ–
ဧည့်သည် ပုဂ္ဂိုလ် များအား စားသောက်ဘွယ် သုံးဆောင်ဘွယ် ပစ္စည်းများကို ပေးကမ်းလှူ ဒါန်းတာ၊

— ဂိလာနဿ ဒါနံ ဒေတိ–
ရောဂါနှိပ်စက်ခံရကာ ကျန်းမာရေး မပြည့်စုံသူ နာမကျန်း ပုဂ္ဂိုလ် များအား ထိုးသွင်း စား သောက် လိမ်းရှုဘွယ်ရာ ဆေးပစ္စည်းနှင့်အဝတ် အထည် စသော အသုံးအဆောင် ပစ္စည်းများ ပေးကမ်း လှူဒါန်းတာ၊

— ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ–
မိုး, ရေ, လေစသော ဘေးတခုခုကြောင့် စား ဝတ်နေမပြည့်စုံ- ချွတ်ချုံ့ ကျနေသူ ငတ်မွတ် နေသူ ပုဂ္ဂိုလ်များအား စားသောက်ဘွယ် သုံး

ဆောင်ဘွယ် ပစ္စည်းများကို ပေးကမ်းလှူဒါန်းတာ၊

— ယာနိ တာနိ နဝသဿာနိ နဝဖလာနိ၊ တာနိ ပဌမံ သီလဝန္တေသု ပတိဋ္ဌာပေတိ—

ကောက်ဦး သစ်သီးဦးတို့ကို သီလရှိသော ပုဂ္ဂိုလ်များအား မိမိမသုံးဆောင်မီ ရှေးဦးစွာ ပေးကမ်းလှူဒါန်းတာ၊ ဒီအချက်ဟာ စက်မှုမတိုးတက်သေးတဲ့ စိုက်ပျိုးရေး ရှေ့တန်းရောက်နေတဲ့အချိန်က ဗုဒ္ဓမြတ်စွာဘုရား ညွှန်ကြားတော်မူတာပါ၊ သုတ္တာနုလောမ-အလျော် ခြုံမိအောင်ပြောလျှင်....

— ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် စီးပွားရေး အလုပ်ကို အစဦးဆုံး လုပ်လို့ရလာတဲ့ လုပ်အားခကို မိမိမသုံးစွဲမီ ရှေးဦးစွာ သီလရှိသော ပုဂ္ဂိုလ်များအား ပေးကမ်းလှူဒါန်းတာ၊ အဲဒီ ၅-မျိုးအလှူကို ကာလဒါန ခေါ်ပါတယ်။

## ခရီးသွားနှင့် အာဂန္တု

ခရီးသွားနှင့် အာဂန္တု ခွဲခြားနားလည်ဘို့ရာ လိုပါသေးတယ်၊ သင်္ဘော, ကား, မီးရထား, လေယာဉ် ခရီးသွားတုန်း ဆုံမိသူများ၊ ခြေလျင် ခရီးသွားတုန်းကို ဆုံမိသူများ၊ မိမိနေရာကို ရောက်လာပြီး ပြန်ဘို့ရာ ရက်သတ်တဲ့နေ့ ရောက်ပြီး ပြန်တော့ သွားတော့မဲ့ ပုဂ္ဂိုလ်များ၊ အဲဒါတွေဟာ ဂမိက-ခရီးသွားပုဂ္ဂိုလ်တွေပါ။ မိမိထံရောက်လာပြီး ပြန်ဘို့သတ်မှတ်တဲ့ရက်ကို မရောက်သေးမီ ရှိနေသူကို အာဂန္တု- ဧည့်သည် ခေါ်ပါတယ်။

အခုဆိုလျှင် စလင်းမြို့ဒက္ခိဏာရာမ လယ်ပြင်ကျောင်း တိုက်ကို ရောက်တဲ့ အချိန်ကစပြီး ဘုန်းကြီးဟာ အာဂန္တုံး ဧည့်သည်ပေါ့၊ တပေါင်း လပြည့်ကျော် (၄)ရက် ပြန်ကြမှာ ဖြစ်လို့ ရန်ကုန်ကို ပြန်ကြမဲ့ နက်ဖြန် **မနက်** အရုဏ် တက်ပြီး အချိန်ကစပြီး ဘုန်းကြီးဟာ ဂမိက- ခရီးသွားပုဂ္ဂိုလ်ပဲ၊ နက်ဖြန် အရုဏ်ဆွမ်း ကပ်လှူသူတွေဟာ ခရီးသွား ပုဂ္ဂိုလ်အား လှူဒါန်းပြီး ကာလဒါနကုသိုလ်တွေ ပွားကြရဦးမှာပေါ့။

## လယ်ပြင်ကျောင်း, ကာလဒါန

ဘုန်းကြီးတို့ရဲ့ညီ လယ်ပြင်ကျောင်းဆရာတော် အရှင် သာမိန ခရီးကြွတဲ့ရက်မှာ လှူရတာ ခရီးစရိတ် လှူရတာ မကျန်းမာတဲ့အခါ လှူရတာတွေဟာ ကာလဒါန တွေချည်း ပါပဲ၊ ကာလဒါနပြုလုပ်ခွင့် ရကြတဲ့ လယ်ပြင်ကျောင်း ဒါယကာ ဒါယိကာမတွေဟာ အလွန် ကုသိုလ်ထူးကြပါပေတယ်။

ကဲ.... တကျော့ပြန်လိုက်ကြဦးစို့—

— သင့်လျော်ကန်ရာ၊ အချိန်မှာ၊ ပေးကာ လှူရမည်။

— ခရီးသွား, ဧည့်သည်, လူနာများနှင့်၊ စော်မွတ်သူ
အား ပေးဝေလှူ။

အစဦးစွာ ကိုယ့်လုပ်အားမှ၊ ရဥစ္စာများ ပေးဝေလှူ။
ဖြစ်လေရာတွင် ငယ်စဉ်ကစ၊ ဥစ္စာကြွယ်ဝ သူမတူ။
လိုသောအခါ လိုရာရာ၊ ရောက်လာရသည်ဟူ။
ကျမ်းဂန်လှ၊ အင်္ဂုတ္တရ ပဉ္စက၊ တိကျစွဲမှတ်ယူ။

ဆက်ပြီးဆိုပါဦး....

— အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ....

— ပစ္စည်းပေါမှာ၊ လောဘခွါ၊ ပေးကာ လှူရမည်။

ချွေးနှင့်၊ သွေးနှင့် ရင်းနှီး အသက်ပါစတေးပြီး ရှာဖွေစုဆောင်းလို့ ရထားတဲ့ မိမိပိုင် ပစ္စည်းကို ခင်မင် စွဲလမ်းတဲ့ လောဘ-တဏှာဖြစ်တတ်ပါတယ်၊ အဲဒီ လောဘ အမျှင်တန်းတန်းနှင့် မပေးလှူပါနှင့်၊ စောစောက ပြောခဲ့တဲ့ ဆင်ခြင်ဉာဏ် ယုံကြည်ချက်ဖြင့် လောဘကို ခွါလိုက်ပါဦး၊ ရောင်းဝယ်ရေးလုပ်သူတွေဟာ ထောင်မြင်-ရာစွန့်ရတယ်လို့ ဆောင်ပုဒ်ကို ရွတ်ဆိုကြတယ်၊ အမြတ် တစ်ထောင် ရမှာ မြင်သူဟာ တစ်ရာအရင်းမြှုပ်ဘို့ရာ မနှမြောဘူး၊ တစ်ရာပေါမှာ ခင်မက်ခြင်းကင်းတယ်၊ အဲဒီဥပမာအတိုင်း ပဲပေါ့၊ စွန့်လှူလိုက်ခြင်းအကြောင်းကြောင့် လူ နတ် နိဗ္ဗာန်ချမ်းသာ ရရှိမှာကို သိမြင်ယုံကြည်ထားပါလျှင် စွန့်လှူမဲ့ ပစ္စည်းပေါမှာ လောဘကွာပါတယ်၊ ပစ္စည်းကို ခင်မက်တဲ့ လောဘကို ဖယ်ခွါပြီးမှ ပေးလှူရမယ်။

## မကွေးမြို့ မြသလွန်ဘုရားဖူး တဦး

အမြတ်တစ်ထောင် ရမှာကို သိမြင်သူ စွန့်လှူတိရင်းနှီးမြှုပ်နှံရမဲ့ တစ်ရာငွေကို မခင်မက်ပဲ ဝမ်းသာကြည်ဖြူ တစ်ရာငွေကိုစွန့်လှူတ်မြှုပ်နှံသလို လူနတ်နိဗ္ဗာန်- ရရှိမဲ့ အမြတ်ကို မြော်မြင်ပြီး ပစ္စည်းပေါမှာ လောဘခွါ လှူရမယ်ဆိုတာ သဘောပေါက်လောက်ပါပြီ၊ (ပေါက်ကြပါပြီဘုရား)။

ကဲ....ဆောင်ပုဒ် ဆိုကြဦးစို့-

— သုံးဆောင် ဘွယ်ရာ၊ ကိုယ့်ဥစ္စာ၊ ကောင်းစွာ သုံးဆောင်သည်။

လောဘခွါပြီး မုတ္တစာဂ· လွတ်လွတ်စွန့်လှူတဲ့ ဒါန ကုသိုလ်ကပေးလို့ ရရှိလာတဲ့ ပစ္စည်းများကို အလှူရှင်ဟာ ကောင်းမွန်စွာ သုံးဆောင် နိုင်ခြင်း အကျိုးကို ရရှိ ပါတယ်၊ တချို့ ပစ္စည်း ချမ်းသာ သူတွေဟာ ကိုယ့် ဟာ ကိုယ် တောင် ကောင်းကောင်းမွန်မွန် မဝတ်နိုင် မစား နိုင်ဘူး၊ ဒီလိုပစ္စည်း ချမ်းသာသူတွေ ရှေးကလဲရှိ, ခုခေတ်မှာလဲ ရှိတာဘဲ၊ မကွေးမြို့ မြသလွန်ဘုရားပွဲတော်ချိန်၊ အိမ်တအိမ်ကို ဘုရားဖူး ဧည့်သည် ရောက်လာတယ်၊ ၁၅-မိနစ်လောက် ကြာတဲ့အခါ ဧည့်သည်မကို 'ရှင့်အလုပ်သမား ငွေရှင်းလိုက်ဦး' လို့ ပြောတယ်တဲ့၊ အဲဒီအခါ ဧည့်သည်မက 'အို-သူက ကျမယောကျ်ားပါ' လို့ပြောပါတယ်တဲ့၊ အဲဒီမှ အိမ်ရှင်မခမျာ အားနာလွန်းလို့ အိမ်အတွင်း ခေါ်ပြီး နေရာပေးရပါတယ်တဲ့။ အဲဒီ ဧည့်သည်မရဲ့ ယောကျ်ားမှာက ဝါးခမောက်ဆောင်းပြီး လုံချည်အင်္ကျီ အဟောင်း အနွမ်း ဝတ်ဆင်ထားတယ်၊ ရောက်တာနှင့်ဧည့်ခန်းမှာမထိုင်ပဲ အပြင်ဘိနပ်ချွတ်မှာထိုင်နေတယ်၊ ဇနီးကတော့ ခေတ်မီ အကောင်းစား အဝတ်အထည် စိန်ရွှေ အဆင်တန်ဆာ အပြည့်နှင့် ရောက်တာနှင့် ဧည့်ခန်းမှာ အခန့်သားဝင်ထိုင်တယ်။ ဒီတော့ အိမ်ရှင်က အလုပ်သမားထင်တာပေါ့၊ ဒီခရီး ဒီထီး ဒီအရပ် ဒီဘိနပ် ဒီအချိန် ဒီထဘီဆိုတာလို လိုက်လျောအောင်တော့ ဝတ်မှ စားမှပေါ့။ အဲဒီလို လိုက်လျောညီထွေ မဝတ်နိုင် မစားနိုင်တဲ့ ပစ္စည်းရှင်တွေဟာ လောဘမခွါပဲ ပေးလှူခဲ့တယ်ဆိုတာ ထင်

ရှားပါတယ်၊ ဒါကြောင့် လောဘခွါပြီး လှူရမယ်လို့ ဘုရား မြတ်စွာဟောတော်မူတာပေါ့။ ကဲ....ထပ်ဆိုကြဦး-

— ပစ္စည်းပေါ်မှာ၊ လောဘခွာ၊ ပေးကာလှူရမည်။
— သုံးဆောင်ဘွယ်ရာ၊ ကိုယ့်ဥစ္စာ၊ ကောင်းစွာ သုံး ဆောင်သည်။

ဆက်ပြီး ဆိုပါဦး....

— အတ္တာနုဋ္ဌ ပရဋ္ဌ အနုပဟစ္စ ဒါနံ ဒေတိ·
— မိမိဂုဏ်များ၊ သူ့ဂုဏ်များ၊ ပျက်ပြားကင်းအောင် လှူရမည်။

ကိုယ့်စီးပွားရေးအင်အားထက် ပိုပြီး ကျွေးယူလှူလျှင် တွေးမိတိုင်း ဝမ်းသာကြည်နူးခြင်း မဖြစ်ရပဲ အကျွေး ဘယ်လို ဆပ်ရပါ့လို့ တွေးပြီး ပူဆွေး စိုးရိမ်ခြင်း အမျှင် တန်းလန်းနှင့် အခြားသူများရဲ့ အထင်သေး ခံရတတ်တယ်။ အဲဒါ ကိုယ့် ဂုဏ်ကို ထိခိုက်အောင် လှူတာပဲ။

သူတို့က ကော်စေးနဲ့ ကတ်တရာ လူစားတွေ၊ တရာနှစ် ရာ လှူနိုင်တဲ့ အင်အားရှိသလောက် လှူချင်တာ မဟုတ်ဖူး။ ငါ့မှာတော့ ငါးကျပ်လောက်ပဲ လှူနိုင်တဲ့စွမ်းရည်ရှိတယ်။ ငါ က ငါ့စွမ်းအင်ရှိသလောက် လှူလို့မှ သူတို့လဲ သူတို့စွမ်းအား အလျောက် မလှူလျှင် သူတို့ကို အများက အကြည်ညိုမဲ့ အ ထင်သေးကြလိမ့်မယ်။ ဒီအကွက်မှာ သင်းတို့ကို ငါကထိုးနှက် လိုက်ဦးမယ်။ ဒီ အတွေးများနှင့် လှူလျှင် သူတပါးကို ထိ ခိုက်အောင် လှူတာ။ အဲဒီလို သူတပါး ဂုဏ်ကို ထိ ခိုက် အောင် မလှူရဖူး။

အခုပြောတာက နည်းပြသဘောဖြစ်တယ်။ တထွာပြ လျှင် တလံမြင်ပြီး ကိုယ့်ဂုဏ်သူ့ဂုဏ် ထိခိုက်ပျက်ပြားစေမဲ့ တခြားလှူနည်းများကိုလဲ ရှောင်ကြဉ်ကြရမယ်။ ရနိုင်တဲ့အကျိုး အမြတ်သရုပ်ဖော် ဆောင်ပုဒ်ကိုဆိုကြဦး—

— ကိုယ့်ဥစ္စာများ၊ ရန်သူငါး၊ ထိပါးကင်းလွတ်သည်။

အဲဒီလို ကိုယ့်ဂုဏ်သူ့ဂုဏ်မထိခိုက်အောင် လှူဒါန်းတဲ့ ဒါနကုသိုလ်ကြောင့် ပစ္စည်းဥစ္စာ လယ်ယာမိုးမြေ ရွှေငွေစိန်မြ ဆင်မြင်းကျွဲနွား အစားစား အဖုံဖုံ သက်ရှိသက်မဲ့ အသုံးအ ဆောင်များ ပြည့်စုံမယ်၊ အဲဒီ မိမိပိုင် သက်ရှိ သက်မဲ့ အသုံး အဆောင်ပစ္စည်းအားလုံးဟာ ငါးမျိုးရန်စွယ် အန္တရာယ်မှလဲ လွတ်ကင်းတယ်။

## ရန်သူမျိုးငါးပါး

### မီးရန်သူ

အဂ္ဂိတော ဝါ- မီးဘေးမှလဲကင်းလွတ်ပါတယ်၊ မီးဟာ စံနစ်ကျကျသုံးတတ်လျှင် လူအပါအဝင် သက်ရှိအားလုံးအ တွက် မိတ်ဆွေပါဘဲ၊ အခုဆိုလျှင် လူသားများချမ်းသာရေး အတွက် အနုမြူရောင်ခြည်ကိုတောင် သုံးစွဲနေကြပြီ။ အသုံးမ တတ်လျှင်တော့ စီးကရက်ဆေးလိပ်တိုမီးကလေးမှ ရွာလုံးကျွတ် မြို့လုံးကျွတ် ပြာကျအောင် စွမ်းဆောင်တယ်၊ အဖျက်လုပ်ငန်း မှာ ဒီနေ့အနုမြူမီးဟာ စွမ်းအင်အထက်ဆုံးပေါ့၊ အဲဒါအသုံး မတတ်လို့ လူသားအပါအဝင်သက်ရှိများရဲ့ ရန်သူစာရင်းဝင် ဖြစ်သွားရရှာတယ်။

## ရေရန်သူ

ဥဒကတော် ဝါ၊ ရေဘေးမှလဲ့ ကင်းလွတ်ပါတယ်၊ ရေဟာလဲ လူသားနှင့် သက်ရှိများအတွက် အလွန်အသုံးဝင်ပြီး မရှိမဖြစ်တဲ့ ပစ္စည်းတခုပါပဲ၊ ထမင်းအသက်(၇)ရက် ရေအသက်တမနက်လို့တောင် ဆိုထားတာ၊ ကြိုတင် ကာကွယ်မှုနှင့် တကွပါးနပ်လိမ္မာကိုင်တွယ်သုံးစွဲတတ်ပါလျှင်သက်ရှိအားလုံးအတွက် မိတ်ဆွေအစစ်ပါ။ ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ မချိုးသင့်တဲ့အချိန် မချိုးသင့်တဲ့ အရပ်မှာ ရေချိုးမိလျှင် ရိုးရိုးဖျား ငှက်ဖျားဖြစ်တော့ ရေဟာ ရန်သူဖြစ်သွားရော့၊ ဒါကြောင့် လူသာပမာန် လို့ ယေဘုယျဆိုဘွယ်ရှိပါတယ်။

## ဝိဋ္ဋဍူပမင်းနှင့်

မြတ်စွာရာရားရဲ့ ဆွေတော်မျိုးတော်တွေကို သတ်ဖြတ်ဖျက်ဆီးပြီး သာဝတ္ထိပြည်ကို ပြန်လာတဲ့ ဝိဋ္ဋဍူပမင်းဟာ အချိန်လင့်တာနှင့် မြစ်ကမ်းထိပ်မှာ စခန်းချ ညအိပ်ကြတယ်၊ ပရွက်ဆိတ်ကိုက်လွန်းလို့ အားလုံးမြစ်တွင်း သဲသောင်ပြင် ဆင်းပြီး အိပ်ကြပြန်တယ်တဲ့၊ အိပ်ပျော်နေတုန်း မြစ်ညာမှာ ရုတ်တရက် မိုးကြီးရွာ ဒလဟော မြစ်ရေဆင်းလာပြီး အားလုံး သေကုန်ကြတယ်ဆိုတယ်၊ ဒါကတော့ အတိတ်က ကုသိုလ်ကြောင့် ရေရန်သူလက်မှာ အသက်ဆုံးကြတာလို့ မြတ်ဘုရား မိန့်ကြားတော်မူတယ်။ သာမာဝတီတို့လဲ အတိတ် အကုသိုလ်ကြောင့် မီးလောင်ခံရင်း သတိပဋ္ဌာန် ဝိပဿနာ ရှုမှတ်သေပွဲ ဝင်ကာ နတ်ပြည် ဗြဟ္မာ့ပြည် ရောက်ကြတယ်။

သာမာဝတီ မင်းသမီး၊ ဝိဋ္ဋဍူပမင်းသားတို့ဟာ အတိတ်ကုသိုလ်ကြောင့် မီးရန်သူ ရေရန်သူက ဖျက်မှုနှင်း အသက်ဆုံးရှုံး

ကြရတယ်၊ ဒီလို အကုသိုလ်မျိုးတွေ မဖြစ်အောင်လဲ စောင့်ထိန်း သင့်ကြပါတယ်။

## မင်းရန်သူ

ရာဇတော ဝါ၊ အုပ်စိုးသူ မင်းဘေးမှလဲ ကင်းလွတ်တယ်၊ ကိုယ်ပိုင်သက်ရှိ သက်မဲ့ပစ္စည်းတွေကို အုပ်စိုးသူမင်းများက သိမ်းမယူနိုင်ဘူးဆိုလိုပါတယ်၊ ဒါလဲ ဥပဒေစည်းကမ်းမရှိတဲ့ မင်းတွေ ဖြစ်ပါလိမ့်မယ်၊ သနားညှာတာ အကြင်နာ တရားနှင့် ပြည်သူတွေရဲ့ လုံခြုံရေးကို အထူးအလေးပြုတဲ့ မင်းတွေလဲရှိခဲ့ ကြပါတယ်၊ အဲဒီလို မင်းတွေကတော့ လူထုရန်သူ စာရင်းမှာ မပါဝင်ဘူး ဆိုရပါလိမ့်မယ်။ မျက်မှောက်ခေတ် အုပ်စိုးသူ မင်းတွေမှာတော့ ဥပဒေ ပြဋ္ဌာန်းပြီးမှ ဆောင်ရွက် လုပ်ကိုင် ကြတာဖြစ်တော့ ရန်သူစာရင်းမှာ ပါဝင်ဘို့မရှိပါဘူး။

## မချစ်မနှစ်အပ်သော အမွေခံဆိုးရန်သူ

**အပ္ပိယတော ဝါ** ဒါယာဒတော၊ မချစ် မနှစ်သက်အပ်သော အမွေခံဆိုးဘေးမှလဲ ကင်းလွတ်ပါတယ်၊ လောကမှာ အမွေခံဆိုတာ ကျောကသား ရင်ကသားရယ်လို့ နှစ်မျိုးရှိပါတယ်၊ ရင်ကသားဆိုတာက ကိုယ်တိုင်ဝမ်းဖြင့် လွယ်ပြီး မွေးထားရတဲ့ သားသမီး များကို ရင်က သားလို့ ခေါ်ပါတယ်၊ အမွေစား အမွေခံအဖြစ် စာချုပ်-စာတမ်းပြုလုပ်ပြီး သူတပါး သားသမီးများကို မွေးစားတာကို ကျောကသားလို့ ခေါ်ပါတယ်။ အဲဒီ ကျောသား ရင်သားများဟာ မိဘများက ကောင်း ရာညွှန်ကြားသည်ကို မလိုက်နာပဲ ဆိုးသွမ်းနေကြပါလျှင် မိဘများ မချစ်မနှစ်သက်အပ်သော အမွေခံဆိုး ရန်သူစာရင်း ဝင်တော့တာပဲ။

ဒီနေ့ အထက်တန်းလွှာ ဘိန်းဖြူစွဲတဲ့ သားသမီးများရဲ့ မိဘတွေမှာ ကျပ်ငွေ သိန်းဂဏန်း များစွာ တန်ဘိုး ကြီးကြီး ပစ္စည်း ဆုံးရှုံးခံကြရတယ်၊ တချို့ မိဘတွေမှာ ဘိန်းဖြူ စွဲတဲ့ သားရဲ့ လက်ချက်ဖြင့် အသက်တောင် ဆုံးကြရသတဲ့။ အင်း.... ကြားရတာ သံဝေဂပွားပြီး မဟာသတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းတရားကို လှိုင်မဟာစည်သာသနာ့ရိပ်သာ သွားကာ ကြိုးစားအားထုတ်ဖို့သာကောင်းတော့တယ်နော်၊ (မှန်လှပါဘုရား) တရားအားထုတ် အောင်မြင်သွားလျှင် အဲဒီအဖြစ်ဆိုးမှ လုံးဝ လွတ်မြောက်နိုင်ပါတယ်။

## သူခိုးဒမြ ရန်သူ

စောရတော ဝါ၊ သူခိုး ဒမြ ဘေးမှလဲ ကင်းလွတ်ပါတယ်၊ သူခိုးဒမြဆိုတာ လူထည်းကလဲ ဖြစ်နိုင်ပါတယ်၊ အခြားသက်ရှိသတ္တဝါထည်းကလဲ ဖြစ်နိုင်ပါတယ်၊ အဲဒီသူခိုးဒမြဘေးရန်ကြောင့် ပစ္စည်းဥစ္စာတွေ မဆုံးရှုံးရဘူး ဆိုလိုပါတယ်။

အခုဘဝမှာ မိမိတို့ပိုင် ပစ္စည်းများ ရန်သူမျိုး၎ါးပါးကြောင့် ဆုံးရှုံးပျက်စီးကြရတာတွေဟာ အတိတ်ဘဝ ဒါနပြုလုပ်စဉ်က ကိုယ့်ဂုဏ် သူ့ဂုဏ် ထိခိုက်ပျက်ပြားအောင် လှူခဲ့လို့ မစင်ကြယ်တဲ့ ဒါနကုသိုလ်ကြောင့်ပဲလို့ အမြင်ကြည်လင်နိုင်ကြလိမ့်မယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားရဲ့ ညွှန်ကြားတော်မူချက်ကို ဦးလည်မသုံ ရွှေဥာဏ်ငုံပြီး ကိုယ့်ဂုဏ်-သူ့ဂုဏ် မထိခိုက် မပျက်ပြားအောင် အမြတ်စာရင်းဝင် ဒါနမင်္ဂလာကို ပြုလုပ်ကြကာ သံသရာတလျှောက်မှာ မိမိပိုင်ပစ္စည်းဥစ္စာများကို ကာကွယ်သွားကြဘို့ပါပဲ။ ဒါကြောင့် ဆောင်ပုဒ်ကို တကျော့ပြန်လိုက်ကြပါဦး....

—မိမိဂုဏ်များ၊ သူ ဂုဏ်များ၊ ပျက်ပြား ကင်းအောင် လှူရမည်။

— ကိုယ့်ဥစ္စာများ၊ ရန်သူငါး၊ ထိပါးကင်းလွတ်သည်။
ဆက်ပြီးဆိုပါ....

— အနုပဝိဒ္ဓ ဒေတိ....

— စွန့်ပစ်သောအား၊ လှူခြင်းများ၊ ရှောင်ရှား လှူရမည်။

လှူဒါန်းမဲ့ ပစ္စည်းပေါ်မှာ လောဘကိုပယ်ခွါလှူရမယ်လို့ ညွှန်ကြားတော်မူချက်အရ နှစ်သက်မြတ်နိုးဘွယ် ကောင်းတဲ့ ပစ္စည်းများကို နှစ်သက်မြတ်နိုးတဲ့ လောဘကိလေသာ မဖြစ်အောင် အလှူခံရဲ့ ဂုဏ်တွေကို ခြင်ဆင်ပြီး ပယ်ခွါရမယ်၊ မိမိ လှူဒါန်းတဲ့ ပစ္စည်းကို သုံးစွဲပြီး ပရိယတ္တိ သာသနာ ပဋိပတ္တိ သာသနာအလုပ်တွေ အားထုတ်ကြလို့ အောင်မြင် တိုးတက်မှာ တွေကို တွေးကြံဆင်ခြင်ပြီး လောဘကို ပယ်ခွါရမယ်၊ ဒီလို နားလည်ပါ။

စွန့်ပစ်ရတော့မဲ့ စားပွဲပေါ် ကြမ်းပေါ် ကျနေတဲ့ စားကြွင်းစားကျန် ထမင်းလုံး ဆွမ်းလုံး ဟင်းဖတ်တွေ အပေါ် သဘောထားသလိုတော့ လှူဒါန်းမဲ့ ပစ္စည်းကို သဘောထားပြီး မလှူရဘူးနော်။ (မှန်လှပါဘုရား)။ ကဲ....ပြန်ဆို—

— စွန့်ပစ်သောအား၊လှူခြင်းများ၊ရှောင်ရှား လှူရမည်။
ဆက်ပြီးဆိုပါ....

— သဟတ္ထာ ဒေတိ....

— လှူဘဝပိုင်၊ ကိုယ်ကိုယ်တိုင်၊ လက်ကိုင် လှူရမည်။

ဒီ လမ်းညွှန်တော်မူချက်ကတော့ အလွန် ပေါ်လွင်ပါတယ်၊ သံသရာ ကျင်လည်ခဲ့ရတဲ့ ခရီးတလျှောက်မှာ ငါဟာ ရတောင့်ရခဲ လူ့ဘဝရနေတယ်၊ သူတပါးကို မလှူစေဘူး၊ အဲဒီလိုဆင်ခြင်ပြီး ကိုယ်ပိုင်ပစ္စည်းကို ကိုယ်တိုင်လက်ဖြင့် ပေးလှူ

ရမယ်။ အဲဒါ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဒါနကုသိုလ် ပြုနည်း လမ်းညွှန်ချက်တွေပါဘဲ။

## အလှူရှင် မသေမီ ရသော အကျိုးများ

ဆက်ပြီးဆိုပါ....

— ခုဘဝတွင်၊ လူချစ်ခင်၊ သူတော်စင်နှင့် ပေါင်းရသည်။
— နာမည်ကျော်ကြား၊ သီလငါး၊ ထင်ရှားမြဲခိုင်တည်။
— လူထုသဘင်၊ မျက်နှာရှင်၊ ကြည်လင်ရဲရင့် ဝင်နိုင်သည်။

## သီဟဗိုလ်ချုပ်ကြီး

ဗုဒ္ဓ မြတ်စွာဘုရား လက်ထက်တော် ကာလက ဝေသာလီပြည်မှာ သီဟဗိုလ်ချုပ်ကြီးဆိုတာ ရှိခဲ့တယ်၊ အဲဒီ ဗိုလ်ချုပ်ကြီးဟာ ဒီနေ့ ဣန္ဒိယနိုင်ငံမှာ ရှိနေသေးတဲ့ ဂျိန်းဘာသာ ဝါဒကို တည်ထောင်သူ မဟာဝီရခေါ် နိဂဏ္ဌနာဋပုတ္တဆရာကြီးရဲ့ တပည့်ပါ၊ ဗုဒ္ဓမြတ်စွာဘုရားနှင့် တရားသံဃာ ရတနာသုံးပါး အကြောင်း သတင်းကောင်း ကြားရတော့ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးထံမှာ ခွင့်တောင်း ပါတယ်၊ နှစ်ကြိမ်တိုင် နည်းပရိယာယ်ဖြင့် ဆရာကြီးက ဟန့်တားလို့ မသွားဖြစ်ဘူး၊ ရတနာသုံးပါးသတင်းကို သုံးကြိမ်မြောက် ကြားရတဲ့ အခါ ဆရာနိဂဏ္ဌကြီးကို အသိမပေးတော့ပဲ မြို့လုံးကျွတ်ကြွေကြော်ပြီး အခြံအရံများစွာ ရထားပေါင်းငါးရာဖြင့် မဟာဝုန်တော ကူဋာဂါရသာလာမှာ သီတင်းသုံးနေတော်မူတဲ့ မြတ်ဘုရားထံတော်ကို မွန်းလွဲပိုင်းအချိန်လောက် သီဟဗိုလ်ချုပ်ကြီး ရောက်သွားပါတယ်။

သီဟဗိုလ်ချုပ်ကြီး—

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားဟာ 'ပြုလုပ်

စရာမလိုဘူးဆိုတဲ့ အကိရိယဝါဒ”ကို လက်ခံ ဟောပြောပါသလားဘုရား။

ဗုဒ္ဓမြတ်စွာ—

ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်များ ယုတ်မာတဲ့ အကုသိုလ်များစွာကို ငါဘုရားကိုယ်တော်တိုင်လဲ မပြုလုပ်ဘူး၊ တပည့်များကိုလဲ မပြုလုပ်ဖို့ ဆုံးမတော် မူပါတယ်၊ အဲဒီနည်းပရိယာယ်ဖြင့် ပြောပါလျှင် သီဟ မေးလျှောက်တဲ့ အတိုင်း ‘ပြုလုပ်စရာမလိုဘူးဆိုတဲ့ အကိရိယ ဝါဒ’ကို ငါဘုရားအား လက်ခံသူ ဟောပြောသူလို့ ဆိုနိုင်ပါတယ် သီဟ။ ဒီလိုစသည် မေးခွန်းပေါင်းများစွာ ပရိယာယ်အဖြာဖြာဖြင့် ဘုရားမြတ်စွာ ဟောကြားဖြေဆိုတော် မူပါတယ်။

သီဟဗိုလ်ချုပ်ကြီးဟာ မြတ်ဘုရားရဲ့ ဟောကြားဖြေတော်မူချက်ကို အလွန်သဘောကျ နှစ်သက်တယ်၊ ‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ ဘိက္ခုသံဃဉ္စ၊ မြတ်ဘုရားကို ကိုးကွယ်ရာအဖြစ် သိနားလည်ကာ ဆည်းကပ်ပါ၏ ဘုရား၊ တရား သံဃာ ကိုလဲ ကိုးကွယ်ရာအဖြစ် သိနားလည်ကာ ဆည်းကပ်ပါတယ် ဘုရား၊ ဥပါသကံ မံ ဘန္တေ ဘဂဝါ ဓာရေတု၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ၊ ယနေ့မှ အသက်ဆုံးအောင် တပည့်တော်ကို ရတနာသုံးပါးကို ကြည်ညို ဆည်းကပ်သူ ဥပါသကာ တယောက်ပဲလို့ သိမှတ်တော်မူပါ မြတ်စွာဘုရား’လို့ အဲဒီလို သီဟဗိုလ်ချုပ်ကြီးက ဗုဒ္ဓဘာသာဝင်အဖြစ် လျှောက်ထား ကြွေးကြော်လိုက်ပါတယ်။

အဲဒီတော့ ဗုဒ္ဓမြတ်စွာဘုရားက—

— အနုဝိစ္စကာရံ ခေါ သီဟ ကရောဟိ၊ အနုဝိစ္စကာရော တုမှာဒိသာနံ ဉာတမနုဿာနံ သာဓု ဟောတိ—

သီဟာ ဆင်ဆင်ခြင်ခြင် နှိုင်းနှိုင်း ချိန်ချိန်လုပ်ပါ၊ သင်တို့လို အထက်တန်းလွှာ ထင်ပေါ်ကျော်ကြားသူတွေဟာဆင်ဆင်ခြင်ခြင် နှိုင်းနှိုင်းချိန်ချိန်လုပ်တာကောင်းပါတယ်၊ သီဟာ ဗိုလ်ချုပ်ကြီးဟာ ဘယ်လိုလဲ၊ နိဂဏ္ဌနာဋပုတ္တဆရာကြီးနှင့်တွေ့လဲ တပည့်ခံ ကိုးကွယ်လိုက်တာပဲ၊ ဗုဒ္ဓဂေါတမမြတ်စွာ နှင့် တွေ့လဲ တပည့်ခံ ကိုးကွယ်လိုက်တာပဲပါလားလို့ အများကဲ့ရဲ့ဘွယ်ဖြစ်နေပါမယ်လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားမိန့်စကားတော်ကိုကြားရတော့ သီဟာ ဗိုလ်ချုပ်ကြီးဟာ ဘုရားမြတ်စွာကို ပိုမိုကြည်ညိုသွားပြန်တယ်၊ အညတိတ္ထိယနိဂဏ္ဌဆရာကြီးတို့က 'သီဟဗိုလ်ချုပ်ကြီးဟာ ငါတို့ရဲ့တပည့်အဖြစ်ကိုခံယူလိုက်ပြီ' လို့ ဒီလိုအရပ်ထဲကို မြို့လုံးအနှံ့အောင်လံလှည့်ကြေငြာပါတယ်၊ အခုမြတ်စွာဘုရားသခင်က ဒီလိုမဟုတ်ဖူး၊ အဲဒီလိုတွေးပြီးကြည်ညိုလွန်းလို့ နှစ်ကြိမ်မြောက် ဗုဒ္ဓဘာသာဝင်အဖြစ် ထပ်မံကြေငြာလိုက်ပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက သီဟာ သင်ရဲ့အိမ်ဟာ နိဂဏ္ဌတို့ရဲ့ ရေတွင်းသဖွယ်ဖြစ်ခဲ့တယ်၊ ငါဘုရားကို ဆည်းကပ်ကိုးကွယ်လိုက်တာနှင့် နိဂဏ္ဌတို့အား အလှူဝတ်ကို မဖြတ်ပါနှင့်၊ လှူမြဲတိုင်းလှူ ပေးမြဲတိုင်းပေးပါ သီဟာ လို့ မိန့်တော်မူပါတယ်။

ဗုဒ္ဓဂေါတမဟာ ငါ့အားသာလှူသင့်တယ်၊ ငါရဲ့တပည့်များကိုသာ လှူသင့်တယ်၊ ငါ့ကိုလှူမှအကျိုးကြီးတယ်၊ ငါရဲ့တပည့်များကိုလှူမှ အကျိုးကြီးတယ်၊ အခြား သူ တွေ ကို၊ အခြားသူတွေရဲ့ တပည့်များကို လှူလို့ အကျိုးမကြီးဘူး၊ ဒီလိုပြောတယ် ဟောတယ်လို့ ကြားဘူးခဲ့တယ်၊ ကိုယ်တိုင်တွေ့မှ ကြားဘူးသလိုမဟုတ်ပါပဲလားလို့တွေးပြီး အတိုင်းထက်အလွန်

ပိုမိုကြည်ညိုလှန်းလို့ သုံးကြိမ်မြောက် ဗုဒ္ဓဘာသာဝင်အဖြစ် တပ်မံကြွေးကြော်လိုက်ပြန်ပါတယ်။

## သီဟဗိုလ်ချုပ်သောတာပန်တည်

သီဟဗိုလ်ချုပ်ကြီးကိုဗုဒ္ဓမြတ်စွာဘုရားက ဒါနတရား၊ သီလတရား၊ နတ်ပြည်တရား၊ ကာမဂုဏ်များရဲ့အပြစ်၊ ကာမဂုဏ်များရဲ့ယုတ်ညံ့ပုံ၊ ကာမဂုဏ်များရဲ့ညစ်ညူးပုံတရား၊ယင်းကာမဂုဏ်များမှ လွတ်မြောက်လျှင် ရရှိမဲ့ အကျိုး အမြတ်ချမ်းသာတရားများကို အစဉ်အတိုင်းဟောတော်မူပါတယ်။

ဒီ တရားစဉ်ကိုနာကြားရတဲ့ သီဟ ဗိုလ်ချုပ်ကြီးမှာ— "ကလ္လစိတ္တ၊ ဆက်လက်ဟောတော်မူမဲ့တရားကို လက်ခံနိုင်အောင် ခံ့သောစိတ်။ မုဒုစိတ္တ၊နူးညံ့သောစိတ်။ ဝိနီဝရဏစိတ္တ၊ နိဗ္ဗာန်သွားလမ်းကို ပိတ်ပင်တတ်တဲ့ 'နီဝရဏ'ကင်းသောစိတ်၊ နိဗ္ဗာန်ပေါက်တရားကို နာယူအားထုတ်ဖို့အတွက် တက်ကြွသောစိတ်၊ ယုံကြည်သောစိတ်များ ဖြစ်ပေါ်လာပြီ" လို့ သိတော်မူတဲ့ မြတ်စွာဘုရားသခင်ဟာ ကိုယ်တိုင်ထုတ်ဖော်သိမြင်ပြီးဖြစ်တဲ့ 'သာမုက္ကံသိက' ခေါ် ဒုက္ခသစ္စာ ဆင်းရဲအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲဖြစ်ပေါ်ပွားစီးခြင်း၏အကြောင်းမှန်တရား။ နိရောဓသစ္စာ ဆင်းရဲအားလုံးချုပ်ဆုံးရာအမှန်တရား။ မဂ္ဂသစ္စာ ဆင်းရဲချုပ်ရာနိဗ္ဗာန်ကိုရောက်စေနိုင်တဲ့ မဟာသတိပဋ္ဌာန်ဝိပဿနာအကျင့်လမ်းစဉ်တရားများကို ဟောတော်မူပြန်ပါတယ်။

အညစ်အကြေးကင်းတဲ့ အဖြူရောင်အဝတ်အထည်ကို အဝါ အစိမ်း အနီစသော လိုရာအရောင်ဆိုးလိုက်လျှင် ကောင်းကောင်းကြီးဆိုးရေစွဲသလိုပဲ နီဝရဏတွေကင်းပြီး စိတ္တဝိသုဒ္ဓိဖြစ်နေတဲ့ သီဟဗိုလ်ချုပ်ကြီးဟာ ခဏလေး မဟာသတိပဋ္ဌာန်

ဝိပဿနာကို ရှုမှတ်အားထုတ်လိုက်တာ အချိန်တိုကာလ အဲဒီ တထိုင်အတွင်းမှာပဲ—

"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓမ္မံ၊ ဖြစ်ခြင်း သဘောရှိတဲ့ ရုပ်နာမ်တရားအားလုံးဟာ ချုပ် ပျက် ခြင်းသဘောရှိတယ်" လို့

တရားမျက်စိ ဉာဏ်အမြင် ပေါ်ပေါက် သောတာပန်အဖြစ် ရောက်သွားပါတယ်၊ သောတာပန်ဖြစ်တယ်ဆိုလျှင် တင်းပြည့် ဗုဒ္ဓဘာသာဝင်ပဲ၊ သူရဲ့ယုံကြည် ကြည်ညိုခြင်း သဒ္ဓါတရားဟာ မပျက်စီးနိုင်တော့ဘူး၊ ဘာသာမပြောင်းတော့ဘူးလို့ ဆိုလိုပါ တယ်၊ အမှန်တကယ် အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲများမှ လွတ်မြောက်စေနိုင်တဲ့ ဗုဒ္ဓဘာသာကို ယုံကြည် ကြည်ညို သဒ္ဓါ မြဲအောင် ဘာသာမပြောင်းတော့အောင် ဒီနေ့ ကမ္ဘာအနှံ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ကြားဆုံးမ တော်မူနေတဲ့ မဟာသတိပဋ္ဌာန်ဝိပဿနာတရားကိုပဲ အားထုတ် ကြရပါမယ်၊ အားထုတ်တာလဲ စိတ်အလုပ်ပါပဲ။

## စိတ် အ လုပ်

၁။ တရားအားထုတ်၊ စိတ်အလုပ်၊ အဟုတ်စွဲမှတ်ပါ။
၂။ သွား, ထိုင်, ရပ်ယင်း၊ အိပ်နေယင်း၊ မပျင်းအားထုတ်ပါ။
၃။ အလုပ်လုပ်ယင်း၊ နှလုံးသွင်း၊ မပျင်းအားထုတ်ပါ။
၄။ မိနစ်နာရီ၊ စက္ကန့်မီ၊ အောင်စည် တီးနိုင်ပါ။
၅။ ရက် လ နှစ်ဆွဲ၊ အချို့လဲ၊ အောင်ပွဲလွန်ကြန့်ကြာ။
၆။ ပါရမီအင်အား၊ ကိုယ့်လုပ်အား၊ မှတ်သားနှေးမြန်ကွာ။
၇။ နေ့-ညမခြား၊ သဒ္ဓါပွား၊ ကြိုးစား အားထုတ်ပါ။
၈။ သီလကိုပဲ၊ သဒ္ဓါမြဲ၊ ဆင်းရဲ လွတ်မြောက်မှာ။

## နည်းယူဘွယ်

အခြားသူများရဲ့ တပည့်ပရိသတ်ကို မိမိတပည့်ပရိသတ် ဖြစ်လာအောင် တမင်တကာစည်းရုံးသိမ်းသွင်းခြင်း ရှိတော်မမူတဲ့ ဗုဒ္ဓမြတ်စွာဘုရားကို ဗိုလ်ချုပ်ကြီးသိဟာဇာတ်လမ်းဖြင့် သိနိုင်ပါတယ်၊ အကြောင်းအားလျော်စွာ မိမိတပည့်ဖြစ်လာပြန်လျှင်လဲ ဆရာဟောင်းနှင့် သွားလာဆက်သွယ်လှူဒါန်းခြင်း မပြတ်အောင်ညွှန်ကြားဆုံးမတော်မူပါတယ်၊ဒါကြောင့် တရားမသိမီမှာပင် ဗိုလ်ချုပ်ကြီးသိဟာ အထူးကြည်ညိုသွားပါတယ်။

## ပဌမ သာသနာ့ ဒီပါရုံဆရာတော်

ပဲခူးတိုင်း၊ ပြည်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေဇရပ် ရပ်ကွက်မှာ သာသနာ့ဒီပါရုံကျောင်းတိုက်ကြီး ရှိပါတယ်၊ အဲဒီကျောင်းတိုက်ကြီးရဲ့ ပဌမဆရာတော်ဘုရားကြီးဟာ တပည့်များကို ဒီလိုဩဝါဒ၊ ဆုံးမစကားမိန့်ကြားတော်မူပါတယ်။

'တို့က ဒီအရပ်ကိုအခုမှရောက်တယ်၊ တို့မရောက်ခင်ကပင် ဒီအရပ်မှာ သူ့ကျောင်းနှင့် သူ့ဒကာ သူ့ဘုန်းကြီးနှင့် သူ့တပည့် ဖြစ်နေကြတယ်၊ ကိုယ့်ကျောင်းကိုလာအောင် ကိုယ့်ဒကာဖြစ်အောင် တမင် မစည်းရုံး မဆွဲဆောင်ရဘူး၊ အကြောင်းအားလျော်စွာ ရောက်လာလျှင် အခြေအနေကြည့်ပြီး လက်တွဲသာသနာပြုသွားကြတာပေါ့။

အဲဒီလို ပြည်မြို့ ပဌမသာသနာ့ဒီပါရုံဆရာတော်ဘုရားကြီးက ဘုန်းကြီးတို့ ကိုရင်ငယ် သာမဏေဘဝမှာ တပည့်အားလုံးကို ဆုံးမတာ ကြားနာခဲ့ရပါတယ်။

## ကျေးဇူးရှင်မဟာစည်ဆရာတော်

ဒီနေ့ နိဗ္ဗာန်ပေါက် အရိယမဂ္ဂလမ်းညွှန် ကမ္ဘာကျော် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးကလဲ—

'ကိုယ့်ဆီမှာလာပြီး တရားအားထုတ်တဲ့ယောဂီပြန်မဲ့ ရက်မှာ အကြောင်းညီညွတ်လို့ ဥပုသ်နေ့ ဥပုသ်စောင့် လျှင် သွားနေကျကျောင်းကိုသွားပြီး သီလယူပါ၊ တရားနာလာနိုင်လျှင်လဲ နေ့လည်ကျမှ တို့များဆီကိုလာ ပြီး တရားနာတာပေါ့'

အဲဒီလိုပြောပြီးမှ ပြန်လွှတ်ရမယ်လို့ ဆုံးမတော်မူပါတယ်၊ ပြည်မြို့ ပဋ္ဌမသာသနာ့ဒီပါရုံဆရာတော်ဘုရားကြီး၊ မဟာစည် ဆရာတော်ဘုရားကြီးတို့ဟာ မိမိတို့ဆက်စပ်ရာ တပည့်များကို မြတ်စွာဘုရားမူအတိုင်း ကိုယ်တိုင်ကျင့်သုံးတော်မူကြပြီး ဆုံးမ တော်မူကြပါတယ်၊ အဲဒီ ဆရာတော်ဘုရားကြီးနှစ်ပါး ညွှန် ကြားဆုံးမတော်မူတဲ့အတိုင်း လိုင်မဟာစည်သာသနာ့ရိပ်သာကို ရောက်လာတဲ့အခါ ဘုန်းကြီးတို့လဲကျင့်သုံးပါတယ်၊ ဆက်စပ် ရာများကိုလဲ ညွှန်ကြားပါတယ်။

## အလှူရှင်မသေမီ ရသောအကျိုးများ

ပြန်ဆိုကြဦး —

— ခုဘဝတွင်၊ လူချစ်ခင်၊ သူတော်စင်နှင့်ပေါင်းရသည်။
— နာမည်ကျော်ကြား၊ သီလငါး၊ ထင်ရှားမြဲခိုင်တည်။
— လူထုသဘင်၊ မျက်နှာရှင်၊ ကြည်လင်ရဲရင့် ဝင်နိုင်သည်။

သီဟဗိုလ်ချုပ်ကြီးဟာ တနေ့မှာ မဟာဝုန်တော ကူဋာ ဂါရသာလာ၊ပြာသာဒ် ကျောင်းတော်ကြီးကိုသွားပြီး ဗုဒ္ဓမြတ် စွာဘုရားကို ဖူးမြော်ပြန်ပါတယ်၊ သီဟဗိုလ်ချုပ်ကြီးက ဘုရား မြတ်စွာကို ဒီလိုမေးလျှောက်ပြန်ပါတယ်။

## သီဟ သေနာပတိသုတ်

- "သက္ကာ နု ခေါ ဘန္တေ ဘဂဝါ သန္ဒိဋ္ဌိကံ ဒါနဖလံ ပညာပေတုံ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရားသည် ကိုယ်တိုင် မြင်ရသော အလှူ၏အကျိုး ကို ဝါ· မှုသေမိရနိုင်သော အလှူ၏ အကျိုးကို ပညတ် ဟောကြားတော် မူနိုင်စွမ်းပါသလား ဘုရား"။
- "သက္ကာ သီဟဲ၊ ပညတ်ဟောကြားနိုင်စွမ်းပါတယ် သီဟ၊ အလှူရှင်တွေ မသေမီ ကိုယ်တိုင်မြင် ကိုယ်တိုင် ရနိုင်တဲ့ အလှူဒါန အကျိုးများကို ငါဘုရား ပညတ် ဟော ကြား တော်မူမယ်၊ နာယူပေတော့ သီဟ"။
- ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ—
- လူများစွာတို့ ချစ်ခင်မြတ်နိုးခြင်းကို ရရှိခြင်း၊
- သန္တော သပ္ပုရိသာ ဘဇန္တိ—
- ငြိမ်သက်သော စိတ်နှလုံးပိုင်ရှင် သူတော် ကောင်းများ အလှူရှင်ထံ ချဉ်းကပ် ရောက်လာခြင်း၊
- ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ—
- ကောင်းသော ကျော်စောသံ ပြန့်နှံ့ရှိတက်ခြင်း၊
- ဝိသာရဒေါ ဉပသင်္ကမတိ အမင်္ကုဘူတော—
- ပရိသတ်လေးဖြာ စုဝေးရာသို့ ရဲရဲဝံ့ဝံ့ မျက်နှာရှင်ပြစွာ ချဉ်းကပ် ဝင်ရောက်နိုင်ခြင်း၊
- ဂိဟိဓမ္မာ အနပဂတော ဟောတိ—
- လူတို့အကျင့်တရား(ငါးပါးသီလ)မှုမလွတ်ကင်းနိုင်ခြင်း၊

ဒီအကျိုး များကို အလှူရှင်တွေ မသေမီ ခုဘဝမှာပင် ကိုယ် တိုင်မြင် ကိုယ်တိုင်ရနိုင်ပါတယ် သီဟလို့ ဘုရားမြတ်စွာ ပညတ် ဟောကြားတော် မူပါတယ်။ အဲဒီအခါ သီလ ဗိုလ်ချုပ်ကြီးက

မြတ်စွာဘုရား ဒီဒါနအကျိုးများကို ယခင်ကပင် တပည့်တော် သိပြီးပါ ဘုရား၊ ပေးလှူတတ်တဲ့ တပည့်တော် အလှူရှင်ကို လူများအပေါင်းက ချစ်ခင်မြတ်နိုးကြပါတယ်၊ စိတ်နှလုံး ငြိမ်သက်နူးညံ့တဲ့ သူတော်ကောင်းများ တပည့်တော်ထံ ရောက်လာကြပါတယ်၊ ဒါကြောင့် သူတော်ကောင်းများနှင့် တပည့်တော် ပေါင်းသင်းခွင့်ရပါတယ်၊ သီဟ ဗိုလ်ချုပ်ကြီးဟာ သာသနာတော်အတွက် ကျေးဇူးများလှပါတယ်၊ သာသန ဝေယျာဝစ္စများကို သည်ပိုးဆောင်ရွက်ပြီး သာသနာပြုအလုပ်ကို မဆုတ်မနစ် ပြုလုပ်ပါပေတယ်လို့ တပည့်တော်ရဲ့ ကောင်းသတင်းကျော်စောသံ ပြန့်နှံ့ပါတယ်၊ မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူဌေးပရိသတ်၊ ရဟန်းပရိသတ် စည်းဝေးပွဲ သဘင်များကို မျက်နှာမငယ် ကြည်လင်ရဲရင့်ရွှင်ရွှင်ပြပြ ဝင်နိုင်ပါတယ်ဘုရား။

— ဂိဟိဓမ္မာ အနုပဂတော ဟောတိ၊ လူတို့အကျင့်တရား (ငါးပါးသီလ)မှ မလွတ်ကင်းနိုင်ခြင်း အလှူရှင်တွေ မသေခင် ငါးပါးသီလမြဲခြင်း အကျိုးကို ဒါနာနိသံ‧သံသသုတ်က ယူထဲ့ထားပါတယ်၊ သီဟသေနာပတိသုတ်မှာ မပါပါဘူး။

ဒါနကုသိုလ်ရှင် သီဟဗိုလ်ချုပ်ကြီး၊ သန္ဒိဋ္ဌိက၊ ကိုယ်တိုင်တွေ့ မသေမီရရှိခံစား သိနားလည်သလို စလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီး ဒါယကာဒါယိကာမများ ဖြစ်ကြတဲ့ အမြတ်စာရင်းဝင် ဒါနမင်္ဂလာကုသိုလ်ရှင်တွေလဲ နားလည်ကြပါလိမ့်မယ်။ ကဲ....ဆောင်ပုဒ်ကို ဆိုကြပါဦး—

— ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ—
— သေပြီးနောက်မှာ၊ နတ်ပြည်သာ၊ မုန်စွာရောက်ရသည်။

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်ဗုဒ္ဓဘုရား၊ အလှူ

ရှင်သေပြီးနောက် နတ်ပြည်ကို ရောက်နိုင်တယ်ဆိုတဲ့ အကျိုးကိုတော့ တပည့်တော် လက်လှမ်းမမီပါ၊ မြတ်စွာဘုရားကို ယုံကြည်သောအားဖြင့် အလှူရှင် သေပြီးနောက် နတ်ပြည်ရောက်တယ်ဆိုတာကို တပည့်တော်လက်ခံပါတယ်ဘုရားလို့ သီဟဗိုလ်ချုပ်ကြီးက လျှောက်ထားပါတယ်။

## နတ်ပြည်ရှိတာ လက်ခံနိုင်အောင်

နတ်လောက ဗြဟ္မာလောက ငရဲပြိတ္တာ အသူရကာယ်လောကတွေကို ဒိဗ္ဗစက္ခု အဘိညာဏ် မရလျှင် ရဟန္တာ ပုဂ္ဂိုလ်များပင် မမြင်တွေ့နိုင်ပါဘူး၊ သမထပေါက်ပြီး ဒိဗ္ဗစက္ခုအဘိညာဏ်အသိထူးကို ရရှိသူတွေသာ နတ်လောက စသည်ကို မြင်နိုင်သိနိုင်ပါတယ်၊ သီဟဗိုလ်ချုပ်ကြီးမှာ အဘိညာဏ်အသိထူး မရှိတော့ နတ်ပြည်ရောက်တယ်ဆိုတာကို လက်လှမ်းမမီဘူးပေါ့၊ ဒါပေမဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို တင်းပြည့် ဗုဒ္ဓဘာသာဝင်ဖြစ်သည်အထိ အားထုတ် အောင်မြင်ထားလို့ မြတ်စွာဘုရားကို ချွင်းချက်မရှိ ယုံကြည်ပါတယ်၊ ဒါကြောင့် အလှူရှင်သေပြီးနောက် နတ်ပြည် ရောက်တယ် ဆိုတာကို လက်ခံပါတယ်။ သီဟဗိုလ်ချုပ်ကြီး နည်းတူ နတ်ပြည် ရှိတာ လက်ခံနိုင်အောင် မဟာသတိပဋ္ဌာန် ဝိပဿနာတရား အလုပ်ကို ပြည့်ပြည့်စုံစုံအားထုတ် သင့်ကြပါတယ်။ အလှူရှင်တွေ သေပြီးနောက် နတ်ပြည်ရောက်တယ် ဆိုလျှင် လူ့ပြည်ကိုလဲ ရောက်ပါတယ်။

## သေပြီးနောက် ရနိုင်သောအကျိုးများ

ကဲ….ဆိုကြပါဦး–

— ဘဝနတ်လူ၊ ဖြစ်ချင်းတူ၊ အလှူရှင်က သာ။
— သက်ရှည်ရုပ်ချော၊ ခြေရံပေါ၊ ကျော်စောလွန်ချမ်းသာ။
— အာဏာပိုင်စိုး၊ ကျိုင်းမျိုး၊ လွှမ်းမိုး သူ့ထက်သာ။

လူဘဝ ,နတ်ဘဝရောက်ကြဖြစ်ကြတဲ့အခါ ဒါနကုသိုလ်ရှင်က တခြားလူတွေ နတ်တွေထက်ပိုပြီး အသက်ရှည်တယ်၊ အဆင်းလှရုပ်ချောတယ်၊ အခြွေအရံပေါ နာမည်ကောင်းထွက် ပေါ်ကျော်ကြားတယ်၊ကိုယ်ရောစိတ်ပါ ချမ်းသာတယ်၊တခြားလူတွေ နတ်တွေထက် တန်ခိုးအာဏာ ကြီးမားစိုးရှ ထက်မြက်တယ်။ ဒီအကျိုးငါးမျိုးကို ရပါတယ်တဲ့။ ဒီနေ့ နိုင်ငံတော်သမ္မတအထိ အဖွဲ့အစည်းအသီးသီးမှာ အကြီးအကဲ ဖြစ်နေသူတွေဟာ ဒါနကုသိုလ်ရှင်တွေပဲဆိုတာ ဒီသုမနာသုတ်ကိုထောက်ဆသိနိုင်ပါတယ်။

ကဲ....ဆက်ဆိုပါဦး—

— နှစ်ခြိုက်ဖွယ်ရာ၊ စိတ်မူရာ၊ နှစ်ဖြာ ကိုယ်နှုတ်ပါ။
— အတူနေသူ၊ များရှင်လူ၊ ပြုမူ ဖော်ရွေစွာ။
— ကျောင်းနှင့်ဆေးဆွမ်း၊ဝတ်သင်္ကန်း၊ထူးဆန်း ထွေရာရာ။
— ရဟန်းဘဝမူ၊ ဖြစ်ချင်းတူ၊ အလှူရှင်ကသာ။
— သုံးဆောင်ဘို့ရန်၊ ဦးညွှတ်ပန်၊ လက်ခံရသည်သာ။

ဘုန်းကြီးရဟန်း ဘဝမှာ ဖြစ်ကြပြန်လျှင်လဲ အတူနေရဟန်းသာမဏေနှင့် လူတွေက နှစ်ခြိုက် မြတ်နိုးဘွယ် စိတ်အမူအရာ နှုတ်အမူအရာ ကိုယ်အမူအရာများဖြင့် ဖော်ရွေပျူငှာဆက်ဆံတာကို ခံရတယ်၊ ဘုရား တပည့်တော်ရဲ့ ကျောင်းကရာသီဥတု ကောင်းမွန်ပါတယ်၊ အစစ ပြည့်စုံပါတယ်၊ လက်ခံသီတင်းသုံးတော်မူပါဘုရား။ ဝမ်းချုပ်လျှင် ဒီဆေးကောင်းပါတယ်၊ ချွေးငုတ်ဇက်ထိုးလျှင်တော့ ဒီဆေးက ကောင်းပါတယ်၊ ညောင်းကိုက်ထုံကျင် အားအင် ချိနည်း လျှင်တော့ ဒီဆေးကအစွမ်း ထက်ပါတယ်၊ ဘုရားတပည့်တော်ရဲ့ ဒီဆေး ပစ္စည်း၊များကို အလှူခံသုံးစွဲတော်မူပါဘုရား။ တပည့်တော်ရဲ့ ဒန်

ပေါက်ဆွမ်းဘုရား၊ ဟောတာက ကောက်ကြီးဆန်မွှေးပါဘုရား ဟော့ဒီ ကြက်သား ဆီပြန်ဟင်းနှင့် လိုက်ဖက် ပါတယ်ဘုရား၊ ဟောတာက မချက်စုသရက်သီးပါဘုရား အားရပါးရ မြိန်မြိန် ကြီးဘုဉ်းပေးတော်မူပါဘုရား။ ဟောတာက ဖော့ခရစ်ကိုချုပ် ထားတဲ့ သင်္ကန်းပါဘုရား၊ တာက လေ့ယာဥ်မောင် ခေါ်တဲ့ အထည်ကို ချုပ်ထားတာပါဘုရား၊ ဟောတာက ဒီခေတ်မှာ တော့ အကောင်းဆုံး အထည်လို့ ပြောပါတယ် နာမည် မခေါ် တတ်တော့ပါဘုရား၊ အလှူခံဝတ်ရုံတော်မူပါဘုရား စသည်ဖြင့် ကျိုးနွံရှိသေစွာ တောင်းပန်လျှောက်ထားလှူဒါန်းတာကိုလက် ခံသုံးစွဲရတယ်။ အခုပြောခဲ့တဲ့ အကျိုးတွေကို ဒါနကုသိုလ်လုပ် ခဲ့တဲ့ ဘုန်းကြီးရဟန်းများမှာ ရနိုင်တယ်။

### သုမနာမင်းသမီး တွေး ဥာဏ်ကြီး

သာဝတ္ထိပြည် ကောသလမဟာရာဇာစံမြန်းတဲ့ ရွှေနန်း တော်အတွင်းနန်းအဆောင်တခုမှာ နာမည်မှည့် မင်္ဂလာပွဲကျင်း ပဘို့ရာ အလှပြင်နေကြတယ်၊ လူကြီးများက ခန်းမဆောင်ရှေ့ ဘက်မှာ ပြင်ဆင်နေကြတုန်းကို သုမနာ မင်းသမီး ကလေးက နောက်ဖေးအခန်းမှာ ကလေးငယ် နှစ်ဦးကို စောင့်ထိန်းနေရ တယ်၊ အဲဒီအခါ မင်းသားငယ်ကလေးဟာ မျက်စိဖွင့်ကြည့် လိုက်ပါတယ်၊ ကြီးမားတဲ့ ထီးဖြူတော် ကျက်သရေရှိရှိ ခင်း ထားတဲ့ အိပ်ရာတော်အလှပြင်တန်ဆာဆင်ထားတဲ့ နန်းဆောင် တော် ဒါတွေကို မြင်တယ်၊ မင်းသားကလေးဟာ ''ကောသလ ရာဇကုလေ နိဗ္ဗတ္တောသ္မိ၊ ငါဟာမင်းအိမ်နန်းတော်ကြီးတခုမှာ မင်းသား ဖြစ်လာ ပြန်ပါပေါ့ကလား''လို့ သိလိုက်ပါတယ်။ ''သဟာယော မေ ကုဟိ နု ခေါ နိဗ္ဗတ္တော၊ ငါ့သူငယ်ချင်း ဘယ်ရောက်နေပါလိမ့်'' လို့ ချက် ချင်း ပဲ သတိ ရပြန်တယ်၊

ပတ်ဝန်းကျင်ကိုကြည့်လိုက်တဲ့အခါ နိမ့်တဲ့ နေရာမှာ ပက်လက် အိပ်နေတာကို တွေ့ရပြန်တယ်။

မင်းသားကလေးက သူငယ်ချင်းကို "သမ္မ မမ ဝစနံ နာကာသိ— သူငယ်ချင်း မင်းဟာ ငါ့စကားကို နားမထောင် မနာယူခဲ့ဘူးနော်"လို့ နှုတ်ခွန်း ဆက်လိုက်တယ်၊ အဲဒီအခါ မင်းသားလေးရဲ့ သူငယ်ချင်းက "ကိံ ဇာတံ ဘာဖြစ်လို့ တုန်းကွဲ့"လို့ ခွန်းတုံ့ပြန်မေးပါတယ်။

သူငယ်ချင်း တို့များလေ ကဿပမြတ်စွာဘုရားသာသနာ တော်မှာ အတူတူ ဘုန်းကြီး ဝတ်ခဲ့ကြတယ်နော်၊ မှတ်မိသေး လားသူငယ်ချင်း၊ အဲဒီတုန်းက ရလာတဲ့ ပိုလျှံ ပစ္စည်းများကို ပေးလှူပါသူငယ်ချင်း၊ ဒါနဟာ အကျိုးများပါတယ်၊ မပေး လှူလျှင် ဘာမျှ အကျိုး မရှိပါဘူးလို့ တို့ တိုက်တွန်း ပါတယ်၊ သူငယ်ချင်းက မလိုပါဘူးဆိုပြီး ငြင်းခဲ့တယ်၊ တို့များကတော့ ပိုလျှံပစ္စည်းတွေကို ပေးတယ်လှူတယ်လေ။ ပျံတော်မူကြတော့ တို့များနတ်ပြည်ရောက်ခဲ့ကြတယ်မို့လား သူငယ်ချင်း၊ နတ်ပြည် ရောက်တော့လဲ အသက်ရှည်၊ အဆင်းလှ၊ အခြွေအရံပေါ နာမည် ကျော်ကြား၊ ချမ်းသာ၊ အာဏာစိုးရ၊ ငါးဝသော အကျိုးဖြင့် တို့များက သူငယ်ချင်းထက် သာလွန်ခဲ့တယ်၊ ဘုရား နှစ်ဆူကြားကာလ တို့များနတ်ပြည်မှာနေခဲ့တယ်၊ အခုလူ့ပြည် ရောက်လာကြပြန်ပြီ၊ တို့များက ဘာမည်းတော် ကောသလ မဟာရာဇာရဲ့ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးဝမ်းမှာ အောင်း ရတော့ အခုမင်းသားကလေးပေါ့ သူငယ်ချင်း၊ "ပဿ မယှံ သမ္ပတ္တိံ၊ ငါရဲ့ပြည့်စုံပုံကို ကြည့်စမ်းပါသူငယ်ချင်း၊ သေတ ဆတ္တဿ ပဟဋ္ဌာ သိရိသယနေ နိပန္နော်သ္မိ— ထီးဖြူတော်

အောက် ကျက်သရေ အပေါင်းနှင့် ပြည့်စုံတဲ့ အိပ်ရာမှာ ငါ အိပ်ရတယ်၊ တို့၊ နီစမင်္ဂ ထဒ္ဒအတ္တရဏမတွေ နိုပန္နေသိ၊ သူငယ်ချင်းကတော့ နိမ့်ကျတဲ့ ညောင်စောင်း ခင္ဒင်မှာ ကြမ်း ထမ်းတဲ့ အခင်းလောက်နှင့် အိပ်ရတယ်မို့လား”လို့ မင်းသား ကလေးက ဒါနအကျိုးပေါ်အောင်ပြောလိုက်ကယ်။

အဲဒီအခါမင်းသားလေးရဲ့ သူငယ်ချင်းက “ကိံ ပန တွံ ဧတံ နိဿာယမာနံ ကရောသိ၊ သူငယ်ချင်းက စည်းစိမ် ပြည့်စုံ မင်းသားဂုဏ်ကြောင့် ဘဝင်ကိုင်နေသလား၊ နနု ဝေ ဋ္ဌသလာကာဟိ ကတ္ဂာ ပိလောတိကာယ ပလိဝေဌိတံ သဗ္ဗ မေတံ ပထဝီဓာတုမတ္တမေဝ၊ အေး ဒါန ကုသိုလ် မလုပ်ခဲ့ပဲ သီလ သမာဓိ ပညာ အကျင့်လောက်သာ အားထုတ်ခဲ့လို့ သူ ငယ်ချင်းမယ်တော်ရဲ့ အလုပ်အကျွေး ကျေးကျွန် ဝမ်းမှာဖြစ် လာရတဲ့ တို့မျှားဟာ သူငယ်လို မပြည့်စုံဘူး၊ အဝတ် အထည် ကြမ်းကြီးတွေနှင့် ရစ်ပတ်ဝါးခြမ်းတွေနှင့် ပြုလုပ်ထားတဲ့ တို့ မျှားရဲ့ အသုံးအဆောင်၊ သူငယ်ချင်း မင်းသားရဲ့ အကောင်း စား အသုံးအဆောင်၊ အဲဒီအကုန်လုံးဟာ ပထဝီ ဓာတ်တွေ ချည်းပဲ မဟုတ်လားဗျာ”လို့ အညှံမခံပဲ မေးခွန်းပြန်ထုတ်လိုက် ပါတယ်။

## မာနမကြီးသင့်ပါဘူး

မင်းသားနှင့် အထိန်းသား နှစ်ယောက်ဟာ ကဿပ မြတ်စွာလက်တော်ကာလက စိတ်တူကိုယ်တူ သူငယ်ချင်းရဟန်း နှစ်ပါးဖြစ်ခဲ့တယ်၊ ဒါနရှင်က မင်းသား ဖြစ်ပြီး ပြည့်စုံတယ်၊ ဒါနမပြုခဲ့သူက အထိန်းသား ဖြစ်ပြီး မပြည့်စုံဘူး၊ ဓာတ်ကို မြင်အောင်ကြည့်ပါလျှင် ပထဝီဓာတ်ချည်းမို့ ဘဝင်မြင့် မာန တံခွန် မလွှင့်သင့်တာကို သဘော ပေါက်ကြရမယ်၊ သူတို့ဟာ

တရားစာပေတွေကိုလည်း သင်ယူခဲ့ကြတယ်၊ ဝိပဿနာတရားတော်ကိုလဲ ကိုယ်တိုင်အားထုတ်ခဲ့ကြတယ်၊ ရဟန်းဘဝက ပျံတော်မူပြီး နတ်ပြည်မှာချည်း အထက်အောက် စုံချည်ဆန်ချည်ဖြစ်ခဲ့ရပြီး အခုလူ့ဘဝ ရောက်လာတော့ ရှေးဖြစ်တွေကို ပြန်လည်သိမြင်တဲ့ ဇာတိဿရဉာဏ်ကိုရကြတာကြောင့် ပထဝီခေတ်ချည်းပဲ၊ မာနကြီးနေသလား၊ အချိန်အရွယ်မဟုတ်ပဲ သာသနာတွင်းစကားတွေကို ပြောနိုင်ကြတာ။

ကလေးငယ်နှစ်ဦး အချင်းအချင်း ပြောကြတဲ့စကားကို သုမနာမင်းသမီး ကြားရတယ်၊ ဒီအကြောင်းတွေကို မယ်တော်ခမည်းတော်တို့အား ပြောပြလိုက်ပါလျှင် ဘီလူးကလေးတွေပဲလို့ တွေးကြံယူဆပြီး နှင်ထုတ်ကြလိမ့်မယ်၊ ဘယ်သူ့ကိုမှမပြောဘူး၊ အဘမဟာ ဂေါတမမြတ်စွာဘုရားကိုပဲ မေးလျှောက်တော့မယ်လို့ သုမနာ မင်းသမီးက ဆုံးဖြတ်လိုက်ပါတယ်။

## စာမေးပွဲ အောင်တယ်

လူကြီးတွေ အတွေး အခေါ် လွှဲချော်ပြီး အယူသည်းတတ်တာကို သုမနာမင်းသမီးကလေး သိထားဟန် ရှိတယ်၊ အခုအခါမှာလဲ ရှေးတုန်းကလိုပါပဲ၊ လူကြီးတွေဟာ လူငယ်ကလေးတွေလောက် အမြင်မမှန်တတ်ကြဘူး၊ ဘုန်းကြီးတပါးဆီက သတင်းလေးကိုပြောရဦးမယ်၊ အများအားဖြင့် အသေထွက်ဖို့ အလားအလာရှိတဲ့ ဝိဇ္ဇာအမည်ရ ပုဂ္ဂိုလ်ကြီးတဦးဆီက အဆောင်ပစ္စည်းတွေကို အဘိုးကြီး တဦးက မြေးငယ်တွေကို ပေးတယ်၊ ဒီတော့ မြေးတွေက ဘာလုပ်ရမှာလဲလို့မေးတော့ ဒီပစ္စည်း အိတ်ထဲထည့်သွားပြီး စာဖြေလျှင် စာမေးပွဲ အောင်တယ်လို့ ပြောတယ်၊ ဒီတော့ မြေးတွေက တာမှတို့အဖိုးကွ

ဟန်ကျလိုက်တာ အဖိုးရယ် ဒီနေ့ကစပြီး ကျောင်းမတက်ဖူး၊ လည်မယ်အိပ်မယ်၊ စာမေးပွဲဖြေမဲ့နေ့ကျတော့ ဒီပစ္စည်းလေးကို အိတ်ထဲထဲ့သွားဖြေ၊ စာမေးပွဲအောင်၊ ကောင်းလိုက်တာ အဖိုးရယ်လို့ မြေးတွေကပြောတယ်၊ ဒီတော့ အဖိုးခမျာ မျက်လုံးပြူးသွားတယ်၊ အို ကျောင်းမှန်မှန် တက်ပြီး စာလဲ မှန်မှန်ကျက်ဦးမှပေါ့မြေးတို့ရဲ့၊ ကျောင်းမတက် စာမကျက်ပဲ လျှောက်လည် အိပ်စား လုပ်နေလို့လဲ ဘယ်အောင်ပါ့မလဲ ကွဲ့လို့ ပြောတယ်။ ဟာဗျာ အဖိုးကလဲ ကျောင်းတက် စာကျက် လျှင် ဒီပစ္စည်းကို ဆောင်ယူမသွားလဲ စာမေးပွဲအောင်ပါတယ်ဗျာ၊ ကျောင်းမှန်မှန်တက်၊ စာကျက်ရဦးမယ် ဆိုလျှင်တော့ အဖိုးရဲ့ ပစ္စည်းကို မလိုချင်တော့ပါဘူးဗျာလို့ မြေးတွေကပြောတယ်တဲ့။

ဒီ ဇာတ်လမ်းမှာ အဖိုးအိုဟာ အတွေးအခေါ် လွဲချော်ပြီး ကိုယ့်လုပ်အားကို မျက်ကွယ်ပြု ယုံကြည်အားကိုးမှု မပြည့်ဝဘူး၊ အတ္တာ ဟိ အတ္တနော နာထော မိမိကိုယ် မိမိ အားကိုးရမယ်ဆိုတဲ့ မြတ်စွာဘုရား ညွှန်ကြားတော် မူတာကို မြေးငယ်များက နားလည် ကြတယ်၊ ကျောင်း မှန် မှန် တက် စာကျက်တဲ့ ကိုယ့်လုပ်အားကိုယ့်စွမ်းရည်ကို အားကိုးကြတယ်"

## ဆုံးဖြတ်ချက် မှန်တယ်

မိမိသိထားတဲ့ ဖြစ်ရပ် အကြောင်းကို အကျိုး စီးပွား ရရှိမှသာ တခြားသူများကို ပြောသင့် ပါတယ်၊ ဆုံးရှုံးမှုဖြစ်မှာကို မပြောသင့်ဘူး၊ စောင့်စည်းရမယ်၊ အခု သုမနာ မင်းသမီးကလေးဟာ အသက်ငယ်ပေမဲ့ ချိန်ဆမြော်မြင်တတ်တယ်၊ သူ့ဆုံးဖြတ်ချက်ဟာ အင်မတန် မှန်ကန်တယ်။ သုမနာမင်းသမီးလေးကို နည်းယူကြရမယ်။ (မှန်ပါဘုရား)။

## သုမနာ ကုသိုလ်ရှင်

အခု ဘဒ္ဒကမ္ဘာမှ ပြန်လည်ရေတွက် ကိုးဆဲ့တစ်ကမ္ဘာ ထက်က လူတို့အသက် အနှစ်ရှစ်သောင်းတမ်းမှာ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူပါတယ်၊ မြတ်ဘုရားရဲ့ ဘခင် ခမည်းတော်က ဗန္ဓုမမဟာရာဇာ မိခင်မယ်တော်က ဗန္ဓုမတီဒေဝီ ဖြစ်တယ်။ ဗန္ဓုမမဟာရာဇာဟာ မြတ်စွာဘုရားကလဲ သားတော်အရင်း လက်ျာတော်ရံ အရှင်ခဏ္ဍကလဲ သားတော်အရင်း လက်ဝဲတော်ရံ အရှင်တိဿက ပုရောဟိတ်ရဲ့သားမို့ ငါ့ဘုရား ငါ့တရား ငါ့သံဃာရယ်လို့ တွေးမြင်ယူဆပြီး အခြားသူများကို ကိုးကွယ်လှူဒါန်းပူဇော်ခွင့်မပေးပဲ မိမိချည်းသာကိုးကွယ်ပူဇော်လှူဒါန်းနေတယ်တဲ့။

အများပြည်သူတွေက ဗန္ဓုမမဟာရာဇာရဲ့ လုပ်ပုံကို မကျေနပ်ကြလို့ သေနာပတိဗိုလ်ချုပ်ကြီးကို စည်းရုံးပြီး "ရတနာသုံးပါးကိုပဲ ပြည်သူအား ကိုးကွယ်ပူဇော် ခွင့်ပြုမည်လော၊ စစ်မျက်နှာရင်ဆိုင် ယှဉ်ပြိုင်မည်လော"လို့ ဗန္ဓုမမဟာရာဇာထံ ရာဇသံပို့လိုက်တယ်၊ စစ်တပ်က ပြည်သူဘက်ပါနေတာကိုသိရလို့ မဟာရာဇာက အလျှော့ပေးလိုက်ရတယ်၊ အောင်မြင်ပါလျှင် ပဌမဗိုလ်ချုပ်ကြီးက မြတ်ဘုရားနှင့်သံဃာတော်များကို ဆွမ်းကျွေးလှူဒါန်းရပါမယ်လို့ ပြည်သူတို့ရဲ့ ကတိစကားအတိုင်း ဗိုလ်ချုပ်ကြီးဟာ မိမိအိမ်ကို မြတ်ဘုရားနှင့် သံဃာတော်များကို ပင့်ဖိတ်ပြီး မည်သူမျှ လမ်းမှာ ကြားဖြတ်မလှူရအောင် အစောင့်များစွာကိုလဲ ချထားပါတယ်တဲ့။

'ချစ်သမီး တကယ်လို့သာ သမီးအဖေ အသက်ရှင်နေဦးမယ်ဆိုလျှင် ဒီနေ့မြတ်စွာဘုရားကို အမေရယ် ပဌမဦးဆုံး ဆွမ်းကပ်လှူရမယ်'လို့ ငိုပြီးပြောတဲ့ မိခင်ရဲ့ စကားကို အခြေ

အရုံငါးရာနှင့် ကစားရာမှ ပြန်ရောက်လာတဲ့ သမီးငယ် ကြား ရလေတော့ အကြောင်းကိုမသိရပဲ ရင်ထည်းမှာ ဆို့နင့်သွား တယ်။ မိခင်ထံမှ အကြောင်းကို သိရတဲ့အခါ "အို မိခင် မေ မေ့ရယ် စိုးရိမ်နှောင့် ကြောင့်ကျတော် မူပါနှင့် ကျေးဇူးရှင် မေမေ့ဆန္ဒပြည့်ဝအောင် သမီးစီစဉ်ပါမယ်" လို့ သမီးငယ်က မိခင်အား ချွေးသိပ်စကားပြောကြားပြီး စီစဉ်ပါရှာတော့တယ်။

## ပန်းကုံးထွေးကို အလှူခံတော်မူပါ

သမီးငယ်က ထောပတ် ပျားသကာ စသည်တွေရောပြီး စပ်ပြီး ရေမပါပဲ နို့ဖြင့်ကြိုချက်ထားတဲ့ သောက်ဘွယ်များကို စိမ်ပြီး တသိန်းတန် ရွှေခွက်ကြီးမှာ ထည့်လိုက်တယ်၊ တခြား ခွက်သန့်သန့်တခုဖြင့် ဖုံးအုပ်လိုက်တယ်။

အဲဒါကို သုမန မြတ်လေး ပန်းကုံး ပန်းထွေး ကြီးဖြင့် ရစ်ပတ်လိုက်ပြန်တယ်၊ ယာဂုဆွမ်းသောက်ဖွယ်တွေ ထည့်ထား တဲ့ ရွှေခွက်ကြီးဟာ သုမန-မြတ်လေး ပန်းကုံး ပန်းထွေးကြီး ဖြစ်နေပါတော့တယ်၊ သမီးငယ်ရဲ့ အစီအမံကိုကြည့်ပြီး မိခင် ကြီးကလဲ ပီတိတွေ ဝေဝေဖြာလို့ပေါ့လေ။ သမီးငယ်ဟာ ဖီးလိမ်းပြုပြင်ပြီး သုမန ပန်းကုံး ပန်းထွေး ကြီးကို ကိုယ်တိုင် ခေါင်းပေါ်မှာ တင်ရွက်ပြီး အခြွေအရံ ငါးရာနှင့်အတူ မြတ် စွာဘုရားကို လှူဘို့ရာ နေအိမ်မှ ထွက်သွားကြတယ်။

"အမ္ဗ မာ ဂ္ဂတော အာဂမာ" သမီး ဒီလမ်းက မလာပါနှင့်၊ 'ဗိုလ်ချုပ်ကြီးရဲ့ အစောင့်တွေက တားမြစ်ကြ တယ်၊ ဘာဖြစ်လို့လဲ ဘကြီး, ဘထွေး, ဦးရီးတို့ရဲ့၊ မြတ်စွာ ဘုရားကို လမ်းကဖြတ်ပြီး ခဲဘွယ်ဘောဇဉ်ဆွမ်းတွေ ဦးဦးဖျား ဖျားလှူသွားကြမှာကြောင့် တို့များကိုအစောင့်ထားလို့ပါသမီး၊ ဘကြီး, ဘထွေး၊ ဦးရီးတို့ရယ် သမီးလက်မှာ ခဲဘွယ် ဘောဇဉ် ဆွမ်းကိုမြင်ကြ ပါသလားရှင်၊ ပန်းအထွေးကြီးပဲ မြင်ကြပါ

တယ်သမီးရယ်၊ ဘကြီး, ဘထွေး, ဦးရီး တို့ရယ် ကျမတို့ ဗိုလ်ချုပ်ကြီးက ပန်းပူဇော်ခွင့် ကိုတောင် မပေး ဘူးတဲ့ လားရှင်၊ ပေးပါတယ်သမီး၊ ဒါဖြင့်တဆိတ်လောက် ဖယ်ပေးပါဘကြီး, ဘထွေး, ဦးရီးတို့ရယ်နော်ရှင်။

ပါရမီကုသိုလ်ရှင်တွေဟာ ချစ်ဖွယ်မြတ်နိုးဘွယ် စကားကို ပြောတတ်ကြတယ်၊ သူတို့ရဲ့ စကားကို မပယ်ရှားနိုင်ကြဘူး၊ အခုလဲ သမီးငယ်ဟာ မြတ်စွာဘုရားရှေ့တော်ကို ရောက်သွားပါပြီ၊ မြတ်စွာဘုရားအနီးကို ချဉ်းကပ်ပြီး ''မာလာဂုဠ်ဂဏ္ဍထ ဘဂဝေါ၊ ပန်းကုံးပန်းထွေးကြီးကို အလှူ ခံယူတော်မူပါ မြတ်စွာဘုရား''၊အဲဒီအခါ ဝိပဿီမြတ်စွာဘုရားက ဗိုလ်ချုပ်ကြီးရဲ့ အစောင့်တပ်သားတယောက်ကို ကြည့်တော်မူပြီး ပန်းကုံး ပန်းထွေး ကြီးကို ယူစေတော်မူပါတယ်။

## သုမနာဆုတောင်း

ဤဒါနကုသိုလ်ကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ ချမ်းသာစွာအသက်ရှင်ရပါစေသား မြတ်စွာဘုရား၊ လူအများသည် သုမန-မြတ်လေး ပန်းကို နှစ်သက်ကြသလို ဘုရားတပည့်တော်မကိုလဲ ချစ်မြတ်နိုးကြပါစေသား အရှင်ဘုရား၊ သုမနာအမည်ကိုသာ ဘဝတိုင်းမှာ ရပါစေသား အရှင်ဘုရား၊ သမီးငယ်ဟာ အဲဒီလိုဆုတောင်းပြီး အစောင့်များကို ဘကြီး ဘထွေး၊ ဦးရီးတို့ အမျှအမျှ ယူတော်မူကြပါရှင်လို့ အမျှပေးဝေပြီး အိမ်ကို ပြန်သွားပါတယ်၊ အိမ်ရောက်လျှင် မိခင်အားလဲ အမျှပေးဝေပါတယ်။

## ဗိုလ်ချုပ်ကြီး ကတော်

မြတ်စွာဘုရားနှင့် သံဃာတော်များ ဗိုလ်ချုပ်ကြီးအိမ်ကိုရောက်ကြတော့ လက်ဦးအလှူရှင် သမီးငယ်အကြောင်းဟာ ထင်ရှား ပေါ်လွင်သွားတော့တယ်၊ လိမ်ခံထိကြတဲ့ အစောင့်

တာဝန်ကျ တပ်သားများမှာလဲ မျက်နှာလေး ငယ်ငယ်ဖြင့် ဖြောင့်ချက်ပေးရှာတယ်၊ အင်း အင်မတန်ပညာရှိတဲ့ မိန်းက လေးပဲ ဒီလို မိန်းကလေးမျိုး အိမ်မှာရှိလျှင် အမျိုး သမီးရဲ့ ခင်ပွန်းလင်မှာ နတ်ပြည် စည်းစိမ် လောက်တော့ ရလှယ်မှာ အမှန်ပဲလို့ ဗိုလ်ချုပ်ကြီးက စဉ်းစားမိပြီး လက်ထပ်လိုက်ပါ တယ်တဲ့။

သမီးငယ်ဟာ မိဘအမွေပစ္စည်း ဥစ္စာများနှင့် ဗိုလ်ချုပ် ကြီး ပစ္စည်း ဥစ္စာ များကို သက်ဆုံးတိုင် ပေးလှူကာ အခြား ကုသိုလ်ပညာများကိုလဲ ပြုလုပ်တယ်၊ ကွယ်လွန်တဲ့အခါ နတ် ပြည်ရောက်ပါတယ်၊ နတ်ပြည်မှာ ဖြစ်လျှင်ဖြစ်ချင်း နတ်ပြည် တခုလုံး ဒူးကျွံ နစ်အောင် သုမန- မြတ်လေး ပန်းမိုး ရွာချ တယ်၊ အခြားနတ်များက သုမနာ နတ်သမီးလို့ပဲ ခေါ်ကြ ပါတယ်တဲ့။ ဆုတောင်းပြည့်တာပေါ့။

သမီးငယ်ဟာ ကိုးဆဲ့တစ် ကမ္ဘာတိုင်တိုင် အပါယ်လေး ပါးမကျရောက်ပဲ လူ့ပြည်၊ နတ်ပြည်လှည့်လည်ကာ စည်းစိမ် ခံစားရတယ်၊ ဖြစ်တိုင်းဘဝမှာ သုမန- မြတ်လေး ပန်းမိုး ရွာတယ်၊ သုမနာ အမည်ကိုချည်းပဲ ရတယ်။ အခုဘဒ္ဒကမ္ဘာ ဗုဒ္ဓဂေါတမမြတ်စွာ လက်ထက်တော်ကာလမှာ သာဝတ္ထိပြည် ကောသလ မဟာ ရာဇာရဲ့ အဂ္ဂမဟေသီ ဝမ်းကြာ တိုက်မှာ သန္ဓေယူဖွားမြင်တော့လဲ ပန်းမိုးရွာချတယ်၊ သုမနာအမည်ကိုပဲ ရရှိတယ်၊ ဆုတောင်းပြည့်တယ်။

## သုမနာ သောတာပန်

သုမနာ မင်းသမီးလေး ၇ နှစ်အရွယ်မှာ အနာထပိဏ် သူဌေး ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးတယ် အနာထပိဏ် သူဌေးက မင်းကြီး ကျွန်တော် ပင့်လို့ မြတ်စွာ

ဘုရား အခုကြွတော်မူလာ နေပါပြီ၊ အခုလို မြတ်စွာဘုရား ကြွတော်မူလာခြင်းဟာ မင်းကြီးတို့ အဖို့ရော ကျနော်တို့ အတွက်ပါ မင်္ဂလာ ဖြစ်ပါတယ်၊ အရှင်မင်းကြီး တို့ရဲ့ သမီးတော် သုမနာကို ရေပြည့်အိုး နဲ့ သာပန်း စသည် ယူစေပြီး အခြွေအရံ ငါးရာတို့နှင့် ဘုရားမြတ်စွာအား ကြိုဆိုရေး တာဝန်ကို ပေးတော်မူပါမင်းကြီးလို့ သံတော်ဦး တင်လိုက်ပါတယ်။ ကောသလ မဟာရာဇာက ဝမ်းသာတော်မူလွန်းလို့ သမီးတော် သုမနာအား အကြိုစေလွှတ်တော်မူပါတယ်။

ရောက်လာတဲ့ ကြိုဆိုရေးတာဝန်ကျ ပရိသတ်ကို မြတ်စွာဘုရားက မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်ကြီးကို ဟောတော်မူပါတယ်၊ ဗုဒ္ဓဂေါတမမြတ်စွာဘုရားသခင် ဟောကြားတော်မူတဲ့ တရားတော်ကို နာယူပြီး ရှုမှတ်အားထုတ်ကြတာ အချိန်တိုကာလမှာ သုမနာမင်းသမီးနှင့် ကုမာရီအမျိုးသမီးငါးရာ၊ အခြားဒါယိကာအမျိုးသမီးငါးရာ၊ မာတုဂါမ အမျိုးသမီးငါးရာ၊ ဉပါသကာ အမျိုးသားငါးရာ အားလုံးပေါင်း ဦးရေနှစ်ထောင် လမ်းခရီးမှာ သောတာပန် ဖြစ်ကြတယ်။

သုမနာ မင်းသမီးကလေးဟာ အသက် ခုနစ်နှစ် ကပင် မြတ်စွာဘုရားကို ကြိုဆိုရင်း သောတာပန်ဖြစ်တယ်၊ တင်းပြည့် ဗုဒ္ဓဘာသာဝင် အဆင့် ရောက်ခဲ့တယ်၊ တာကြောင့် ကလေး ငယ် နှစ်ဦး စကားပြောတာကို လူကြီးတွေကို အသိမပေးဘူး၊ အဘမဟာဂေါတမ မြတ်စွာကို မေးလျှောက်မယ်လို့ ဆုံးဖြတ်ခဲ့တာပါ၊ လောကုတ္တရာ တရားထူးကို ချီးမြှင့်ပေးသနားတော်မူလို့ လောကုတ္တရာဘခင်ဖြစ်ပါတယ်။ အတွေးဉာဏ်ကြီးမြင့် ပါပေတယ်။

## ထူးခြားချက်

သုမနာမင်းသမီးကလေးဟာ နံနက်စာစားပြီးနောက် ဘခမည်းတော် ကောသလမဟာရာဇာထံ ဘုရားဖူးသွားလိုပါ ကြောင်း ခွင့်တောင်းတယ်၊ ရထား ငါးရာ မင်းသမီးငါးရာ ခြံရံကာ မြတ်စွာဘုရားထံရောက်သွားကြတယ်၊ မြတ်စွာဘုရား သာသနာတော်မှာ မြတ်စွာဘုရားရဲ့ညီမျှတဲ့ သဒ္ဓါ၊ သီလ၊ ပညာရှိသူရဟန်းတော်နှစ်ဦးဟာ ပျံတော်မူကြပြီး နတ်ပြည် လူ့ ပြည်ရောက်ကြလျှင် ထူးခြားချက် ခြားနားချက်များရှိပါသ လားဘုရား၊ ဒီလို သုမနာမင်းသမီးလေးက မြတ်စွာဘုရားကို မေးလျှောက်ပါတယ်၊ စောစောက ရှင်းပြခဲ့တဲ့အတိုင်း သုမနာ မင်းသမီးလေးကို ဘုရားမြတ်စွာ ဟောကြားဖြေဆိုတော်မူပါ တယ်....၊ ကဲ ဆောင်ပုဒ်ပြန်ဆိုကြဦး–

— ဘဝနတ်လူ၊ ဖြစ်ချင်းတူ၊ အလှူရှင်ကသာ။
— သက်ရှည်ရုပ်ချော၊ ခြွေရံပေါ၊ ကျော်စောလွန်ချမ်းသာ။
— အာဏာပိုင်စိုး၊ ဤငါးမျိုး၊ လွှမ်းမိုးသူ့ထက်သာ။
— နှစ်ခိုက်ဖွယ်ရာ၊ စိတ်မူရာ၊ နှစ်ဖြာကိုယ်နှုတ်ပါ။
— အတူနေသူ၊ များရှင်လူ၊ ပူမူဖော်ရွှေစွာ။
— ကျောင်းနှင့်ဆေးဆွမ်း၊ ဝတ်သင်္ကန်း၊ ထူးဆန်းထွေရာရာ။
— ရဟန်းဘဝမူ၊ ဖြစ်ချင်းတူ၊ အလှူရှင်ကသာ။
— သုံးဆောင်ဘို့ရန်၊ ဦးညွတ်ပန်၊ လက်ခံရသည်သာ။

မဟာသတိပဋ္ဌာန် ဝိပဿနာတရားအလုပ် အားထုတ် အောင်မြင်ပြီး ရဟန္တာဖြစ်ကြတဲ့အခါ အဲဒီ မပေးလှူသူ၊ ပေး လှူသူများမှာ ထူးခြားချက်၊ ခြားနားချက်များရှိပါသေးသ လားမြတ်စွာဘုရား၊ သုမနာမင်းသမီးကလေးက ဆက်ပြီးမေး

လျှောက်ပြန်တယ်၊ အဖြေဆောင်ပုဒ်ကိုဆိုကြဦး....
— မပေးလှူသူ၊ ပေးလှူသူ၊ ဖြစ်မူရဟန္တာ။
— အရဟတ္တဖိုလ်မှာ၊ အတူသာ၊ ထူးကာမခြားပါ။

မဟာသတိပဋ္ဌာန် ဝိပဿနာတရားအလုပ်ကို အားထုတ်လို့အောင်မြင်ပြီး ရဟန္တာဖြစ်ကြတဲ့အခါ ပေးလှူတတ်သူရှိတဲ့ အရဟတ္တဖိုလ်ရဲ့စွမ်းရည်ကလဲ ကိလေသာကိုမကျန်ကြွင်းအောင် အပြတ်ရှင်းလိုက်နိုင်တာပါပဲ၊ မပေးလှူတတ်သူ ရရှိတဲ့ အရဟတ္တဖိုလ်ရဲ့စွမ်းရည်ကလဲ ကိလေသာကိုမကျန်ကြွင်းအောင် အပြတ်ရှင်းနိုင်တာပါပဲ၊ ရဟန္တာဖြစ်ကြတဲ့အခါ ကိလေသာကို မကျန်ကြွင်းအောင် အပြတ်ရှင်းနိုင်တဲ့ အရဟတ္တဖိုလ်စွမ်းရည်ချင်း အတူတူပါပဲ၊ ထူးခြားချက် ခြားနားချက်မရှိပါဘူးလို့ ဘုရားမြတ်စွာ အဖြေပေးတော်မူပါတယ်။

## ပြုလုပ်သင့်သောဒါန

သံသရာလွတ်မြောက်ရေးစခန်းမှာ အောင်မြင်လို့ ပန်းဝင်တဲ့အခါ ထူးခြားချက် ခြားနားချက်မရှိပဲ အာသဝေါကင်းစင် ရဟန္တာဖြစ်ရပုံချင်း ဂုဏ်ရည်တူပေမဲ့ စားဝတ်နေအတွက် ပြည့်စုံမပြည့်စုံဆိုဘာကတော့ ထူးခြားချက် ခြားနားချက်ရှိနေတယ်၊ ဒီတော့ စားဝတ်နေပြည့်စုံစွာ အထက်တန်းကျကျ ရဟန္တာဖြင်ပြီး နိဗ္ဗာန်ရွှေနန်းစံမြန်းရတာက ကောင်းသလား၊ စားဝတ်နေနှံချာ အဆင့်အတန်းနိမ့်နိမ့်ဖြင့် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရွှေနန်းစံမြန်းရတာက ကောင်းသလား၊ စဉ်းစားကြည့်လိုက်ပါလျှင် အထက်ဘန်းကျကျရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရွှေနန်းစံမြန်းရတာကောင်းတယ်ဆိုတာ မကွေ့တိုင်း၊ စလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက်ကြီးနှင့် ဆက်စပ်နေကြတဲ့ ဒါယကာ ဒါယိကာမအားလုံးတို့ သဘောပေါက်နားလည်ပြီး

ဖြစ်ကြပါတယ်၊ ဒါကြောင့်လဲ သိန်းပေါင်းများစွာကုန်ကျမဲ့ ကျောင်းတိုက်ကြီးကို တည်ဆောက်ဖန်တီးပြီး မင်္ဂလာအုတ် ကျောင်းတော် ရေစက်ချအလှူပွဲကြီးကို ဆင်နွှဲကျင်းပကြတာ ပေါ့နော်၊ (မှန်လှပါဘုရား) ဆောင်ပုဒ်ကို ဆိုကြဦး—

— ဒါနအစွမ်း၊ အထက်တန်း၊ ရဟန်းနတ်လူမှာ။
— အိုနာသေရေး၊ ဒုက္ခဘေး၊ ကင်းဝေးမလွတ်ပါ။
— ဆင်းရဲမသန်း၊ နိဗ္ဗာန်နန်း၊ ရည်မှန်းပေးလှူပါ။

**ဝိသာခါကျောင်းအမ**

ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်ကာလက သာဝတ္ထိ မြို့တော်နေ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းဒါယကာ ကြီးအိမ်မှာ နေ့စဉ်သံဃာတော်ရဟန်းများ နှစ်ထောင်၊ ပုဗ္ဗာရုံ ကျောင်းအမ ဝိသာခါအိမ်မှာလဲ နေ့စဉ် ရဟန်းသံဃာတော် များ နှစ်ထောင်၊ ကြွတော်မူကြတယ်၊ဆွမ်း၊အဖျော်ရည်၊ဆေး၊ သံဃာတော်များ အလိုရှိရာကို ပြည့်စုံအောင် လှူပါတယ်တဲ့။ ဝိသာခါ၊ အနာထပိဏ်တို့ဟာ တနေ့နှစ်ကြိမ် ကျောင်းတော်ကို သွားကြတယ်၊ မနက်ပိုင်းသွားလျှင် ဆွမ်း၊ မုန့်များကိုယူသွား ကြတယ်၊ ညနေပိုင်းသွားလျှင် ဆေး၊ အဖျော်ရည်တို့ကို ယူသွား ကြတယ်၊ နည်းယူဘွယ်ကောင်းပါတယ်။

အခုခေတ်မှာတော့ ကျောင်းဘုန်းကြီးက ကွမ်း၊ ဆေး၊ လဘက် စသည် အတည်အကျွေးမလုပ်လျှင် စာမတတ်ဘူးလို့ ကွယ်ရာမှာပြောကြတယ်ဆိုတယ်၊ စာမတတ်ဘူးလို့ပြောလဲခံရ မှာပဲ၊ ဘုန်းကြီးတို့လိုင်မဟာစည်မှာတော့ ကျေးဇူးရှင် မဟာ စည်ဆရာတော်ဘုရားကြီးမူအတိုင်း အတွင်းနေယောဂီများ၊ ရဟန်းတော်များ၊ ဝေယျာဝစ္စများအားလုံး ကွမ်း၊ ဆေးလိပ် မသုံးစွဲကြလို့ အဲဒါမျိုးတွေ ညှော်ခံခြင်းမရှိပါဘူး၊ အလှူအဒါန်း

အခန်းအနားပွဲကျင်းပတဲ့အခါလဲ ဆေးလိပ် ကွမ်းများကို ညှော် မခံကြပါဘူး။

ကျောင်းအမဝိသာခါတို့အချိန်က သာဝတ္ထိမြို့တော်မှာ လူဦးရေသန်း ခုနှစ်ဆယ်ရှိရာ သန်းငါးဆယ်က သောတာပန်၊ သကဒါဂါမိ၊ အနာဂါမ်အရိယာတွေချည်းပဲတဲ့၊ သန်း နှစ်ဆယ်ကတော့ ပုထုဇဉ်တွေတဲ့၊ ပုထုဇဉ်တွေထဲမှာ ပုရာဏကဿပ နိဂဏ္ဌနာဋပုတ္တစတဲ့ ဆရာကြီးတွေရဲ့ တပည့်များလဲရှိပါလိမ့်ဦးမယ်၊ အရိယာတွေကတော့ သူတို့ရဲ့ နေ့စဉ်အလုပ်ဟာ မနက်ပိုင်းဆွမ်းလှူ၊ ညနေပိုင်းမှာ ပန်းနံ့သာ၊ အဝတ်သင်္ကန်း၊ ဆေးပစ္စည်း၊ အဖျော်ရည်စသည် လှူစရာများကို ယူပြီး ကျောင်းတော်ကိုသွားကာ ဆက်ကပ်လျက် တရားတော်ကို နာယူရှုမှတ်အားထုတ်၊ ဒါနေ့စဉ်အလုပ်ပဲတဲ့၊ စားဝတ်နေ ကိစ္စအတွက် စီးပွားရေးမရှုပ်ထွေးကြဘူး၊ အဲဒီလို သံသရာဝဋ်မြစ်ပြုတ်ဖို့ စစ်မှန်တဲ့သာသနာပြုအလုပ်ကိုချည်း လုပ်ခွင့်ရနေကြတာဟာ ရှေးရှေးကကုသိုလ်အကျိုးတွေပေါ့လေ။

သာသနာတော် နောက်ဆွယ်ကျလာတဲ့ ယခုခေတ်မှာတော့ အခမဲ့အစားကျွေးတရားပေးနေတာကိုတောင်မှ လာရောက်ပြီး အားမထုတ်နိုင်ကြဘူး၊ ယောဂီများအတွက် လစဉ် တစ်ကျပ်ငွေလှူဘို့တောင် မစွမ်းနိုင်ရှာကြတာလဲရှိသေးတယ်၊ ကိုယ်တိုင်လာပြီး အားထုတ်နေလျှင် တကိုယ်ထည်းအတွက်သာ စိတ်အေးရပြီး အိမ်မှာကျန်ရစ်တဲ့ မိသားစုအတွက်က ခက်နေတယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်ကြီးကို လာရောက်အားထုတ်လိုသော်လဲ အားမထုတ်နိုင်ကြရှာဘူး ဆိုတယ်၊ ဘုန်းကြီးတို့ရဲ့ လှိုင်မဟာစည်သာသနာ့ရိပ်သာမှာတော့ ယောဂီ(၃)ယောက်ကို နေ့စဉ်အခမဲ့ အစားကျွေး တရား

ပေးနေပါတယ်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး သိ
တင်းသုံးတော်မူတဲ့ မဟာစည်သာသနာ့ရိပ်သာကြီးမှာတော့
ဟိုတေသီအဖွဲ့က နေ့စဉ်ယောဂီနှစ်ရာကျော်ကို အခမဲ့အစား
ကျွေး တရားပေးနေပါတယ်၊ လွန်ခဲ့တဲ့ ၁၉၈၀-ပြည့်၊ အောက်
တိုဘာ ၉-ရက်နေ့၊ ၁၃၄၂-ခု၊ တော်သလင်းလပြည့်ကျော်နေ့က
ယောဂီသုံးယောက် အခမဲ့ အစားကျွေး တရားပေးအဆင့်ကို
ယောဂီ-ဦးအောင်မောင်းနှင့် စတင်မြှင့်ခဲ့ပါတယ်၊ သုံးယောက်
ကပိုတဲ့ ယောဂီများကတော့ ဟနေ့ကိုလေးကျပ်နှုန်းဖြင့် အရုဏ်
တနပ်၊ နေ့လည်စာတနပ်ကျွေးပါတယ်၊ အရုဏ်မှာဆန်ပြုတ်ကို
မကျွေးပါဘူး၊ ဆန်ပြုတ်ကို ကြိုက်နှစ်သက်သူနည်းတာရယ်၊
ကြိုက်သူတို့အတွက်မှာအစာမခံနိုင်တာရယ်ကြောင့် သုံးယောက်
ကို ဆန်နို့ဆီပုံးတလုံးကျ ဆွမ်းထမင်းချက်ပြီး အသားတမျိုး
မျိုးကို ကြော်ပြီး ရေနွေးကြမ်းဖြင့် အရုဏ်စာအတွက် လှိုင်
မဟာစည်မှာ ယောဂီများကိုကျွေးပါတယ်၊ နေ့လည်စာကို
ဆယ်နာရီခွဲမှာကျွေးပါတယ်။

တခြားတရားဌာနတွေမှာ အားထုတ်ခဲ့ဘူးတဲ့ ယောဂီ
အဖွားကြီးကပြောတယ်၊ အရုဏ်မှာ ဆန်ပြုတ်မဟုတ်လို့အဆာ
ခံတယ်၊ စားစရာအပိုမဆောင်ရဘူး၊ ဆယ်နာရီခွဲမှ နေ့လည်စာ
ကျွေးလို့ ညမဆာဘူး၊ ဖျော်ရည်မသောက်ရဘူး၊ ညမထရဘူး၊
အားကြီးချမ်းသာတယ်၊ ကောင်းတယ်လို့ ကျေးဇူးစကားပြော
ပါတယ်။

ကျောင်းအမ ဝိသာခါဟာ မြတ်စွာဘုရားညွှန်ကြား
တော်မူတဲ့အတိုင်း သာဝတ္ထိမြို့တော်အရှေ့ဘက်မှာ ကျောင်း
တော်ရာမြေကို ငွေသန်းကိုးဆယ်ပေးပြီး ဝယ်ယူပါတယ်၊ တန်
ဘိုးငွေ သန်းကိုးဆယ်အကုန်အကျခံပြီး ကျောင်းတော်ကြီးကို

ကိုးလနှင့်အပြီးတည်ဆောက်ပါတယ်၊ မြတ်စွာဘုရားနှင့် သံဃာတော်များကို ဝါကပ်တော်မူစေပြီး လေးလကြာကျောင်းတော်ရေစက်ချပွဲတော်ကြီး ကျင်းပရာမှာလဲ ငွေကျပ် သန်းကိုးဆယ်စွန့်လှူပြန်ပါတယ်၊ အားလုံးပေါင်းကျပ်ငွေ ၂၇–ကုဋေ၊ သန်း ၂၇၀-ကုန်ကျပါတယ်၊ ရှေးရှေးသောဘဝတွေက ပေးလှူခဲ့တဲ့ ဒါနမင်္ဂလာကုသိုလ်ကြောင့် အခုဘဝမှာ ရရှိလာတဲ့ ပစ္စည်းဥစ္စာတွေကို စစ်မှန်တဲ့သာသနာပြုအလုပ်မှာ အသုံးချရတော့ ဝမ်းသာလွန်းလို့ သားသမီးနှစ်ဆယ်ယောက်၊ မြေးလေးရာယောက်၊ မြစ်ရှစ်ထောင်ယောက်တို့နှင့်အတူ ရေစက်ချပွဲကြီး ပြီးဆုံးအောင်မြင်တဲ့နေ့မှာ ပုဗ္ဗာရုံကျောင်းတော်ကြီးကို လှည့်ပတ်ပြီး ကျောင်းအမဝိသာခါဟာ ဟောဒီလိုဥဒါန်းစကားကို နားဝင်ချိုနားဆောင်ချင်ဘွယ် ကောင်းတဲ့ အသံနဲ့ သီဆိုရင့်ကျူး ရွှင်မြူးနေပါတယ်တဲ့။

## ဥဒါန်းများ

(၁) ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှံ ပူရိတော။
— ခေတ်မီလွန်ကောင်း၊ စံကျောင်းဝိဟာ။
ဘယ်ခါလှူရ၊ ကြံဆငါ့မှာ။
အခုပြီးမြောက်၊ အံ့သောက်ဖွယ်ရာ။
စိတ်ကြံတိုင်း၊ မဆိုင်းပြည့်စုံလာ။
ပျော်ရွှင်မြူး၊ ကြည်နူးလွန်ဝမ်းသာ။

(၂) ကဒါဟံ မဋ္ဌပိဋ္ဌဋ္ဌ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

— ကျောင်းသုံးပစ္စည်း၊ ဖန်တီးများစွာ။
ဘယ်ခါလှူရ၊ ကြံဆငါ့မှာ။
အခုပြီးမြောက်၊ အံ့လောက်ဖွယ်ရာ။
စိတ်ကြံတိုင်း၊ မဆိုင်းပြည့်စုံလာ။
ပျော်ရွှင်မြူး၊ ကြည်နူးလွန်ဝမ်းသာ။

(၃) ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသုပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

— အကောင်းဆုံးဆွမ်း၊ ရွှင်လန်းကြည်စွာ။
ဘယ်ခါလှူရ၊ ကြံဆငါ့မှာ။
အခုပြီးမြောက်၊ အံ့လောက်ဖွယ်ရာ။
စိတ်ကြံတိုင်း၊ မဆိုင်းပြည့်စုံလာ။
ပျော်ရွှင်မြူး၊ ကြည်နူးလွန်ဝမ်းသာ။

(၄) ကဒါဟံ ကာသိကဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

— ဖန်ဝါရောင်လျှမ်း၊ သင်္ကန်းများစွာ။
ဘယ်ခါလှူရ၊ ကြံဆငါ့မှာ။
အခုပြီးမြောက်၊ အံ့လောက်ဖွယ်ရာ။
စိတ်ကြံတိုင်း၊ မဆိုင်းပြည့်စုံလာ။
ပျော်ရွှင်မြူး၊ ကြည်နူး လွန်ဝမ်းသာ။

(၅) ကဒါပိဟံ သပ္ပ°နဝနိတံ၊ မဇ္ဇုတေလဒ္ဒ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သက်ပ္ပေါမယှ ပူရိတော။

— ရောဂါပျောက်ကြောင်း၊ ဆေးကောင်းများစွာ။
ဘယ်ခါလှူရ၊ ကြံဆငါမှာ။
အခုပြီးမြောက်၊ အံ့လောက်ဖွယ်ရာ။
စိတ်ကြံတိုင်း၊ မဆိုင်းပြည့်စုံလာ။
ပျော်ရွှင်မြူး၊ ကြည်နူးလွန်ဝမ်းသာ။

အခုလို အမြတ်စာရင်းဝင်တဲ့ ဒါနမင်္ဂလာကုသိုလ်ကြီး စစ်မှန်တဲ့သာသနာပြုကုသိုလ်ကြီးကို ပြုလုပ်ချင်လွန်းလို့ ကမ္ဘာတသိန်းကာလကြာညောင်းအောင် ကြံစီအားပျိုးကြိုးစားလာခဲ့တာ ဒီနေ့အခုအံ့ဩလောက်အောင် ပြီးမြောက်အောင်မြင်ပေပြီလို့ ဝမ်းသာကြည်နူးစိတ်တွေကို မျိုသိပ်ကာ အောင့်မနိုင်တော့တဲ့အတွက် အခုတွင်က ဂီတကဗျာများကို သူကြား လူကြား နားထောင်ကောင်းအောင် သီဆိုပါတယ်၊ အဲဒါကို ဥဒါန်းကျူးတယ်လို့ခေါ်တာပါပဲ၊ အဲဒါကိုမြင်ရတော့အချို့က "ဝိသာခါဟာ သည်းချေများပျက်သွားလေသလား၊ ဒါမှမဟုတ် ရူးများရူးသွားလေသလား" လို့ ကြံတွေးပြီး ဘုရားမြတ်စွာကို မေးလျှောက်ကြပါတယ်တဲ့၊ မြတ်စွာဘုရားက သည်းချေပျက်တာလဲမဟုတ်၊ ရူးတာလဲမဟုတ်ဘူး၊ ကမ္ဘာ

တသိန်းကာလကြာအောင် ကြံစီအားပျိုး ကြိုးစားလာခဲ့ရတဲ့ အလိုဆန္ဒပြည့်စုံအောင်မြင်လို့ ဝမ်းသာကြည်နူး ဥဒါန်း ကျူး တာပါလို့ ဖြေကြားတော်မူပြီး အတိတ်အကြောင်း ပြန်ပြောင်း ဟောပြတော်မူပါတယ်။

## မပြီးဆုံးသေးဘူး

ဝိသာခါ ကျောင်းအမကြီးမှာ ရည်ရွယ်ချက်ဆန္ဒပြည့် စုံပြီးဆုံးလို့ ဝမ်းသာ ကြည်နူး ဥဒါန်း ကျူးရတယ်၊ မကွေး တိုင်း စလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်းတိုက် ဒါယ ကာ ဒါယိကာမများမှာတော့ အုတ်တိုက် ကျောင်းတော်ကြီး အတွက်သာ ပြီးဆုံးအောင်မြင်သေးလို့ ဒါလောက်ပဲ ဥဒါန်း ကျူးရဦးမယ်၊ ယောဂီများအဆောင်, စာသင်သားများအ ဆောင် မမှာရုံကျောင်းတော် စသည်များစွာ ဆောင်ရွက်ဘွယ် ရာတွေ မပြီးဆုံးသေးဘူး၊ အထွတ်အထိပ်ရောက် ပြီးမြောက် အောင်မြင် ပျော်ရွှင်ကြည်နူး မြန်မြန်ကြီး ဥဒါန်းကျူးရအောင် အဖြာဖြာ လိုအပ်ချက်များကို ဆက်လက်ဆောင်ရွက်ကြဦးမယ် ဆိုတာ အများက ယုံကြည်မျှော်လင့်နေကြပါတယ်။

## ဝိပဿနာမဟာသတိပဋ္ဌာန်

ကဲ….ဆိုကြည့်ပါဦး—

— ဒါအစွမ်း၊ အထက်တန်း၊ ရဟန်းနတ်လူမှာ။

— အိုနာသေရေး၊ ဒုက္ခဘေး၊ ကင်းဝေး မလွတ်ပါ။

ဒါနကုသိုလ် စွမ်းအင်ကြောင့် လူနတ်ရဟန်း အထက်တန်းလွှာ လောကမှာ ဖြစ်လာကြသူတွေဟာ သေရတယ်၊ ရောဂါအမျိုးမျိုး နှိပ်စက်ခံရသေးတယ်၊ ဒူးမခိုင် ခါးမခိုင် ညွတ်ကိုင်း မျက်စေ့မှုန် နားထိုင်း အရေခွံ တွန့်လိပ် သွားကျိုး ဆံဖြူအမူယွင်းယို နှာရည် လျှာရည် မထိန်းနိုင် ယိုကျ အိုရသေးတယ်။ အထက်တန်းလွှာ လောကမှာ အိုနာသေ အထွေထွေ ဆင်းရဲတွေ မကင်းသေးဘူး ဆိုတာ မြင်အောင်ကြည့်၊ ဆင်းရဲလုံးဝ မသန်းတဲ့ ချမ်းသာ အစစ် နိဗ္ဗာန်ကို လိုလားတဲ့ သမ္မာဆန္ဒဖြစ်ပေါ်လာမယ်။ ဒီတော့မှ ရာနှုန်းပြည့်တကယ်အမှန် နိဗ္ဗာန်ကို လိုလားတဲ့ သမ္မာဆန္ဒနှင့် ဦးတန်းပြီး စစ်မှန်တဲ့ သာသနာပြုဒါနခန်း လှူဒါန်း နိုင်ပါမယ်၊

ကဲ....ဆိုပါဦး—

— ဒါနအစွမ်း၊ အထက်တန်း၊ ရဟန်းနတ်လူမှာ။
— အိုနာသေရေး၊ ဒုက္ခဘေး၊ ကင်းဝေးမလွတ်ပါ။
— ဆင်းရဲမသန်း၊ နိဗ္ဗာန်နန်း၊ ရည်မှန်း ပေးလှူပါ။

## အနုသန္ဓေ ဆက်သွားပါပြီ

ကဲ....ဆက်ပြီးဆိုကြပါဦး—

— မိမိအလှူ၊ တွေးမိမူ၊ ကြည်ဖြူလွန်ဝမ်းသာ။
— ဝမ်းသာတိုင်းမှာ၊ ဖြစ်ပျက်သာ၊ ရှုကာပွားရမှာ။
— သို့ရှုပွားက၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။
— ဆင့်ကာသိစွမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းအေးချမ်းစွာ။

အားလပ်တဲ့အချိန် ဆိတ်ငြိမ်တဲ့အခါ ဘုရားရှိခိုး သီလဆောက်တည် အားလုံး ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပွား ၅-မိနစ် ၁၀-မိနစ် စသည်ပေါ့။

## မေတ္တာ ပွားပြီးပါလျှင်

၁၃၄၂-ခု တပေါင်းလပြည့်ကျော်(၁)ရက်နေ့မှ (၃) ရက် (၂၃-၃-၈၁) တနင်္လာနေ့ ရေစက်တော်သွန်းချပွဲကြီး ပြီးသည်အထိ ဒါနခန်းကို အောက်မေ့ ဆင်ခြင်ရမယ်၊ တွေးရမယ်၊ အဲဒီလို ဒါနကို တွေးဆင်ခြင်တာ စာဂါနုဿတိကမ္မဋ္ဌာန်းသမထပါပဲ၊ ဒါနကိုတွေးတဲ့ အတွေး စိတ်တွေချည်း ဆက်နေလျှင် ကာမစ္ဆန္ဒ လောဘ ဒေါသ စတဲ့ နီဝရဏ ကိလေသာများ ကင်းစင်ပြီး စိတ္တဝိသုဒ္ဓိဖြစ်နေပါတယ်။

စိတ္တဝိသုဒ္ဓိဖြစ်အောင် အပူအအေး မှတ်ခြင်ယင် စသည်တို့နှင့် တင်စားချမဲ့ နီဝရဏ ကိလေသာတွေ ကင်းကွာတာဟာ သမထစိတ်မှာ 'ဒါနအခြံအရံရလို့ ဒါနအဆင်တန်ဆာ' ရလို့ပါပဲ၊ သမထစိတ်မှာ အဆင်တန်ဆာ ရအောင် သမထစိတ်မှာ အခြံအရံရအောင် ရှေးသူတော်ကောင်းတွေ ဒါန ပေးလှူကြတယ်ဆိုတာ သဘောကျကြပြီလား၊ (မှန်ပါ ဘုရား)၊ ဒါနကုသိုလ်ကို ပြန်တွေးလို့ နီဝရဏတွေကင်းပြီး စိတ္တဝိသုဒ္ဓိ ဖြစ်နေပါလျှင် ဝမ်းသာတာ ကြည်ညိုတာ ငြိမ်းချမ်း တာတွေလဲ ဆင်ကဲဆင်ကဲ ပေါ်လာပါတယ်။

အဲဒီအခါ ထင်ရှားတဲ့ အတွေး စိတ်ကို တွေးတယ် တွေးတယ်လို့ စိတ်ကဆိုပြီး ရှုမှတ်၊ ဝမ်းသာတာကို ဝမ်းသာတယ် ဝမ်းသာတယ်လို့ စိတ်ကဆိုပြီး ရှုမှတ်၊ ကြည်ညိုတာကို ကြည်ညိုတယ် ကြည်ညိုတယ်လို့ စိတ်ကဆိုပြီး ရှုမှတ်၊ နောက် ကိုယ်မှာ စိတ်မှာ ထင်ရှား ဖြစ်ပေါ်လာတဲ့ သဘောတရားများကို မိမိနားလည်တဲ့ မြန်မာအရပ်သုံး နာမည်ဖြင့် ရှုမှတ်ရတယ်။ အဲဒါ မဟာသတိပဋ္ဌာန် ဝိပဿနာ ရှုမှတ် အား ထုတ် ပုံ နည်းမှန် စည်းမှန်ပဲ။

အဲဒီလို ရှုမှတ်လျှင် ဒါနကုသိုလ်ကို ပြန်တွေးတဲ့ အတွေး စိတ်သဘောကတခြား၊ အဲဒီစိတ်ကို ရှုမှတ်ပြီး သိသိနေတဲ့ မှတ်စိတ်သဘောကတခြား၊ အရှုခံ ဝမ်းသာတဲ့ သဘောကတခြား၊ ဝမ်းသာတာကို ရှုမှတ်ပြီး သိသိနေတဲ့ မှတ်စိတ် သဘောက တခြား၊ အရှုခံ ကြည်ညိုတဲ့သဘောက တခြား၊ ကြည်ညိုတာကို ရှုမှတ်ပြီးသိသိနေတဲ့ မှတ်စိတ်သဘောကတခြား၊ အဲဒီလို မှတ်ရင်းမှတ်ရင်းပဲ ကွဲကွဲပြားပြား နားလည်တဲ့ အသိဉာဏ် ဖြစ်ပေါ်လာပါမယ်၊ အဲဒီ အသိဉာဏ်ဟာ ဝိပဿနာစိတ်ပဲ၊ ဒါနကုသိုလ်ကို တွေးတာ ဝမ်းသာတာ ကြည်ညိုတာ စသည်တွေမှာ အသက်လိပ်ပြာ ငါ သူ လူ စသည် ယူစွဲတဲ့ ဒိဋ္ဌိစင်ကြယ်သွားပြီ၊ မှတ်စိတ်တွေမှာ အသက်လိပ်ပြာ ငါ သူ လူ စသည် ယူစွဲတဲ့ ဒိဋ္ဌိလဲ စင်ကြယ်သွားပြီ၊ အဲဒီလို အပူ အအေး မှုက်ခြင်းယင် စသည်တို့နှင့် တင်စားရမဲ့ ဒိဋ္ဌိစင်ကြယ်ပြီး ဒိဋ္ဌိ ဝိသုဒ္ဓိ အဆင့်ကို ရောက်သွားတာကတော့ ဝိပဿနာ စိတ်မှာ 'ဒါန အခြံအရံရလို့ ဒါနအဆင်တန်ဆာ'ရလို့ပါပဲ။ ဒီလောက်အမြွက်ပြောလျှင် ဝိပဿနာစိတ်မှာအဆင်တန်ဆာရအောင် ဝိပဿနာ

စိတ်မှာ အခြံအရံရအောင် ရှေးသူတော် ကောင်းတွေ ဒါန ပေးလှူကြတာကို သိလောက် ကျင့်နိုင် လောက်ပါပြီ။

## ဉာဏ်အစဉ်တက်

ဆက်ပြီး ရှုမှတ်ပါလျှင် ဝိစိကိစ္ဆာ ယုံမှားကင်းတဲ့ ကင်္ခါရဝိတရဏဝိသုဒ္ဓိ အဆင့်ရောက်မယ်၊ရှုမှတ်ဆဲ ရုပ်နာမ်တရားတွေရဲ့ ဖြစ်တာ ပျက်တာ စသည်ကို သိတဲ့ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအဆင့် စသည်ကို ရောက်မယ်။

ဂေါတြဘုဉာဏ်မှ မဂ်ဉာဏ်၊ ဉာဏဒဿန ဝိသုဒ္ဓိအဆင့် ရောက်မယ်၊ ဖိုလ်ဉာဏ်လဲ တဆက်ထည်း ပေါ်လာမယ်။ အဲဒီအခါ အပါယ်တံခါးပိတ်တဲ့ သောတာပန်အရိယာ ပုဂ္ဂိုလ်ကြီး ဖြစ်ပါပြီ။

ဆောင်ပုဒ်ကို ပြန်ဆိုကြဦး....

— မိမိအလှူ၊ တွေးမိမူ၊ ကြည်ဖြူ လွန်ဝမ်းသာ။

— ဝမ်းသာတိုင်းမှာ၊ ဖြစ်ပျက်သာ၊ ရှုကာပွားရမှာ။

— သို့ရှုပွားက၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။

— ဆင့်ကာသိစွမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်း အေးချမ်းစွာ။

"စိတ္တံ့ာလက်ာရ စိတ္တပရိက္ခာရတ္ထံ" ဒါနံ ဒေတိ၊ သမထစိတ်၊ ဝိပဿနာစိတ်ရဲ့ အဆင်တန်ဆာ ရအောင်၊ အခြံအရံ ရအောင်" ရှေးသူတော်ကောင်းတွေ ဒါနကုသိုလ် ပြုလုပ်ကြတယ်ဆိုတဲ့ မူလအနုသန္ဓေစကား ဆက်မိသွားပါပြီ။

## သာသနာ

ဘုရားရှိခိုး သီလဆောက်တည် မေတ္တာပွား ဒါနကုသိုလ်ကို အောက်မေ့ဆင်ခြင် အတွေးစိတ် ဝမ်းသာ ကြည်ညိုစသည်ကို ရှုမှတ်ပုံမှစပြီး သောတာပန် ဖြစ်သည်တိုင်အောင် ညွှန်ကြားချက်များကို ဟောကြားတာ, နာယူတာက ပရိယတ္တိသာသနာ အဲဒီ သမထယာနိက မဟာသတိပဋ္ဌာန် ဝိပဿနာ အားထုတ်နည်းကို သိနားလည်သူမှာ ပရိယတ္တိသာသနာတော်ကြီး တည်ရှိထွန်းလင်းနေပြီ၊ နားလည်သောအတိုင်း အားထုတ်ကြ ကျင့်ကြတဲ့ ဒက္ခိဏာရာမ လယ်ပြင်ကျောင်း ဒါယကာ ဒါယိကာမတွေမှာ ပဋိပတ္တိ သာသနာတော်ကြီး တည်ရှိထွန်းလင်းနေပြီ၊ ရှုမှတ် အားထုတ်ယင်း ကျင့်ယင်း နာမရူပ ပရိစ္ဆေဒ ဉာဏ်မှ ဂေါတြဘုဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိ ဉာဏ်အစဉ် များ တချို့လည်းကောင်း၊ အကုန်လည်းကောင်း ဖြစ်ပေါ်ရရှိကြတဲ့ ဒက္ခိဏာရာမ လယ်ပြင် ကျောင်း ဒါယကာ ဒါယိကာမတွေမှာ ပဋိဝေဓသာသနာတော်ကြီး တည်ရှိထွန်းလင်းနေပြီ။ ကိုယ့်မှာ သာသနာတော်ကြီး တည်ရှိထွန်းလင်း တောက်ပ နေစေလိုပါလျှင် ကိုယ်တိုင်ပင် အားထုတ်ကြရမယ်၊ အဲဒါ ကိုယ့်အတွက် သာသနာပြုတာပဲ၊ အခြားသူများ တရားနာနိုင်အောင် အား

ထုတ်ကျင့်နိုင်အောင် လှူဒါန်းတာ ဝေယျာဝစ္စ ဆောင်ရွက်ကူညီတာက သူတပါးအတွက် သာသနာပြုတယ် ခေါ်တယ်။

အခု ဟောကြားခဲ့တဲ့ ဗုဒ္ဓမြတ်စွာ ဘုရားရဲ့ အရိယမဂ္ဂလမ်းညွှန်ချက်အတိုင်း ကြိုးကြိုးစားစား ကိုယ့်အကျက်သူတပါးအတွက် သာသနာပြုအလုပ်ကိုအားထုတ်နိုင်ကြပြီး ဒက္ခိဏာရာမလယ်ပြင်ကျောင်း ဒါယကာ ဒါယိကာမများနှင့် တကွ ရောက်လာသမျှ ရဟန်းရှင် လူ သူတော်စဉ် အပေါင်းတို့သည် ဆင်းရဲခပ်သိမ်းငြိမ်းရာအမှန် ပြည်နိဗ္ဗာန်ကို လျှင်မြန်ထုတ်ချောက် မျက်မှောက်ထင်ထင် ဆိုက်ရောက်သိမြင်နိုင်ကြပါစေကုန် သတည်း။
(သာဓု သာဓု သာဓုပါဘုရား)။

## ရေစက်ချ

သံဃာတော် အရှင်မြတ်တို့ဘုရား၊ ညီမျှသော သဒ္ဓါယုံကြည်ချက် ညီမျှသော ကုသိုလ်ဆန္ဒ ညီမျှသော စိတ်ထားရှိကြပါကုန်သော တပည့်တော် တို့သည် စုပေါင်းကြ ကုန်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြပါစေရန် နိဗ္ဗာန်ကို မျက်မှောက်ပြုကြပါရန် ဦးတည် ရည်ရွယ် ချက်တို့ဖြင့် မကွေးတိုင်းစလင်းမြို့ ဒက္ခိဏာရာမ လယ်ပြင် ကျောင်း တိုက် တော်ကြီးအတွင်း၌ အလွန်တင့်တယ်သော ကြည့်ရှုချင်ဘွယ် ကောင်းသော ကြည်နူးဘွယ်ကောင်းသော မွေ့လျော်ဘွယ်ရာ ကောင်းသော အုတ်တိုက်ကျောင်းတော်ကြီးကို ဆောက်လုပ် စေကြကုန်ပြီး၍ ၁၃၄၂-ခု တပေါင်း လပြည့်ကျော် (၃)ရက် (၂၃. ၃-၈၁)

တနင်းလာ ယနေ့ညနေ ၃-နာရီ ၂၅-မိနစ်အချိန် ကျောင်းလွှတ်ပွဲခေါ်သော မဟာဒါန ရေစက်သွန်ချ ပွဲသဘင်ကြီးကို ဆင်ယင်ကျင်းပကြပါကုန်၏ဘုရား။ သံဃာတော် အရှင်မြတ်တို့ဘုရား၊ ဆိုခဲ့ပြီးသော အတိုင်း မင်္ဂလာ အုတ်တိုက် ကျောင်းတော်ကြီး၏ အထက်ပိုင်းကို ဘိက္ခုသံဃ ရဟန်းမြတ်အပေါင်း သံဃာတော်အား ရေစက်သွန်ချ၍ ရိုသေစွာ လှူဒါန်းကြပါကုန်၏ဘုရား။

အုတ်တိုက် ကျောင်းတော်ကြီး၏ အောက်အဖို့ကို ရှည်သော သက်တော်ရှိသော အရှင်သာမိန ဆရာတော်အား အလိုရှိတိုင်း ချမ်းချမ်း သာသာ နေထိုင် သုံးဆောင် ဘို့ရာ ရိုသေလေးမြတ် သဒ္ဓါဇောပြတ် သောမနသ်ဖြင့် လှူဒါန်းပါကုန်၏ အရှင်ဘုရား။

အရပ်ရပ်သော ဤ ကုသိုလ် ကောင်းမှုတို့ကြောင့် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလျက် မဂ်ဉာဏ် ဖိုဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို လျှင်မြန်စွာ ရလိုပါကုန်၏ အရှင်ဘုရား၊ တပည့်တော်တို့၏ ကုသိုလ်အပေါင်း ကောင်းမှုအဘို့ကို ဆရာ မိဘ အာဒိဇ၍ ကြားကြားသမျှ အားလုံး တို့သည် အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော၊ ( သာဓု ၃ ) အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော၊ (သာဓု ၃ )အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော၊ (သာဓု သာဓု သာဓုပါဘုရား)။

ရေစက်ချ ပူဇော်ပွဲ အခန်းအနားကြီးကို မေတ္တာပွား ပြီး သိမ်းကြရအောင် အားလုံး လိုက်ဆိုကြပါ....

(၁) သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု–
**အား**လုံး သတ္တဝါတွေ တွင်းပြင်နှစ်တန် **ဘေး**ရန်ကင်းကြပါစေ။

(၂) သဗ္ဗေ သတ္တာ အဗျာပဇ္ဈာ ဟောန္တု–
အားလုံး သတ္တဝါတွေ စိုးရိမ်ဝမ်းနည်း စိတ်ဆင်းရဲကင်းကြပါစေ။

(၃) သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု–
အားလုံး သတ္တဝါတွေ နာကျင်လွန်ကဲ စိတ်ဆင်းရဲကင်းကြပါစေ။

(၄) သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု–
အားလုံးသတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

**သရက် အောင်မင်္ဂလာ- အရှင်စန္ဒဝရ**
**(လှိုင်မဟာစည် ဆရာတော်)**

# ပေးလှူတတ်လျှင် နိဗ္ဗာန်ဝင် တရားတော်၌
## ပြင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၅ | ၁၂ | နွှဲ့နှောင်း | နွှဲ့နောင်း |
| ၅ | ၁၅ | နှလုံး | နှစ်လုံး |
| ၁၆ | ၁၃ | ကျင့်ကြံသူများ | ကျင့်ကြံသူများ |
| ၁၇ | ၂၂ | အသီးသီး | အသီးအသီး |
| ၁၈ | ၁၇ | ပုညခေတ္တံ | ပုညက္ခေတ္တံ |
| ၂၀ | ၁၇ | ပုညခေတ္တံ | ပုညက္ခေတ္တံ |
| ၂၈ | ၁၀ | ငါရပ် | ငါးရပ် |
| ၂၈ | ၁၆ | စိုးဝိမ် | စိုးရိမ် |
| ၂၈ | ၂၀ | ပတ္တိဟူ | ပတ္တိတည်းဟူ |
| ၂၉ | ၁၂ | ထေရှင် | ထေရ်ရှင် |
| ၂၉ | ၁၃ | သံစု | သံစုံ |
| ၃၀ | ၆ | တရားဓမ္မ | တရားဓမ္မာ |
| ၃၀ | ၇ | တော်ရှင် | တော်ရင် |
| ၃၀ | ၂၂ | ကမ္ဘာသူအားလုံး | ကမ္ဘာသူ ကမ္ဘာသား အားလုံး |
| ၃၄ | ၄ | ဒ္ဒါနဉ္စ | ဒါနဉ္စ |
| ၃၉ | ၁၂ | တိုက်ကြီး၏ အရှင် | တိုက်ကြီး၏အရှင် နာယက |
| ၄၃ | ၇/၈ | အထောက်အပံ့ | အထောက်အပင့် အပံ့အပိုး |

| စာမျက်နှာ | ကြောင်းရေ | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၄၈ | ၉ | ထို ဣန္ဒကဟာ | ကိုဣန္ဒကဟာ |
| ၆၀ | ၈ | ထီးဘုရား | ထီးဘုရွး |
| ၆၀ | ၁၅ | ထီးဘုရား | ထီးဘုရွး |
| ၆၂ | ၄/၅ အကြားဖြည့် | | ကာလဒါနငါးမျိုးပြ၊ ဗုဒ္ဓမိ တော်မူ။ |
| ၆၉ | ၁၉ | အတိတ်ကကုသိုလ် | အတိတ် အကုသိုလ် |
| ၇၇ | ၂၅ | သီလကိုပဲ | သီဟ လိုပဲ |
| ၈၆ | ၁၄ | သူငယ် လို | သူငယ်ချင်းလို |
| ၉၂ | ၁၀ | ပုညာ | ပုည |
| ၉၄ | ၇ | သာသနာတော်မှာ မြတ်စွာတုရားရဲ့ | မြတ်စွာဘုရားရဲ့ သာသနာတော်မှ |
| ၉၈ | ၁၂ | အစာမခံ | အဆာမခံ |
| ၁၂၂ | ၂ | မဍ္ဎပိဋ္ဌ | မဍ္ဎပိဍ္ဎ |
| | ၁၆ | ကာသိကဝတ္တံ | ကာသိကဝတ္ထံ |

ခရီးသွား ဧည့်သည် လူနာများနှင့်၊ တော်မွတ်သူအားပေးဝေလှူ
အစဉ်းစွာ ကိုယ့်လုပ်အားမှ၊ ရဥစ္စာများ ပေးဝေလှူ။
ဖြစ်လေရာတွင် ငယ်စဉ်ကစ၊ ဥစ္စာကြွယ်ဝ သူမတူ။
လိုသောအခါ လိုရာရာ၊ ရောက်လာရသည် ဟူ။
ကာလ ဒါန ငါးမျိုးပြ၊ ဗုဒ္ဓ မိန့်တော်မူ။
ကျမ်းဂန်လှ အင်္ဂုတ္တရ ပဥ္စက တိကျစွဲမှတ်ယူ။